ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ (ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့။ Tuesday, 18 October 2022 ၁၀၈၉၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ဘားအံမြို့ရှိ ဖွဲ့ကပင်အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုနှင့် ဘားအံမြို့နှင့် မော်လမြိုင်မြို့တို့ရှိ တပ်မတော်ဆေးရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘားအံမြို့ရှိ ဖွဲ့ကပင်အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့တွင် ခရီးစဉ်၌ လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဖွဲ့ကပင်အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အားကစားကွင်းရှင်းလင်းဆောင်၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးစိုးလွင်တို့က ဖွဲ့ကပင်အားကစားကွင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အားကစားကွင်းသည် ပြည်နယ်အဆင့်နှင့် လျော်ညီရမည်ဖြစ်ပြီး နောင်တွင် တိုးတက်လာမည့် လူဦးရေတို့ကိုပါ စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

### ယနေ့ ဖတ်စရာ

**ရုပ်သေးသမားနှင့် ဇာတ်သမား ပြန်လျှင် အဟုတ်ရှေးစကားနှင့် မှတ်သားစရာများ ကျန်ရမည်**

ဆောင်းပါး စာမျက်နှာ » ၆

**မွေးရာပါအူများ ဝမ်းဗိုက်အပြင်သို့ ရောက်ရှိနေသည့် ကလေးငယ်ကို စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ အောင်မြင်စွာ ခွဲစိတ်ကုသမှုဆောင်ရွက်ပေးခဲ့**

စာမျက်နှာ » ၈



**ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်းဖြင့် နိုင်ငံတကာသို့ ပို့ကုန်များ တိုးတက်တင်ပို့လျက်ရှိ**

စာမျက်နှာ » ၁၀

# ကြေးမုံ

## ကျေးလက်ဒေသပြောင်းလဲဖွံ့ဖြိုးရေး

မြန်မာနိုင်ငံ၏ တည်နေရာအကျယ်အဝန်းအရ ကျေးလက်ဒေသများသည် အကျယ်ပြန့်ဆုံးဖြစ်သလို နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်များတွင် နေထိုင်လျက်ရှိသည်။ ထို့ကြောင့် ခေတ်အဆက်ဆက် အစိုးရများလက်ထက်မှ ယနေ့ထက်တိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်ခဲ့ကြသည်။ ယခင်က ဖွံ့ဖြိုးမှုနိမ့်ကျခဲ့သော ကျေးလက်ဒေသများသည် ယခုအခါ သိသာစွာဖွံ့ဖြိုးတိုးတက်လာသော်လည်း ဖွံ့ဖြိုးမှုနိမ့်ကျသော အချို့ကျေးလက်များလည်းရှိနေသေးသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်ပြီး ပြည်သူများအတွက် စားနပ်ရိက္ခာဖူလုံရေးနှင့် အလုပ်အကိုင်စီးပွားတိုးတက်ရေးသာမက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို စိုက်ပျိုးရေးလုပ်ငန်းမှ အဓိကအထောက်အကူပြုလျက်ရှိသည်။ ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက "နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပြည်နယ်များနှင့် အခြားဖွံ့ဖြိုးမှု နောက်ကျနေသေးသည့်ဒေသများ တစ်ပြိုင်တည်းဖွံ့ဖြိုးလာစေရန် ကျေးလက်ဒေသပြောင်းလဲဖွံ့ဖြိုးရေးကို ဦးတည်ဆောက်ရွက်ပေးကြရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ကျေးလက်ဒေသများသည် စိုက်ပျိုးရေးကိုအခြေခံပြီး နိုင်ငံအတွက် အဓိကကျသည်မှန်သော်လည်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုတွင် အကြောင်းအမျိုးမျိုးဖြင့် အခက်အခဲများဖြစ်ပေါ်ခဲ့၍ အချို့ဒေသများတွင် ကျေးလက်များကို စွန့်ခွာ၍ ပြောင်းလဲလုပ်ကိုင်လာမှုများရှိလာသည်။ လူတို့သဘာဝအရ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းနေထိုင်လေ့ရှိရာ ကျေးလက်မှ မြို့ပြများသို့ ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်မှုများ တစ်စတစ်စများပြားလာသည်ကို တွေ့ရမည်ဖြစ်သည်။ အမှန်တကယ်တွင် ကျေးလက်ဒေသများ ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာပါက ရွှေ့ပြောင်းအခြေချမှုလျော့နည်းပြီး ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံ့စီးပွားရေးလည်းမြင့်မားတိုးတက်လာမည်ဖြစ်သည်။

ကျေးလက်ဒေသ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာတွင် စိုက်ပျိုးထုတ်လုပ်မှု စွမ်းအားမြင့်မားခြင်း၊ စီးပွားရေးလုပ်ငန်းများဖြစ်ထွန်းခြင်း၊ ဈေးကွက်ဝင်ထုတ်ကုန်များ ပိုလျှံစွာထွက်ရှိခြင်း၊ ကွဲပြားခြားနားသည့် ထုတ်လုပ်မှုပုံစံနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများစွာပေါ်ထွန်းလာခြင်း စသည်တို့ဖြစ်ပေါ်လာရမည်ဖြစ်သည်။ ထို့အပြင် ဒေသအလိုက်သင့်လျော်သည့် လယ်ယာပြင်ပလုပ်ငန်းများ၊ စွန့်ဦးတီထွင်မှု အခွင့်အလမ်းများ၊ ဒေသဖွံ့ဖြိုးမှုနှင့်သက်ဆိုင်သည့် မူဝါဒများတွင် ပါဝင်နိုင်စွမ်း မြင့်မားလာရမည်ဖြစ်သည်။ ကျေးလက်ဒေသပြည်သူများသည် အဆိုပါအခွင့်အလမ်းများနှင့် အကျိုးစီးပွားများကို ရရှိမည်ဖြစ်သကဲ့သို့ ကျေးလက်ဒေသစီးပွားရေးနှင့်ဖွံ့ဖြိုးမှုကျယ်ပြန့်လာပြီး ရေရှည်ဖွံ့ဖြိုးသောကျေးလက်ဒေသများဖြစ်လာမည်။

ကျေးလက်ဒေသများ ပြောင်းလဲဖွံ့ဖြိုးခြင်းဖြင့် မြေယာပိုင်ဆိုင်မှု၊ နည်းပညာအသုံးပြုမှု၊ ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်နိုင်မှု၊ မြို့ပြရောက်လုပ်သားများ မိမိတို့နေရင်းဒေသများသို့ ပြန်လည်ပြောင်းရွှေ့လာပြီး ကျေးလက်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် လူမှုစီးပွားနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ပြီးပြည့်စုံမှုတို့ ရရှိလာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သောက်သုံးရေနှင့်လျှပ်စစ်ဓာတ်အားရရှိရေးကို ဆောင်ရွက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အရင်းမပျောက် မတည်ငွေများထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ပေးခြင်း၊ ကျေးလက်သန့်ရှင်းရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမှ ကာကွယ်ရေးကို သက်ဆိုင်ရာဌာနများက ဆောင်ရွက်ပေးခြင်း၊ တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများကို နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်ရရှိရေးတို့ပါ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရန်၊ ငွေကြေးမတည်ငြိမ်မှုကြောင့် ရိုက်ခတ်လျက်ရှိသည့် အကျိုးဆက်များမှ ကာကွယ်နိုင်ရန်၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဈေးကွက်လိုအပ်ချက်နှင့် ပြည်တွင်းကုန်ထုတ်လုပ်မှု ဟန်ချက်ညီစေရန်၊ ပြည်နယ်နှင့် အခြားဖွံ့ဖြိုးမှုနောက်ကျနေသေးသောဒေသများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးပြီး မြို့ပြနှင့်ကျေးလက်ကွာဟမှုကို လျှော့ချပေးနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအဖြစ် ငွေကျပ် ဘီလီယံ ၄၀၀ ထူထောင်ပြီး အကျိုးတူလယ်ယာစနစ်ကို တိုင်းဒေသကြီးများနှင့် မြစိမ်းရောင်စိုက်ပျိုးမွေးမြူရေးစီမံကိန်းများအား ဒေသအလိုက်ဆောင်ရွက်ပေးနိုင်ရန် စီမံဆောင်ရွက်နေပြီဖြစ်သည်။

သို့ဖြစ်ရာ ကျေးလက်ဒေသများ ပြောင်းလဲဖွံ့ဖြိုးတိုးတက်မှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာပြီး အားလုံးတန်းတူညီမျှဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ ကျေးလက်ဒေသပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးကို အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## တရားမအထူးအယူခံမှုလေးမှု စီရင်ချက်ချမှတ် ရာဇဝတ်အထူးအယူခံမှုလေးမှု ရုံးထိုင်ကြားနာ

နေပြည်တော် အောက်တိုဘာ ၁၇

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးအောင်ဇော်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဦးသိန်းကိုကိုတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု အမှတ်၊ ၃/၂၀၂၁ (မကွေး)၊ ၁၅ / ၂၀၂၁ ( ရန်ကုန် )၊ ၄၁ / ၂၀၂၀ (မွန်)၊ ၂၁/၂၀၂၂ (ရန်ကုန်) စုစုပေါင်းတရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၃/၂၀၂၂ (ဧရာဝတီ)၊ ၄/၂၀၂၂ (ရန်ကုန်)၊ ၅/၂၀၂၂(ရန်ကုန်)၊ ၆/၂၀၂၂ (ရန်ကုန်) စုစုပေါင်းရာဇဝတ်အထူးအယူခံမှု လေးမှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၇

ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၇ - ၁၀ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၄၀၀ | ၉,၄၀၀ | ၈၅ | ၇၉၉,၀၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၇,၀၀၃ | ၂၄,၅၀၀,၃၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၅၅ | ၄၂၉,၀၀၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၁ | ၂၁,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၂,၇၅၀ | ၂,၇၅၀ | ၁၄၅ | ၃၉၁,၅၅၀ |
| AMATA | ၅,၀၀၀ | ၅,၁၀၀ | ၁၀၆ | ၅၄၀,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၁၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၀၄၈.၁ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၉၁.၅၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၄.၉၂၃ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၄၅.၂၅ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၉၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၁၂.၀ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၇၂.၂ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၁၂.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၆.၁၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များအား ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားစဉ်။

# ဒေသတွင်းမှ ထွက်ရှိလာသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုကို ပိုမိုခိုင်မာစေမည်

**နေပြည်တော် အောက်တိုဘာ ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးအောင်နိုင်ဦးနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဘားအံမြို့ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

### စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြည်နယ်အတွင်းရှိ စက်မှုဇုန်များနှင့် စက်မှုဇုန်အတွင်းရှိ စက်မှုလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေနှင့် နည်းပညာ ထောက်ပံ့ပေးထားမှု၊ ဒေသတွင်း အောင်မြင်ပြီး အလားအလာရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကရင်ပြည်နယ်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်ဌေး၊ ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစောစေးထူး၊ ပြည်နယ်မွေးမြူရေးလုပ်ငန်း၊ ဆန်စက်လုပ်ငန်း၊ ဆီစက်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်းတို့မှ ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသူများက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ကူညီပေးနေမှုများအပေါ် ကျေးဇူးတင်ရှိမှု၊ ဒေသတွင်းရှိ တောင်သူများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များနှင့် လယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရန် လိုအပ်မှု၊ မျိုးကောင်းမျိုးသန့်များ လိုအပ်မှုနှင့် လုပ်ငန်းများတိုးချဲ့နိုင်ရန်အတွက် မြေလိုအပ်ချက်ရှိမှု၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ရော်ဘာစိုက်တောင်သူများအတွက် ဓာတ်မြေဩဇာများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိလိုမှု၊ စိုက်ပျိုးရေးချေးငွေများ ရရှိလိုမှုနှင့် ရော်ဘာနှင့် ပတ်သက်၍ အဆင့်မြင့်နည်းပညာသုံး စက်ရုံများလိုအပ်မှု၊ ဒေသမှ ထွက်ရှိသည့် ပြောင်းများကို

- ❖ **မိမိတို့နိုင်ငံ၏ စီးပွားရေးမူဝါဒသည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပြီး နိုင်ငံတော်က စီးပွားရေးဆိုင်ရာ မူဝါဒများကို ချမှတ်ဆောင်ရွက်ပေးခြင်းဖြစ်**
- ❖ **ဗဟိုမှချုပ်ကိုင်သောစနစ်မဟုတ်သကဲ့သို့ စီမံကိန်းစီးပွားရေးစနစ်မဟုတ်သောကြောင့် အစိုးရအနေဖြင့် မူဝါဒပိုင်းကို ကြပ်မတ်ထိန်းကျောင်းပေးခြင်းဖြစ်သဖြင့် လုပ်ငန်းများအောင်မြင်စေရေးအတွက်ကိုမူ လုပ်ငန်းရှင်များက ကြိုးစားဆောင်ရွက်ရမည်**
- ❖ **စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှုဟူ၍ရှိပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားကောင်းလာမှသာလျှင် စီးပွားရေးဖွံ့ဖြိုးလာမည်၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်နေခြင်းဖြစ်**
- ❖ **ရောင်းဝယ်မှုတွင် ရောင်းလိုအားနှင့် ဝယ်လိုအား မျှတမှုမရှိပါက ကုန်ဈေးနှုန်းများ ကြီးမြင့်လာမည်**

ပြည်ပသို့ လွယ်ကူစွာတင်ပို့နိုင်ရေး သတ်မှတ်ချက်များအား ဖြေလျှော့ပေးစေလိုမှု၊ ကုန်စည်စီးဆင်းမှုများ ပိုမိုလွယ်ကူအဆင်ပြေစေရေးအတွက် ဘားအံမြို့တွင် ကုန်စည်ဒိုင်၊ ပွဲရုံ၊ ကားကြီးကွင်းတို့ကို ဆောင်ရွက်ပေးစေလိုမှု၊ ရေကြီးရေလျှံမှုများ မရှိစေရေးအတွက် သံလွင်မြစ်ကမ်းနံဘေးရှိ ပိတ်ဆို့နေသည့် တူးမြောင်းများကို ပြန်လည်တူးဖော်ပေးစေလိုမှု စသည်တို့နှင့် ပတ်သက်၍ တင်ပြဆွေးနွေးကြသည်။

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ထို့နောက် လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပေးကြပြီး ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးထိခိုက်ခဲ့မှု ဖြစ်စဉ်များအပေါ် လုပ်ငန်းရှင်များအနေဖြင့် သင်ခန်းစာယူဆောင်ရွက်ကြရန်လိုအပ်မှု၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများအပေါ် ကန့်သတ်ချက်များ များစွာဖြေလျှော့ပေးထားမှု၊ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည် ဖြစ်သော်လည်း တရားမဝင်ကုန်သွယ်မှုများ ရှိနေသေးသည်ဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် တရားမဝင်ကုန်သွယ်မှုကို ဝိုင်းဝန်းတိုက်ဖျက်ကြရန်လိုအပ်မှု၊ ကရင်ပြည်နယ်သည် ကော်ဖီသီးနှံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးပြီး ပြည်ပသို့တင်ပို့နိုင်မည့် အခြေအနေကောင်းကို ပိုင်ဆိုင်ထားရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လိုအပ်သည့် နည်းပညာနှင့် အခြားအခက်အခဲများကို ဖြည့်ဆည်းပေးလျက်ရှိမှု၊ ဒေသထွက်ကုန်များကို ကုန်ကြမ်းအတိုင်း ပြည်ပသို့ တင်ပို့ခြင်းထက် ဝင်ငွေပိုမိုရရှိနိုင်မည့် တန်ဖိုးမြင့်ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရေး စက်ကိရိယာများနှင့် နည်းပညာများကို ဖြည့်ဆည်းပေးလျက်ရှိမှု၊ ကျေးရွာနေပြည်သူလူထု ဝင်ငွေတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းများ၊ အစုအဖွဲ့များဖွဲ့၍ လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိမှုနှင့် စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သည့် သွင်းအားစုများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ဆွေးနွေးပြောကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ပြည်နယ်မှ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားသည်။

### နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်ပြီး ပြည်နယ်၏ စီးပွားရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားရန်နှင့် လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခြင်းဖြစ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကရင်ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးပြောကြားရန်နှင့် ဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးမူဝါဒသည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပြီး နိုင်ငံတော်က စီးပွားရေးဆိုင်ရာ မူဝါဒများကို ချမှတ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဗဟိုမှ ချုပ်ကိုင်သောစနစ်မဟုတ်သကဲ့သို့ စီမံကိန်းစီးပွားရေးစနစ်မဟုတ်သောကြောင့် အစိုးရအနေဖြင့် မူဝါဒပိုင်းကို ကြပ်မတ်ထိန်းကျောင်းပေးခြင်းဖြစ်သဖြင့် လုပ်ငန်းများအောင်မြင်စေရေးအတွက်ကိုမူ လုပ်ငန်းရှင်များက ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့သော် နိုင်ငံ့စီးပွားရေးမပြိုလဲရန်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွား မထိခိုက်စေရန် ဝင်ရောက်ထိန်းကျောင်းမှုများကို လုပ်ဆောင်ပေးရကြောင်း။

### ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်

စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှုဟူ၍ရှိပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားကောင်းလာမှသာလျှင် စီးပွားရေးဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရောင်းဝယ်မှုတွင် ရောင်းလိုအားနှင့် ဝယ်လိုအား မျှတမှုမရှိပါက ကုန်ဈေးနှုန်းများကြီးမြင့်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသတွင်းမှ ထွက်ရှိလာသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှုကို **စာမျက်နှာ ၄ သို့ »»»**

»» **စာမျက်နှာ ၃ မှ**
ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းထွက်ရှိမှုကို ခိုင်မာအောင် ဆောင်ရွက်ထားနိုင်မှသာလျှင် ကုန်ချောထုတ်လုပ်မှုသည်လည်း စဉ်ဆက်မပြတ်ရှိမည်ဖြစ်ပြီး ဈေးကွက်ခိုင်မာမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်သည် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များနှင့် မြေပေါ်မြေအောက် သယံဇာတ ကုန်ကြမ်းပစ္စည်းများ ကြွယ်ဝပြီးဖြစ်ကြောင်း၊ တွင်းထွက်ပစ္စည်းများမှ ထုတ်ကုန်များထုတ်လုပ်၍ရပြီး ကရင်ပြည်နယ်အတွင်း ထုံးကျောက်ပေါများစွာ ထွက်ရှိသဖြင့် ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း။

ဆန်ဖူလုံမှုနှင့်ပတ်သက်၍ ကရင်ပြည်နယ်သည် ဆန်ဖူလုံမှု ၈၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ စပါးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း မဖြစ်မနေ ဆောင်ရွက်သင့်ပြီး ဒေသတွင်းဆန်ဖူလုံမှုရှိစေရေးအတွက် တစ်ဧကချင်း အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် လေးချက်ကို လိုအပ်ကြောင်း၊ စိုက်ပျိုးမြေများကို စက်ယန္တရားများဖြင့် ထွန်ယက်စိုက်ပျိုးနိုင်သည့် ခေတ်မီစိုက်ပျိုးမြေဧကကွက်၊ ဟက်တာကွက်များအဖြစ် ပြုပြင်ဖော်ဆောင်ရန်လိုကြောင်း၊ မျိုးအရေအတွက်မျိုးစုံကို အများအပြားစိုက်ပျိုးခြင်းထက် ဒေသတွင်း မျိုးကောင်းစပါးမျိုးများကို များများစိုက်ပျိုးနိုင်ရန်လိုကြောင်း၊ အထွက်နှုန်းများ တိုးတက်ရေးအတွက် စိုက်နည်းစနစ်များ ကောင်းမွန်ရန်လိုအပ်သကဲ့သို့ စိုက်ပျိုးရေနှင့် အောင်ရေများလည်း လုံလောက်စွာရရှိရန်လိုကြောင်း၊ စိုက်ပျိုးတောင်သူများ လိုအပ်လျက်ရှိသည့် ဓာတ်မြေဩဇာများရရှိစေရေး နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ဒေသတွင်းရှိ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကိုလည်း ဇီဝမြေဩဇာများအဖြစ် အသုံးပြု၍ရကြောင်း၊ သစ်စိမ်းမြေဩဇာနှင့် အီးအမ်ဘိုကာရှီများကိုလည်း သဘာဝမြေဩဇာများအဖြစ် အသုံးပြု၍ရကြောင်း၊ စပါးကြိတ်ခွဲထုတ်လုပ်ရာမှ ထွက်ရှိလာသည့် ဆန်ကွဲ၊ ဖွဲ့များကို အသုံးပြု၍လည်း တိရစ္ဆာန်အစာများ ထုတ်လုပ်၍ရနိုင်ကြောင်း၊ ကရင်ပြည်နယ်အတွင်း အရည်အသွေးကောင်းမွန်သည့် ဆန်စက်ရှိရန်လိုအပ်နေသည်ကို တွေ့ရှိရပြီး တန်ဖိုးမြင့်ဆန်ထုတ်ကုန်များ ရရှိစေရေးအတွက် ဒေသတွင်း အရည်အသွေးကောင်းမွန်သည့် ဆန်စက်များရှိရန် လိုကြောင်း၊ ဆန်မှအခြားစားသောက်ကုန်များစွာကိုလည်း ထုတ်လုပ်၍ရသဖြင့် နည်းပညာရယူ၍ ဆန်နှင့်ပတ်သက်သည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်မည်ဆိုပါက များစွာ အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဒေသတွင်းမှထွက်ရှိလာသည့် ပြောင်းထွက်ကုန်များကိုလည်း ကုန်ကြမ်းအဖြစ် ပြည်ပသို့ တင်ပို့ခြင်းထက် ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်ပြီး တင်ပို့မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်သည် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး စက်မှုလုပ်ငန်းများအတွက် အခြေခံကောင်းများရှိပြီးဖြစ်သည့် ဒေသတစ်ခုဖြစ်ပြီး ဒေသတွင်း အုန်းစိုက်ပျိုးမှုများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်၍လည်း အုန်းထွက်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်၍ရနိုင်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ဒေသရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုလေ့လာစဉ်။

ရော်ဘာစိုက်ပျိုးမှုနှင့်ပတ်သက်၍ ကရင်ပြည်နယ်အတွင်း စိုက်ပျိုးဧက နှစ်သိန်းကျော်ခန့်ရှိသည်ကို တွေ့ရှိရကြောင်း၊ ရော်ဘာကိုအခြေခံသည့် ကုန်ချောပစ္စည်းများကို ဒေသတွင်း ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် တိရစ္ဆာန်သားရေများကိုလည်း အကျိုးရှိစွာ အသုံးချရန်လိုကြောင်း၊ ကရင်ပြည်နယ်အတွင်း ရော်ဘာနှင့် တိရစ္ဆာန်သားရေများကို အသုံးပြု၍ လူသုံးဖိနပ်အပါအဝင် အခြားတန်ဖိုးမြင့် ကုန်ချောပစ္စည်းများ ထုတ်လုပ်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ပြင် ကရင်ပြည်နယ်အတွင်း ဝါးများ ပေါများစွာထွက်ရှိသည့်အတွက် ဝါးကိုအသုံးပြု၍ ပျော့ဖတ်၊ စက္ကူများအပါအဝင် အခြား လူသုံးကုန်ပစ္စည်းများစွာကို ထုတ်လုပ်၍ရနိုင်မည်ဖြစ်ပြီး ဝါးကိုအခြေခံသည့် ထုတ်ကုန်များကို ဆောင်ရွက်နိုင်မည်ဆိုပါကလည်း ဒေသအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ဘဲမွေးမြူခြင်းလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်ကြကြောင်း၊ ဘဲကို စနစ်တကျမွေးမြူမည်ဆိုပါက ဘဲကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ အလားတူ ငါးမွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျမွေးမြူကြစေလိုကြောင်း၊ မွေးမြူရေးငါးများကို လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချ၍ရကြောင်း၊ အသားစားနွားနှင့် ဝက်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်သည့် မြေလွတ်မြေရိုင်းများစွာရှိပြီး စနစ်တကျ မွေးမြူမည်ဆိုပါက ကရင်ပြည်နယ်၏ မွေးမြူရေးထုတ်ကုန်တစ်ခုကို ထုတ်လုပ်နိုင်မည်ဖြစ်ကာ ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့်ကုန်ကြမ်းများကို အသုံးပြု၍ MSME လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးလုပ်ငန်းများ များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

သွင်းအားစုနှင့်ပတ်သက်၍ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ စက်မောင်းဆီနှင့် လျှပ်စစ်ဓာတ်အားများလိုအပ်ကြောင်း၊ စက်မောင်းဆီများ လုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စက်မောင်းဆီများ ချွေတာနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားကို အသုံးပြု၍ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုနိုင်ရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာထုတ်လုပ်နိုင်ပါက သယ်ယူပို့ဆောင်ရေးတွင်သာမက စက်မှုလုပ်ငန်းများလည်း များစွာတိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်စိုက်ပျိုးရေများ ရရှိရေးဆောင်ရွက်ရာတွင် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်၍ရကြောင်း၊ အလားတူဒေသတွင်းရှိပြီးဖြစ်သည့် ရေအရင်းအမြစ်များကို အသုံးချ၍ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း။

ရင်းနှီးမြှုပ်နှံငွေနှင့်ပတ်သက်၍ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်မှ ချေးငွေများ ထုတ်ပေးခဲ့ပြီး အချို့သောလုပ်ငန်းရှင်များမှာ ပြန်လည်ပေးဆပ်ခြင်းမရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးချေးငွေများနှင့် MSME လုပ်ငန်းများအတွက် ချေးငွေများကို ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ချေးယူထားသည့်ငွေများကို သတ်မှတ်ကာလများအတွင်း နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန်လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဘားအံစက်မှုဇုန်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုဖြစ်သည့် Precision Auto Engineering Co.,Ltd. ၌ မော်တော်ယာဉ်များတပ်ဆင်ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာစဉ်။

## လူသားအရင်းအမြစ်ပေါကြွယ်ဝရေး အလေးပေးဆောင်ရွက်

လုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိစေရေးအတွက် အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးအားနည်းမှုများရှိသဖြင့် ကျွမ်းကျင်လုပ်သားများ နည်းပါးသည်ကို တွေ့ရှိရနိုင်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နည်းပညာဆိုင်ရာများနှင့်ပတ်သက်၍ **စာမျက်နှာ ၅ သို့** »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း ရှင်းလင်းဆောင်၌ အားကစားကွင်းအဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

☆ ရှေ့ဖုံးမှ

ထည့်သွင်းတွက်ချက်၍ ဝင်ဆံ့မှုကို ရေရှည်မြော်တွေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားကွင်းအနီး၌ ပြည်နယ်အဆင့်နှင့်လျော်ညီသည့် မိုးလုံလေလုံ အားကစားရုံအသစ်တစ်ခု ဆောက်လုပ်နိုင်ရေး၊ ဒိုင်ဗင်စင်ပါ အဆင့်မီရေကူးကန်တည်ဆောက်ရေး လျာထားတင်ပြရန်နှင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အားကစားနည်းမျိုးစုံကို အဆင့်မီစွာ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေး ပြည်နယ် Sport Complex တစ်ခုကို ဖော်ဆောင်ပေးရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အားကစားကွင်းအဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

**ထောက်ပံ့ပေးအပ်**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ရှိ တပ်မတော်ဆေးရုံသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်လမြိုင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘားအံမြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားစဉ်။

»» **စာမျက်နှာ ၄ မှ**

အထက်တန်းကျောင်းများတွင် သင်ကြားပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဘားအံမြို့၌ စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံတို့ကိုလည်း ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက် ရှိကြောင်း၊ ပညာတတ်များ ပေါ်ကြွယ်ဝမှသာလျှင် လူသားအရင်းအမြစ်များ ပေါ်များလာမည်ဖြစ်သဖြင့် ကရင်ပြည်နယ်အတွင်း၌လည်း ပညာတတ်များ ပေါ်များစေရေး ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျောင်းသားကျောင်းသူများ ပညာရည်မြင့်မားစေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပြီး မိမိတို့ဒေသအတွင်း လူသားအရင်းအမြစ်များ ပေါ်များလာစေရေးအတွက်လည်း ဒေသခံများက ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း။

**အိမ်သာလျှင် ဧည့်လာမည်**

ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ ကရင်ပြည်နယ်သည် သဘာဝအလှအပများ များစွာရှိသည့် ပြည်နယ်တစ်ခုဖြစ်ပြီး အဆိုပါအခြေခံကောင်းများကို အသုံးချ၍ ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်၍ရကြောင်း၊ အိမ်သာလျှင် ဧည့်လာမည်ဖြစ်သဖြင့် ဒေသအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် သာယာလှပသော ပတ်ဝန်းကျင်ကောင်းများရှိစေရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံစိတ်ချရသည့် ပြည်နယ်တစ်ခုဖြစ်စေရေးကို ဒေသခံများ၊ ဒေသတွင် လာရောက်အမှုထမ်းနေကြသည့် နိုင်ငံ့ဝန်ထမ်းများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသမှထွက်ရှိသည့် ရိုးရာအစားအစာများကိုလည်း သန့်ရှင်းသပ်ရပ်စွာဖြင့် ဖွယ်ဖွယ်ရာရာပြုလုပ်၍ ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်း ခရီးသွားကဏ္ဍ တိုးတက်စေရေးအတွက် နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိပြီး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

လုပ်ငန်းများအားလုံး မိမိတို့၏ လုပ်ငန်းတစ်ခုချင်းစီအလိုက် စည်းကမ်းစနစ်တကျဖြင့် အားထည့်၍ ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများအောင်မြင်မည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်း ရှိပြီးဖြစ်သည့် အခြေခံကောင်းများကိုအသုံးချ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်မည်ဆိုပါက ကရင်ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများတိုးတက်လာပြီး ဒေသခံများ၏ လူမှုစီးပွားဘဝသည်လည်း ပြောင်းလဲလာမည်ဖြစ်ကာ ဒေသသည်လည်း အချိန်တိုအတွင်း တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ဘားအံမြို့ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ဒေသရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘားအံစက်မှုဇုန်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုဖြစ်သည့် Precision Auto Engineer-ing Co.,Ltd. သို့ ရောက်ရှိကြရာ ကုမ္ပဏီမှ စီမံရေးရာမန်နေဂျာဖြစ်သူ ဦးမျိုးသီဟနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ရှင်းလင်းဆောင်တွင် Precision Auto Engineering Co.,Ltd. အနေဖြင့် မြန်မာနိုင်ငံရှိ ဒေသအားလုံးသို့ Bajaj အမှတ်တံဆိပ် သုံးဘီးမော်တော်ယာဉ်များအား ရောင်းချပေးလျက်ရှိမှု၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုနှင့် ပရဟိတလူထုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီအတွင်း သုံးဘီးမော်တော်ယာဉ်များ၊ မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှုအခြေအနေများကို လိုက်လံလေ့လာခဲ့ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုပ်သေးသမားနှင့် ဇာတ်သမားပြန်လျှင် အဟုတ်ရှေးစကားနှင့် မှတ်သားစရာများကျန်ရမည်

**ဦးရဲဒွေး(အမြင့်သဘင်)**

မြန်မာနိုင်ငံ၌ ပျူခေတ်ကပင် အနုသုခုမသဘင်ဂီတ အနုပညာရပ်များ ထွန်းကားခဲ့လေသည်။ ခရစ်နှစ် ၈၀၂ တွင် ပျူသရေခေတ္တရာမှ ပျူယဉ်ကျေးမှုအဖွဲ့ကို တရုတ်ပြည်သို့စေလွှတ်လိုက်ရာတွင် တရုတ်ကေရာဇ်တဲကျန်း ရှေးမြန်မာများဖြစ်ကြသော ပျူတို့၏ ဂီတအလှများတွင် ရက်ပေါင်းများစွာ နစ်မွန်းနေသဖြင့် တရုတ်ကဗျာ စာရေးဆရာကြီးတစ်ဦးက တရုတ်ပြည်သူတို့၏ အကျိုးကို မမေ့လျော့ရန် ကဗျာတစ်ပုဒ်ဖြင့် သတိပေးမှု ပြုခဲ့ရသည်။

ပုဂံခေတ်တွင် အိန္ဒိယ၊ သီရိလင်္ကာ (သီဟိုဠ်)၊ ပျူ မွန်၊ ဗမာ လူမျိုးတို့၏ အဆို၊ အတီး၊ အက အနုပညာရှင်များနှင့် အနုပညာရပ်များပေါင်းစုံ တိုးတက်မြင့်မားခဲ့သည်။ ပုဂံခေတ်ခန့်မှစတင်၍ မြန်မာတိုင်းရင်းသားလူမျိုးတို့၏ ယဉ်ကျေးမှုအနုပညာနှင့် အတတ်ပညာရပ်များလည်း ဆက်နွယ်ပေါင်းစည်းခဲ့လေသည်။

### ရုပ်သေးရုပ်ကြီးသဘင်များ

အင်းဝခေတ်သည် ပုဂံခေတ်၌ စတင်ဖြစ်ထွန်းခဲ့သော မြန်မာစာပေ၏ “ပထမ ရွှေခေတ်” ဖြစ်ပေသည်။ ယနေ့ မဟာဂီတပင် ကြိုးသီချင်းကြီးများ ပတ်ဆိုင်း (ဆိုင်းဝိုင်းကြီး) နှင့် ရုပ်သေးရုပ်ကြီးသဘင်များ ပေါ်ထွန်းခဲ့သည်။ ရှင်မဟာရဋ္ဌသာရဖွဲ့သီတော်မူသော “သံဝရပျို့” တွင် “ရုပ်ကြီးရုပ်ငယ် မီးဝယ်ကြည့်ပွဲ” ဟု ဖော်ပြပါရှိလေရာ ရုပ်သေးသာမက ရုပ်ကြီးလည်း ထွန်းကားခဲ့သည်။ ညောင်ရမ်းခေတ်၌ ဦးကုလားရေးသားသော “မဟာရာဇဝင်ကြီး”တွင် နိုင်ငံခြားသံတမန်များအား ဧည့်ခံဖျော်ဖြေပွဲတွင် “အရုပ်ကြီးအရုပ်ငယ် သဘင်စုံခံရသည်” ဟူသော သမိုင်းမှတ်တမ်းက အင်းဝခေတ်တွင် ရုပ်ကြီးဖြစ်တည်ပြီးဖြစ်ကြောင်း ဖော်ညွှန်းနေခြင်းဖြစ်သည်။

အင်းဝခေတ်တွင်ပင် ဇာတ်(ပြဇာတ်) ပညာ(Drama) လည်း ရုပ်စုံသဘင်ဖြင့် ပေါ်ထွန်းခဲ့သည်ဟု မှန်းဆဖွယ်ဖြစ်သည်။ ပုဏ္ဏားရုပ်ကြီးက ပရိသတ်နှင့် စကားပြောပုံဟန် “တံတားဦးတည် မင်္ဂလာစေတီမော်ကွန်း” လင်္ကာတွင် ဖော်ပြပါရှိရာ ထိုခေတ်၌ ဇာတ်လမ်းဇာတ်ကွက်ဇာတ်ရုပ် ဇာတ်ကောင်များဖြင့် ဇာတ်၊ပြဇာတ်ပညာ ဖြစ်ထွန်းခဲ့သည်ဟု မှန်းဆဖွယ်ဖြစ်ပြန်သည်။



အကပြိုင်ပွဲ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ရုပ်စုံအမြင့်သဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။

### ဇာတ်ငါးဇာတ်

ညောင်ရမ်းမင်းက ညောင်ရမ်းခေတ်ကို တည်ထောင်ပြီးနောက် ငါးနှစ်မျှအကြာတွင် ဘုရင့်သမီးတော် ပန်ထွာမင်းသမီး၏ ဆံထုံးထုံး နားထွင်းမင်္ဂလာပွဲသဘင်တွင် ဝိဓုရဇာတ်၊ မနော်ဇာတ်၊ ကိန္နရာဇာတ်၊ ကုမ္မာဘယဇာတ်၊ အန္တရဒေဝီဇာတ်များ ကပြခဲ့သည်ဟူသော သမိုင်းမှတ်တမ်းအရ လည်းကောင်း၊ ညောင်ရမ်းခေတ်တည်ထောင်ပြီးနောက် ဇာတ်ငါးဇာတ်ကပြခဲ့သော သမိုင်းအထောက်အထားအရ လည်းကောင်း၊ မည်သည့် အနုပညာရပ်မဆို ပြောင်းလဲတိုးတက်ရန်မှာ ကာလရှည်ကြာမည် ဖြစ်၍လည်းကောင်း၊ ပြဇာတ်(ဇာတ်) ပညာသည် ညောင်ရမ်းခေတ်ထက် အဆောအလျင်ကျသော တောင်ငူ (ဟံသာဝတီ) ခေတ် သို့မဟုတ် အင်းဝခေတ်တွင် ဖြစ်ထွန်းခဲ့သည်ဟုလည်း မှန်းဆဖွယ် ဖြစ်ပေသည်။

### ဇာတ်နှင့် ပြဇာတ်တို့၏ တင်ဆက်ကပြမှု

ကုန်းဘောင်ခေတ်တွင်ကား ယဉ်ကျေးမှုအနုပညာ ပန်းဥယျာဉ်ကြီးအတွင်းဝယ် စာပေ၊ အဆိုသဘင်၊ အတီးသဘင်၊ အကသဘင်၊ အမြင့်(ရုပ်စုံ)သဘင်များ၊ အနိမ့်(ဇာတ်)သဘင်၊ အငြိမ့်သဘင်၊ ယိုးဒယားသီချင်း၊ ယိုးဒယားဇာတ်တော်ကြီးများ ဟူသော အဖူးအပွင့်၊ အခက်အလက်တို့သည် ဝေဆာမြိုင်ဆိုင်စွာ လန်းပွင့် ဆန်းတင့်ခဲ့ကြလေသည်။ ထိုခေတ်တွင်ပင် မြန်မာ့ဇာတ်သဘင်သည် ထိုင်းနိုင်ငံမှ အိန္ဒိယနွယ်သော ရာမာယဏဇာတ်တော်ကြီးနှင့် ဂျာဗား(အင်ဒိုနီးရှား) နွယ်သော အီနောင်(ပန်ဂျီး)ဇာတ်တော်ကြီးများကို ခံ့ညားထည်ဝါစွာ ကပြလာခဲ့သည်။ ဇာတ်ခုံပညာလည်း တီထွင်ပေါ်ပေါက်ခဲ့သည်။ ဦးကြင်ဥနှင့် ဦးပုညတို့က ပြဇာတ်များကို ရေးသားတင်ဆက်ခဲ့သည်။ မင်းတုန်းမင်းလက်ထက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော “ရွှေရိုး” ကလောင်အမည်ခံ အင်္ဂလိပ်လူမျိုး ဂျော့စကော့(George Scott)က ရဟန်းပညာရှိ၊ လူပညာရှိများထံ ချဉ်းကပ်သုတေသနပြု၍ ရေးသားသော “ မြန်မာ၊ သူ့ဘဝ သူ့အတွေး” (The Burman: His Life and Notions)စာအုပ်တွင် “ဇာတ်” မှာ ဘုရားဟော ဗုဒ္ဓဝင်၊ နိပါတ်ဝင်၊ မဟာဝင်များအပေါ် အခြေခံထားသော ဇာတ်ထုပ် ဇာတ်လမ်းများကို ဆိုလို၍ “ပြဇာတ်”မှာ ထိုဇာတ်များအပြင် ထိုးဇာတ် လုပ်ဇာတ်များ အဓိကထားကာ တင်ဆက်ကပြမှုကို ဆိုလိုခြင်းဖြစ်ကြောင်း ရေးသားဖော်ပြထားပေသည်။ သို့သော် ဇာတ်နှင့် ပြဇာတ်တို့၏ တင်ဆက်ကပြမှု (Presentation and Performance)မှာ ကွာခြားမှုမရှိပေဟုလည်း ရေးသားဖော်ပြထားသည်။

“ကုန်းဘောင်ခေတ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သဘင်ဆိုင်ရာဝန်ကြီးနှင့် ဝန်ကြီးဌာနကို ခန့်အပ်တည်ထောင်သည့် နိုင်ငံဖြစ်လာသည်” ဟု “အရှေ့တိုင်း ဇာတ်သဘင် (Theatre in the East)” စာအုပ်ရေးသားသော အမေရိကန်လူမျိုး ဖိုဗီယံဘောင်းဝါး (Faubion Bowers)က ဖော်ပြထားလေသည်။ ခရစ်နှစ် ၁၇၇၆ ခုနှစ် စဉ့်ကူးမင်းလက်ထက်တွင် ပထမသဘင်ဝန်မှာ ဦးပိုးဖြူဖြစ်၍ ဒုတိယသဘင်ဝန်မှာ ဦးတုတ်တို့ဖြစ်ကြသည်။ သဘင်ဝန်များက အနိမ့်သဘင်ခေါ် ဇာတ်သဘင်အတွက် စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းခဲ့လေသည်။ ထို့အတူ ဘကြီးတော်မင်းလက်ထက်တွင် သဘင်ဝန်အဖြစ် ခန့်အပ်ခြင်းခံရသူမှာ ဦးသော်ဖြစ်၍ ရုပ်စုံသဘင်အတွက် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ခဲ့သည်။


ဦးရဲဒွေး(အမြင့်သဘင်)

မြန်မာ့ဇာတ်သဘင်နှင့် ရုပ်စုံရုပ်သေးသဘင်များသည် ပြည်သူအပေါင်းအား ဖျော်ဖြေမှုအပြင် လောကီလောကုတ္တရာနှစ်ဖြာသော ပညာဗဟုသုတများ ပေးဝေခဲ့သည့် သဘင်များဖြစ်၍ စာနယ်ဇင်းများ၊ ရေဒီယိုများနှင့် ရုပ်မြင်သံကြားများ သဖွယ် ရုပ်တည်ခဲ့လေသည်။

### မျိုးဆက်သစ် သဘင်ဂီတအနုပညာဝါသနာရှင်နှင့် ပညာရှင်

ယခုအခါ ကျင်းပလျက်ရှိသော (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် အဆိုပညာ၊ အကပညာ၊ အရေးပညာ၊ အတီးပညာ ပြိုင်ပွဲများ ပါဝင်လေသည်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲ ဆောင်ရွက်လျက်ရှိကြသော မျိုးဆက်သစ် သဘင်ဂီတအနုပညာဝါသနာရှင်နှင့် ပညာရှင်တို့က ပါဝင်သီဆိုတီးမှုတ်ကပြ ရေးသားဆောင်ရွက်ကြရင်း သဘင်မှုအနုပညာနယ်ပယ်တွင် “ရုပ်သေးသမားလာတော့ အဟုတ်ရှေးစကား ကျန်ရမည်”နှင့် “ဇာတ်သမားလာတော့ မှတ်သားစရာကျန်ရမည်” ဟူသော ဆောင်ပုဒ်များနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူတို့ကို ကျရာတာဝန်ကျရာကဏ္ဍမှ တတ်အားသမျှ အလုပ်အကျွေးပြုနိုင်ကြပါရန် လေးစားဂုဏ်ယူဝမ်းမြောက်စွာဖြင့် ရေးသားဆန္ဒပြုလိုက်ပါသည်။ ။


“ငါးပါဒအကန္ဒရာ” ဇာတ်တော်ကြီး ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။

> **ကုန်းဘောင်ခေတ်တွင်ကား ယဉ်ကျေးမှုအနုပညာ ပန်းဥယျာဉ်ကြီးအတွင်းဝယ် စာပေ၊ အဆိုသဘင်၊ အတီးသဘင်၊ အကသဘင်၊ အမြင့်(ရုပ်စုံ)သဘင်များ၊ အနိမ့် (ဇာတ်)သဘင်၊ အငြိမ့်သဘင်၊ ယိုးဒယားသီချင်း၊ ယိုးဒယားဇာတ်တော်ကြီးများဟူသော အဖူးအပွင့်၊ အခက်အလက်တို့သည် ဝေဆာမြိုင်ဆိုင်စွာ လန်းပွင့် ဆန်းတင့်ခဲ့ကြလေသည်။ ထိုခေတ်တွင်ပင် မြန်မာ့ဇာတ်သဘင်သည် ထိုင်းနိုင်ငံမှ အိန္ဒိယနွယ်သော ရာမာယဏဇာတ်တော်ကြီးနှင့် ဂျာဗား(အင်ဒိုနီးရှား) နွယ်သော အီနောင်(ပန်ဂျီး)ဇာတ်တော်ကြီးများကို ခံ့ညားထည်ဝါစွာ ကပြလာခဲ့သည်။ ဇာတ်ခုံပညာလည်း တီထွင်ပေါ်ပေါက်ခဲ့**



ရုပ်စုံသဘင် အဖွဲ့လိုက်ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု မိုးပြည့်မြင့်မိုရ်ရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။

## (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်ဦးရေနှင့် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်ရရှိမှုအခြေပြဇယား

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပြိုင်ပွဲဝင်လူဦးရေ | | | ရွှေ | ငွေ | ကြေး | နှစ်သိမ့်ဆု | အထူးဆု | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | | | | | | |
| ၁ | ရန်ကုန် | ၁၃၇ | ၁၀၅ | ၂၄၂ | ၇၈ | ၃၂ | ၁၅ | ၃ | | ၁၂၈ |
| ၂ | မန္တလေး | ၁၂၅ | ၉၅ | ၂၂၀ | ၃၂ | ၂၉ | ၂၀ | ၇ | | ၈၈ |
| ၃ | ဧရာဝတီ | ၉၈ | ၉၅ | ၁၉၃ | ၁၄ | ၁၉ | ၁၆ | ၉ | | ၅၈ |
| ၄ | ပဲခူး | ၉၉ | ၇၈ | ၁၇၇ | ၁၁ | ၁၁ | ၅ | ၅ | ၁ | ၃၃ |
| ၅ | ကရင် | ၄၂ | ၅၇ | ၉၉ | ၁၀ | ၄ | ၅ | ၁ | | ၂၀ |
| ၆ | စစ်ကိုင်း | ၇၄ | ၅၅ | ၁၂၉ | ၈ | ၁၀ | ၁၁ | ၇ | | ၃၆ |
| ၇ | မကွေး | ၉၂ | ၇၄ | ၁၆၆ | ၆ | ၇ | ၄ | ၅ | | ၂၂ |
| ၈ | ချင်း | ၃၂ | ၃၆ | ၆၈ | ၅ | ၆ | ၇ | ၃ | | ၂၁ |
| ၉ | ရခိုင် | ၁၇ | ၄၉ | ၆၆ | ၃ | ၇ | ၈ | ၂ | | ၂၀ |
| ၁၀ | တနင်္သာရီ | ၄၈ | ၆၂ | ၁၁၀ | ၃ | ၈ | ၇ | ၅ | | ၂၃ |
| ၁၁ | ကယား | ၂၅ | ၅၇ | ၈၂ | ၃ | ၁ | ၅ | ၁ | | ၁၀ |
| ၁၂ | မွန် | ၂၈ | ၆၃ | ၉၁ | ၂ | ၄ | ၇ | ၁ | ၁ | ၁၅ |
| ၁၃ | ကချင် | ၃၁ | ၆၃ | ၉၄ | ၂ | ၂ | ၅ | ၂ | | ၁၁ |
| ၁၄ | ရှမ်း | ၃၉ | ၆၂ | ၁၀၁ | ၁ | ၈ | ၅ | ၅ | | ၁၉ |
| | စုစုပေါင်း | ၈၈၇ | ၉၅၁ | ၁၈၃၈ | ၁၇၈ | ၁၄၈ | ၁၂၀ | ၅၆ | ၂ | ၅၀၄ |

မှတ်ချက်။ တိုင်းရင်းသား/ကျေးလက်ရိုးရာအက ဖျော်ဖြေခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၄)ခုအား အထူးဆု(ဒိုင်း) ၁၄ ခု ချီးမြှင့်ပေးအပ်ခဲ့မှုကို အခြေပြဇယားတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၁၇

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ သဒ္ဓမ္မဝေပုလ္လကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဦးဝင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မြစကြာကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ သံဃတက္ကသိုလ်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ရေလယ်ကျောင်းတိုက်နှင့် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်ရှိ စိန်မြဓမ္မသာလာကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ နိဂြောဓာရုံ(ညောင်ပင်သာ)ပရိယတ္တိ စာသင်တိုက်တို့သို့ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိခွယ်ကဘောင် ပညာဥယျာဉ်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ သာသနဝ္ဘဟိတကာရီကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မစိုးရိမ်ပရဟိတကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဆေးတန်းတောင်ကျောင်းတိုက်၊ ရှမ်းပြည်နယ်တောင်ကြီးမြို့နယ်ရှိ လွယ်လုံပညာဗောဓိပရဟိတကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ သာသနာ ၂၅၀၀ ကျောင်းတိုက်တို့သို့ဆန်ကြာဆံတို့ကိုလည်းကောင်း တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




## မော်လမြိုင်ကျွန်းမြို့နယ်၌ နေကြာသီးနှံမျိုးစေ့ ပေးအပ်ပွဲကျင်းပ

မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် စီမံကိန်းသီးနှံ(ဆောင်းနေကြာ) စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် နေကြာသီးနှံစိုက်ကေပြည့်မီရေး တာဝန်ပေးအပ်ပွဲနှင့် အထွက်နှုန်းတိုးတက်ရေး မျိုးစေ့ပေးအပ်ပွဲအခမ်းအနားအား ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်သွင်က ဆောင်းနေကြာစိုက်ပျိုးထုတ်လုပ်မှုအကြောင်း ရှင်းလင်းဆွေးနွေးကာ မြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးအောင်ကိုဦးက ဆောင်းသီးနှံ(နေကြာ) စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးစရိတ်



ချေးငွေထုတ်ပေးခြင်းလုပ်ငန်းများအား အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးမင်းထက်မှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ကျေးရွာအုပ်စု(၁၉)အုပ်စုမှ ဒေသခံတောင်သူများအား ရေဆင်းစပ်မျိုးနေကြာ(၁)နှင့် OPV (ဆင်းရွှေကြာ-၂) တစ်ကေလျှင် ၃ ကီလိုဂရမ်နှုန်းဖြင့် စိုက်ပျိုးဧက ၃၀၀ အတွက် မျိုးစေ့များပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်အောင်(ပြန်/ဆက်)

## အနုအလှ အလင်္ကာ

* အဆိုအကရယ်က
ချိုလှလို့ကြည်သာ၊
အရေးအတီးကလည်း
ရှေးနည်းစံပါ၊
သုခုမ အနုပညာ
အမြင်မှာ နွဲ့နှောင်း။
ကြားရရင် ပီတိစိမ့်
ငြိမ့်ငြိမ့်ညောင်းညောင်း။

* ငြိမ့်ညောင်းတဲ့သံသာ
ထံတျာဂီတတေး။
တို့မြန်မာ ချစ်မြတ်နိုးတဲ့
ရိုးရာကွဲ့လေး။

* ရိုးရာဟန် အမွေအနှစ်ရယ်က
အခြေအမြစ် ခိုင်သန်၊
အရိုးကို အရှက်မဖုံးပါဘု
ကိုယ့်ထုံးကိုယ့်စံ၊
ကိုယ့်ဟန်နဲ့ ကိုယ့်အသံ
ကိုယ့်ဌာန်နဲ့ ကိုယ့်စရိုက်။
အမျိုးဘာသာ ရိုးရာအလိုက်ပေမို့
စည်းကိုက်ဝါးကိုက်။

* စည်းဝါးညီ နရီကိုက်တဲ့
တို့စရိုက် ယဉ်လှပေ၊
နှောင်အရှည် ဂုဏ်ရည်တင့်အောင်လို့
လက်ဆင့်ကမ်းဝေ၊
အနုအလှပါကွဲ့
သုခုမ အစဉ်အလာမသွေ
ပညာအမွေ ဆင့်ပွား။
အနုအယဉ် အစဉ်ခံ့လို့
ရှင်သန့်စေသား။ ။

ရေနံ့သာမောင်ကျော်ညွန့်

# အရိုးရောဂါအထူးကုဆေးရုံကြီး – ရန်ကုန်၌ ငါးထပ်ဆေးရုံအဆောက်အအုံသစ် တည်ဆောက်လျက်ရှိ



နေပြည်တော် အောက်တိုဘာ ၁၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယမန်နေ့ နံနက် ၈ နာရီခွဲတွင် အရိုးရောဂါအထူးကုဆေးရုံကြီး– ရန်ကုန်သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ခံအင်ဂျင်နီယာများက ငါးထပ်ဆေးရုံ အဆောက်အအုံသစ်နှင့် ရှစ်ခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှုကိုလည်းကောင်း၊ ဆေးရုံအုပ်ကြီးက ဆေးရုံလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ ဖြည့်စွက်တင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငါးထပ် အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ နိုင်ငံတကာအဆင့်မီ ခေတ်မီဆေးရုံအဆောက်အအုံဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ကြရန်၊ လူနာများ စိတ်ချမ်းသာစွာ ကုသမှုခံယူနိုင်ရေး ပံ့ပိုးဆောင်ရွက်ရန်၊ ဆေးရုံသုံးပစ္စည်းပြင်ဆင်ထိန်းသိမ်းမှုများ ပုံမှန်ဆောင်ရွက်ထားရှိရန်၊ ဝန်ထမ်းသက်သာချောင်ချိရေး အလေးထားဆောင်ရွက်ပေးရန်နှင့် ဆေးရုံကြီးသာယာလှပစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အရိုးအထူးကုဆေးရုံကြီးရှိ ခါးရိုးခွဲစိတ်ကုသ လူနာဆောင်နှင့် သံလိုက်ဓာတ်မှန်ခန်း(MRI scan Room) တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မွေးရာပါအူများ ဝမ်းဗိုက်အပြင်သို့ ရောက်ရှိနေသည့် ကလေးငယ်ကို စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ အောင်မြင်စွာ ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးခဲ့

နေပြည်တော် အောက်တိုဘာ ၁၇

မွေးရာပါအူများ ဝမ်းဗိုက်အပြင်သို့ ရောက်ရှိနေသည့် (Gastroschisis with preterm low birth weight) အသက် လေးရက်သား မွေးကင်းစ မိန်းကလေး Baby နန်းမွေဖောင်ကို စက်တင်ဘာ ၃၀ ရက်တွင် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ ပါမောက္ခ(ခွဲစိတ်) ဒေါက်တာအောင်ခိုင်ဖေ၊ လက်ထောက်ဆရာဝန် ဒေါက်တာထက်အောင်ကျော်နှင့် ပါမောက္ခ(မေ့ဆေး) ဒေါက်တာဖုန်းမြင့်တို့ ဦးဆောင်သောအဖွဲ့က အူများကို ဝမ်းဗိုက်အတွင်း ပြန်လည်ထည့်သွင်းပေးသည့် ခွဲစိတ်ကုသမှု (Primary Closure)ကို အောင်မြင်စွာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုယ်ဝန် လမစေ့သေးသော်လည်း ရေမွှာပေါက်ခြင်းကြောင့် အဆိုပါကလေးငယ်ကို စက်တင်ဘာ ၂၆ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ် ခိုလမ်ပြည်သူ့ဆေးရုံ(ခုတင်–၁၀၀)၌ အရေးပေါ် ရိုးရိုးမွေးဖွားပေးခဲ့ခြင်းဖြစ်ပြီး မွေးဖွားချိန်တွင် ကလေးငယ်မှာ ကိုယ်အလေးချိန် ၂ ဒသမ ၂ ကီလိုဂရမ် ရှိခဲ့ကြောင်း၊ ယင်းနေ့ ည ၈ နာရီတွင် ခိုလမ်ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာလင်းထင်ကျော်နှင့်အဖွဲ့က ဝမ်းဗိုက်အပြင်ဘက် ရောက်ရှိနေသည့် အူများကို အရေးပေါ် ယာယီကုသမှု ဆောင်ရွက်ပေးခဲ့ကာ စက်တင်ဘာ ၂၇ ရက်တွင် တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးပို့ခဲ့ကြောင်း သိရသည်။

အဆိုပါ ကလေးငယ်၏ ကျန်းမာရေးအခြေအနေကောင်းမွန်ခြင်းကြောင့် အောက်တိုဘာ ၃ ရက်တွင် ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး



မွေးရာပါ အူများ ဝမ်းဗိုက်အပြင်သို့ ရောက်ရှိနေသည့် အသက်လေးရက်သား မွေးကင်းစကလေး မိန်းကလေး Baby နန်းမွေဖောင်ကို မခွဲစိတ်မီတွေ့မြင်ရစဉ်။

အောက်တိုဘာ ၁၁ ရက်တွင် ရက်ချိန်းပြန်လည် ပြသစေခဲ့ရာ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မွေးရာပါ အူများ ဝမ်းဗိုက်အပြင်သို့ ရောက်ရှိခဲ့သည့် အသက်လေးရက်သား မွေးကင်းစကလေး မိန်းကလေး Baby နန်းမွေဖောင်ကို ခွဲစိတ်ကုသမှုခံယူအပြီးတွင် တွေ့မြင်ရစဉ်။

# လှည်းကူး ပညာရေးဒီဂရီကောလိပ်တွင် လူငယ်စကားဝိုင်း ကျင်းပ

လှည်းကူး အောက်တိုဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် လှည်းကူး ပညာရေးဒီဂရီကောလိပ် ပညာအားမာန်ခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်၊ လှည်းကူးပညာရေးဒီဂရီကောလိပ် ပညာရေးဌာနမှ နည်းပြဆရာမ ဒေါ်စုမြတ်အောင်နှင့် ကျောင်းသားကျောင်းသူများက လူငယ်နှင့်အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် အလုပ်အကိုင်၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် နည်းပညာ စသည့်ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးခဲ့ကြကာ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

မြင့်ဦး

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၁၂၃)၏ သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၇

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်)၌ အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ် (၁၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် Online Learning System ဖြင့် ကျင်းပရာ ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး) ဒေါ်မူမူမြင့်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားပြီး ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

## ဖွင့်လှစ်သွားမည်

အရာထမ်းငယ် အခြေခံသင်တန်းအမှတ်စဉ် (၁၂၃) သို့




သင်တန်းသား ၂၀၈ ဦး၊ သင်တန်းသူ ၃၂၃ ဦး စုစုပေါင်း ၅၃၁ ဦး တက်ရောက် လျက်ရှိပြီး အောက်တိုဘာ ၁၇ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ Distance Learning ဖြင့် လည်းကောင်း၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်အထိ In-House Learning ဖြင့် လည်းကောင်း ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ဆိပ်ခံဖောတံတား တည်ဆောက်ပြီးစီးပါက ကုန်းလမ်း၊ ရေလမ်းဖြင့် ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာနိုင်တော့မည်



**ရန်ကုန် အောက်တိုဘာ ၁၇**

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) တွင် အများပြည်သူအားလပ်ရက်များ၌ အပန်းဖြေလာရောက်ရာတွင် ကုန်းလမ်းအပြင် ရေလမ်းဖြင့်လာရောက် လည်ပတ်နိုင်ရန်အတွက် ဆိပ်ခံဖောတံတားတစ်စင်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် Regal Strength Co.,Ltd က ငွေကျပ် ၄၄၉ ဒသမ ၅၀၅ သန်းဖြင့် တင်ဒါအောင်မြင်ကာ တာဝန်ယူတည်ဆောက်ပေးလျက်ရှိသည်။ ထိုဆိပ်ခံဖောတံတားတည်ဆောက်ပြီးစီးပါက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)သို့ ကုန်းလမ်း၊ ရေလမ်းဖြင့် လမ်းနှစ်သွယ်ဝင်ရောက်နိုင်သည့်အတွက် အများပြည်သူခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာနိုင်တော့မည်ဖြစ်သည်။

အဆိုပါ ဆိပ်ခံဖောတံတားတည်ဆောက်ပြီးစီးမှုကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့သည် တာဝန်ရှိသူများနှင့် အတူ ယမန်နေ့မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် တည်ဆောက်သွားရန်၊ ရေထဲတွင် ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည်နှင့်အညီ စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ပြီး ကြံ့ခိုင်မှုရှိစေရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

**ဝန်ထမ်းများနှင့်တွေ့ဆုံ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းများအနေဖြင့် စည်းစည်းလုံးလုံးနှင့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင်လုပ်ဆောင်သွားကြရန်၊ တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်ပွဲများကို အောင်အောင်မြင်မြင် ဖြစ်စေရန်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများက အထွေထွေတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(တောင်ပိုင်း) လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် အောက်တိုဘာ ၁၆ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၌ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်တင်ကိုကို၊ လမ်းဦးစီးဌာန၊ အဆောက်အဦဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ဦးစီးဌာနအလိုက် အရာထမ်း၊ အမှုထမ်းများနှင့်အတူ မိတ်ဆုံစားပွဲပြုလုပ်ပြီး နေ့လယ်စာ အတူစားသုံးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရွှေညောင် - ညောင်ရွှေ - မိုင်းသောက် - နန့်ပန်- တုံဟုန်း - ပင်လောင်းလမ်းပေါ်ရှိ အေးသာယာမြို့တွင်း (AC) ကတ္တရာကွန်ကရစ်လမ်းခင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာ - တောင်ကြီးလမ်း (ဟဲဟိုး - တောင်ကြီးအပိုင်း) မိုင်တိုင် (၁၀၁ / ၃) နှင့် (၁၀၁ / ၆) အကြား အောင်သပြေတိုးဂိတ် ပြောင်းရွှေ့တည်ဆောက်မည့်နေရာကိုလည်းကောင်း၊ မိုင်တိုင် (၆၃/၂) တွင် မြေထိန်းနံရံ တည်ဆောက်နေမှုကိုလည်းကောင်း၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄)က ဆောင်ရွက်နေသည့် ပြည်ညောင်တံတား ၆၀ ဒသမ ၉၆ မီတာ ပေ၂၀၀ စီမံကိန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဘုရားငါးဆူ - ပျော်ဘွယ်လမ်းမှတစ်ဆင့် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီးအတိုင်း လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည် နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီအောက်ရှိ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ၏ (၂/၂၀၂၂) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

**ဖွဲ့စည်းပေးခဲ့ပြီးဖြစ်**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က IDP နှင့် ယာယီတိုက်ပွဲရှောင် စခန်းများနှင့်ပတ်သက်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် စခန်းများနှင့် လူဦးရေစာရင်းများ ရရှိပြီးဖြစ်ကြောင်း၊ IDP စခန်းများ စိစစ်လေ့လာသုံးသပ်၍ အကြံပြုချက်များ ဖော်ထုတ်တင်ပြရေးအဖွဲ့ကို အမျိုးသားကော်မတီက စက်တင်ဘာ ၆ ရက်တွင် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ရာ ယင်းအဖွဲ့က သက်ဆိုင်ရာ နယ်မြေဒေသအလိုက် စုဖွဲ့လေ့လာပြီး တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များ ဖော်ထုတ်တင်ပြမည်ဖြစ်ကြောင်း၊ အဆိုပါ တင်ပြချက်များအပေါ် ပြည်ထောင်စု ဝန်ကြီးဌာနများအနေဖြင့် ဆောင်ရွက်ပေးနိုင်ရန် လုပ်ငန်းကော်မတီသို့ တင်ပြဆွေးနွေးသွားရန် ဖြစ်ပါကြောင်း၊ နေရပ်ပြန်လိုသူများ၏ လိုအပ်ချက်များအနေဖြင့် နေရပ်ပြောင်းရွှေ့မှုဆောင်ရွက်ပေးရေး၊ တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ပေးရေး၊ လမ်းတံတား၊ ရေ၊ မီးကိစ္စရပ်များ ဆောင်ရွက်ပေးရေး၊ သက်မွေးလုပ်ငန်းသင်တန်းများ ပို့ချပေးရေးတို့ အဓိကဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးက ပြည်တွင်း နေရပ်စွန့်ခွာသူများအတွက် ပြန်လည်နေရာချထားရာတွင် ရေရှည်ရပ်တည်နိုင်ရန် အသက်မွေးဝမ်းကျောင်း လုပ်ငန်းသင်တန်းများကို ဌာနများအလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၂-၂၀၂၃ မောင်တောမြို့နယ် ရွာငါးရွာတွင် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် မြေတိုင်းတာခြင်း၊ အကွက်ချခြင်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြေကွက်ချခြင်း၊ စိုက်ပျိုးရေး သင်တန်းများပေးခြင်း၊ တောင်သူပညာပေး သင်တန်းများပေးခြင်း၊ ဌာနပိုင်စက်ကိရိယာများဖြင့် စပါးရိတ်သိမ်းခြွေလှေ့ပေးခြင်း၊ မွေးမြူရေး အသိပညာပေး သင်တန်းများပေးခြင်းတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် နေရပ်ပြန်များ လူနေမှုဘဝ ရေရှည်ရပ်တည်နိုင်ရေးအတွက် အခြားသော ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ပြည်တွင်း နေရပ်စွန့်ခွာသူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ သင်တန်းများတက်ခွင့်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယာယီတိုက်ပွဲရှောင်များအတွက် မိုဘိုင်းဖုန်းပြုပြင်ရေးသင်တန်း၊ ကွန်ပျူတာနှင့် စက်ချုပ်သင်တန်းများ တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်တွင်းနေရပ် စွန့်ခွာသူများအတွက် လိုအပ်သော လုပ်ငန်းများ ဆောင်ရွက်ပေးရန် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လျာထားထည့်သွင်းဆောင်ရွက် မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အစည်းအဝေး တက်ရောက်လာသော ကော်မတီဝင်ဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းကော်မတီနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်းဖြင့် နိုင်ငံတကာသို့ ပို့ကုန်များတိုးတက်တင်ပို့လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၇**

ယခုလမှစ၍ မုတ်သုံရာသီကုန်ဆုံးပြီး ပွင့်လင်းရာသီသို့ စတင်ဝင်ရောက်ပြီ ဖြစ်သဖြင့် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်းဖြင့် နိုင်ငံတကာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ ပုံမှန်အနေအထားသို့ ရောက်ရှိနေပြီး ပို့ကုန်များ တိုးတက်တင်ပို့လျက်ရှိကြောင်း သိရသည်။

**သင်္ဘော ၂၃ စင်း ဆိုက်ကပ်**

ရန်ကုန်ဆိပ်ကမ်း၌ ယနေ့ ဆိုက်ကပ်ထားသည့် သင်္ဘောများမှာ ကုန်သေတ္တာတင် သင်္ဘော နှစ်စင်း၊ အထွေထွေကုန်စည်တင်သင်္ဘော ၁၅ စင်း၊ စက်သုံးဆီသင်္ဘော ငါးစင်းနှင့် စားသုံးဆီသင်္ဘော တစ်စင်း တို့ပါဝင်ပြီး စုစုပေါင်းသင်္ဘော ၂၃ စင်း ဆိုက်ကပ်၍ ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ကုန်သေတ္တာတင်သင်္ဘောများဖြင့် ခတ်မြေသြဇာ အမျိုးမျိုး၊ အထည်အလိပ်၊ ဆေးနှင့် ဆေးပစ္စည်း၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်း၊ စက်နှင့်ဆက်စပ်ပစ္စည်း၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း၊ ကော်ဇေ့ စသည်တို့ တင်သွင်းပြီး ရေထွက်ကုန်၊ ချုပ်ပြီး အဝတ်အထည်၊ ကောက်ပဲသီးနှံထွက်ကုန်၊ သစ်တောထွက်ကုန်နှင့် ရော်ဘာတို့ကို တင်ပို့လျက်ရှိရာ ယခု အောက်တိုဘာလတွင် ဝင်ရောက်ရန် လျာထားသည့် ကုန်သေတ္တာတင် သင်္ဘောများအနက် ယနေ့အထိ သင်္ဘောစင်းရေ ၅၅ ရာခိုင်နှုန်းကျော် ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

**တင်ပို့ရောင်းချ**

မြန်မာ့ပို့ကုန် ဆန်နှင့် လယ်ယာထွက်ကုန် ကောက်ပဲသီးနှံများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် ပမာဏများသော ပို့ကုန်များကို ကုန်သေတ္တာတင် သင်္ဘောများဖြင့်သာမက အထွေထွေ ကုန်စည်တင်သင်္ဘောများဖြင့် သင်္ဘောစင်းလိုက် ငှားရမ်းပို့ဆောင်လျက်ရှိရာ ယနေ့တွင် အရှေ့တောင်အာရှနှင့် ဥရောပသို့ ဆန်တင်သင်္ဘော သုံးစင်း၊ ပြောင်းဆန်တင်သင်္ဘော လေးစင်းအပါအဝင် အထွေထွေကုန်တင်သင်္ဘော ၁၅ စင်းဖြင့် ကုန်ပစ္စည်းများ တင်ဆောင်လျက်ရှိသည်။

ထို့ပြင် ပြည်သူများ သုံးစွဲရန် ခတ်မြေသြဇာများ၊ ဘိလပ်မြေများ၊ စက်ယန္တရားကြီးများ၊ စက်သုံးဆီနှင့် စားသုံးဆီများ တင်ဆောင်လာသော သင်္ဘောများမှာလည်း သီလဝါနှင့် ရန်ကုန်ဆိပ်ကမ်းများတွင် ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှု အနေဖြင့် ပွင့်လင်းရာသီရောက်သည်နှင့် ရေကြောင်းသယ်ယူပို့ဆောင်မှု ကောင်းမွန်လာကာ သင်္ဘောကြီးများ ပိုမိုဝင်ရောက်လာပြီး မြန်မာ့ထွက်ကုန်များကို နိုင်ငံတကာသို့ တိုးတက်ပို့ဆောင်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




ရန်ကုန်ဆိပ်ကမ်း၌ ကုန်တင်ကုန်ချပြုလုပ်နေသည့် ကုန်သေတ္တာတင်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။




ရန်ကုန်ဆိပ်ကမ်း၌ ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



သီလဝါဆိပ်ကမ်း၌ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းများ ဆောင်ရွက်နေသည့် စက်သုံးဆီတင်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

# မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းနှင့် မဲရုံအရေအတွက်များ လျာထားသတ်မှတ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိရာ လာမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ လွတ်လပ်စွာမဲပေးနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်း မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းနှင့် မဲရုံတည်နေရာများ အတည်ပြု သတ်မှတ်ခြင်းများ ဆောင်ရွက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် သာယာဝတီခရိုင် ဆရာစခန်းမ၌ ကျင်းပသည်။




**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးဦးနှင့် ဦးတင်မောင်ဆွေ၊ ပဲခူးတိုင်းဒေသကြီးနှင့် သာယာဝတီခရိုင် ရွေးကောက်ပွဲအရာရှိများ၊ သာယာဝတီခရိုင်နှင့် နတ်တလင်းခရိုင်တို့မှ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူးများ၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ မိုးညို၊ မင်းလှ၊ လက်ပံတန်း၊ သာယာဝတီ၊ အုတ်ဖိုမြို့နယ်တို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူးများ၊ သာယာဝတီမြို့နယ် အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စု ၆၉ အုပ်စုမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကော်မရှင်အဖွဲ့ဝင်များက အမှာစကားပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသူများက မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေး၊ မဲရုံတည်နေရာ သတ်မှတ်အတည်ပြုနိုင်ရေးနှင့် မဲရုံသုံးပစ္စည်းများ လိုအပ်ချက်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၁၇**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တို့တွင် အောက်တိုဘာ ၂၀ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## ပြည်တွင်းစက်သုံးဆီ ဖူလုံစေရေး ပုံမှန်တင်သွင်းဆောင်ရွက် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ တည်ငြိမ်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၇

စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စက်သုံးဆီအမျိုးအစားအလိုက် ဖူလုံမှုရှိစေရေး စိစစ်တင်သွင်းဆောင်ရွက်လျက်ရှိရာ စက်သုံးဆီတင်သွင်းမှု အခြေအနေမှာ အောက်တိုဘာ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Terminal များတွင် MT ARDBEG သင်္ဘောသည် ဓာတ်ဆီ 92 Ron သုည ဒသမ ၄၂ ဂါလန်သန်း၊ ဓာတ်ဆီ 95 Ron သုည ဒသမ ဝ၂ ဂါလန်သန်းနှင့် ပရီမီယံဒီဇယ်ဆီ ၂ ဒသမ ၈ဝ ဂါလန်သန်းကိုလည်းကောင်း၊ MT Glory Star သင်္ဘောသည် ရိုးရိုးဒီဇယ်ဆီ ၁ ဒသမ ၂၂ ဂါလန်သန်းနှင့် ပရီမီယံဒီဇယ်ဆီ ၁ ဒသမ ၅ဝ ဂါလန်သန်းကိုလည်းကောင်း ဆီချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၆ ရက်အထိ ရန်ကုန်သီလဝါဆီလှောင်ကန်လက်ကျန်များ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ဖြန့်ဖြူးမှုလက်ကျန်အခြေအနေများအရ စက်သုံးဆီဖူလုံမှုရှိကြောင်း စိစစ်တွေ့ရှိရသည်။ စက်သုံးဆီဈေးနှုန်းများအနေဖြင့် ယခုရက်သတ္တပတ်တွင် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း အနည်းငယ်ကျဆင်းလာပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ပဲခူးမြို့ ဒေသထွက်ငါးရံ့ခြောက်များ ဖြန့်ဖြူးရောင်းချနေ

ပဲခူး အောက်တိုဘာ ၁၇

ပဲခူးတိုင်းဒေသကြီးဒေသထွက် ငါးရံ့ခြောက်သည် အပေါ့ခြောက်ဖြစ်သည့်အတွက် နာမည်ကြီးပြီး လူကြီး၊ လူငယ်၊ ကလေး၊ သွေးတိုး၊ ဆီးချိုသမားပါမကျန် စားသုံးနိုင်ရန် ဝယ်ယူလျက်ရှိကြကြောင်း သိရသည်။

ငါးရံ့ခြောက်ပြုလုပ်ရာတွင် ငါးရံ့အစိုတစ်ပိဿာကို ငွေကျပ် ၁၆ဝဝဝ မှ ငွေကျပ် ၁၈ဝဝဝ အထိ အကောင် အကြီး၊ အသေးပေါ်မူတည်၍ ဝယ်ယူရပြီး အဆိုပါ ငါးအစို တစ်ပိဿာကို ခွဲခြမ်းပြီး နေလှန်းရာတွင် ငါးခြောက်အဖြစ် ၂၅ ကျပ်သားမှ ၃ဝ ကျပ်သားခန့် ထွက်ရှိသည်။ ငါးရံ့ခြောက်ထုတ်လုပ်သူများအနေဖြင့် ငါးရံ့အစို တစ်ပိဿာကို အခြောက်ပြုလုပ်ရာတွင် ခန့်မှန်းကုန်ကျငွေကျပ် ၃ဝဝဝဝ ဖြစ်ပြီး ငါးရံ့ခြောက်တစ်ပိဿာကို ငွေကျပ် ၅၅ဝဝဝ မှ ၆ဝဝဝဝ ဈေးအထိ ရောင်းချလျက်ရှိသည်။ ပဲခူးဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ လှိုင်ကော် စသည့် ဒေသများအထိ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**DOCA (ပဲခူး)**



## ပြည်ပဲကြီးသီးနှံ ဈေးအမြင့်ဖြင့် အရောင်းအဝယ်ဖြစ်

ပဲခူး အောက်တိုဘာ ၁၇

ပြည်ဈေးကွက်တွင် ပြည်တွင်း လက်လီ/ လက်ကား အရောင်းအဝယ်ဖြစ်နေသော ပဲကြီးသီးနှံမှာ ဈေးအမြင့်ဖြင့်သာ ဆက်လက်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲကြော်ဖိုလုပ်ငန်းများ နေ့စဉ်အဝယ်ရှိသည့်အတွက် တစ်ရက်လျှင် အိတ် ၂ဝဝ/၃ဝဝ ကျော် ပုံမှန်ရောင်းဝယ်မှု ဖြစ်သည်ကို တွေ့ရသည်။ ပဲဈေးနှုန်းအနေဖြင့် ရွှေကျွန်းတစ်တင်းလျှင် ငွေကျပ် ၈ဝဝဝဝ၊ ကမ်းနားတစ်တင်းလျှင် ငွေကျပ် ၇၇ဝဝဝ တို့ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိပြီး ယခင်နှစ်က ပဲဈေးနှုန်းထက် တစ်တင်းကျပ် နှစ်သောင်းကျော် ဈေးပိုရခဲ့သည်။ ယခင်နှစ်က ပဲကြီးသီးနှံ၏ ယခုလအတွင်းပေါက်ဈေးနှုန်းမှာ ရွှေကျွန်းတစ်တင်းလျှင် ငွေကျပ် ၆ဝဝဝဝ၊ ကမ်းနားတစ်တင်းလျှင် ငွေကျပ် ၅ဝဝဝဝ တို့ဖြင့် ရောင်းဝယ်ခဲ့ကြကြောင်း သိရသည်။ **DOCA(ပဲခူး)**

## ဘင်္ဂလားဒေ့ရှ်တွင် ဈေးကွက်ရရှိနေသော မြန်မာ့သနပ်ခါးခဲ

မောင်တော အောက်တိုဘာ ၁၇

မြန်မာနိုင်ငံအတွင်းရှိ သနပ်ခါးလုပ်ငန်းရှင်များအနေဖြင့် သနပ်ခါးပင်မှရရှိသော သနပ်ခါးတုံးများကို အနှစ်ရအောင်ပြု၍ သနပ်ခါးခဲများအဖြစ် အမျိုးမျိုးထုတ်လုပ်ရောင်းချလျက်ရှိသည်။ သနပ်ခါးခဲများကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များသို့လည်း ထိုးဖောက်ရာတွင် ရန်ကုန်မှတစ်ဆင့် ရခိုင်ပြည်နယ် မောင်တောမြို့သို့ ဝင်ရောက်ပြီး မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခဲ့သည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ မတ်လအထိ ခြောက်လတာကာလအတွင်းတန်ချိန် ၅၆၈ တန် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ သနပ်ခါးခဲတန်ချိန် ၄၇၂ ဒသမ ၈ဝ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၇

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်အတွက် အထူးစီးပွားရေးဇုန်များ ဆောင်ရွက်လျက်ရှိရာ သီလဝါအထူးစီးပွားရေးဇုန်ကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံကိန်း၏ ပထမအဆင့်စက်မှုဇုန် A (ဟက်တာ ၄ဝ၅ ဒသမ ၂၇၅)ကို ၃ဝ-၁၁-၂ဝ၁၃ ရက်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၉၉ ရာခိုင်နှုန်းပြီးစီးခဲ့ပြီး ဒုတိယအဆင့် အကောင်အထည်ဖော်မည့် စက်မှုဇုန် B (ဟက်တာ ၇ဝဝ)ကို ၂၁-၁ဝ-၂ဝ၁၆ ရက်နေ့တွင် ကွင်းဆင်းတိုင်းတာပြီး ဇရိယာ(၂-၁), (၂-၂), (၂-၃), (၂-၄) အပိုင်း လေးပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိသည်။

သီလဝါအထူးစီးပွားရေးဇုန်ကို ရင်းနှီးတည်ဆောက်သူ (Developer) အဖြစ် Myanmar Japan Thilawa Development Ltd. ကိုတည်ထောင်ခဲ့ပြီး Myanmar Japan Thilawa Development Ltd. ၏ ခွင့်ပြုမတည်ငွေရင်း (Authorized Capital) နှင့် ရင်းနှီးမြှုပ်နှံမှု မတည်ငွေရင်း (Paid up Capital) တို့ဖြင့် ဆောင်ရွက်ခဲ့သည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂ဝ၁၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက် မှ ၂ဝ၂၂ ခုနှစ် စက်တင်ဘာ ၃ဝ ရက်ထိ နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၂၂ ခု ခွင့်ပြုခဲ့ပြီး လက်ရှိတွင် စီးပွားဖြစ်လည်ပတ်နေသည့် စက်ရုံပေါင်း ၁ဝ၄ ခုထိ ရှိပြီဖြစ်ကာ သီလဝါအထူးစီးပွားရေးဇုန်အတွင်း အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် လုပ်သားအင်အား နှစ်သောင်းကျော်ကို ဖန်တီးပေးနိုင်ကြောင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်လုပ်ငန်းများ၏ နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှုပမာဏတွင် ဂျပန်က အများဆုံးဖြစ်ကာ စင်ကာပူက ဒုတိယနှင့် ထိုင်းနိုင်ငံက တတိယအများဆုံးဖြစ်ကြောင်း သိရသည်။

၂ဝ၂၁ ခုနှစ်မှ ၂ဝ၂၂ ခုနှစ် စက်တင်ဘာလထိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှု ထပ်မံတိုးမြှင့်ထည့်ဝင်ခဲ့သည့် ကုမ္ပဏီ ၁၄ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာသန်း ၉ဝ ဒသမ ၇၆၃ တိုးတက်လာကြောင်းနှင့် ဇုန်အတွင်းရှိ စက်ရုံများမှ ပြည်တွင်းရှိ လိုအပ်သည့်ကုန်ပစ္စည်းများကို သွင်းကုန်အစားထိုးအဖြစ် ထုတ်လုပ်ပေးလျက်ရှိသကဲ့သို့ ပြည်ပဈေးကွက်များသို့လည်း ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်တင်ပို့ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၇.၁ဝ.၂ဝ၂၂ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သား၊ ငါး၊ ရွှေဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| | | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စဉ် | မြို့အမည် | ညှော်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | ရွှေ (တစ်ကျပ်သား) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁ဝ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂ဝ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂ဝဝဝ | | ၁၄ဝဝဝ | ၇၅ဝဝ | ၂၅ဝဝဝ | ၄ဝဝဝ | ၄၅ဝဝ | ၅ဝဝဝ | ၃၅ဝဝ | ၁၈ဝဝ | ၁ဝဝဝ | ၈ဝဝဝ | ၅ဝဝဝ | ၅ဝဝဝ | ၂၂ဝဝ | ၂၇ဝဝ | ၁၂ဝဝဝ | ၁၃ဝဝဝ | ၁၅ဝဝဝ | ၂ဝဝဝဝ | ၁၂ဝဝဝ | ၂၆၂ဝဝဝဝ |
| ၂ | လားရှိုး | ၁၈၅ဝ | ၁၇ဝဝ | ၁၅ဝဝဝ | ၉၅ဝဝ | ၂၃ဝဝဝ | ၄၅ဝဝ | ၄ဝဝဝ | ၅၅ဝဝ | ၄ဝဝဝ | ၂ဝဝဝ | ၅ဝဝ | ၇၅ဝဝ | ၄၈ဝဝ | ၄၅ဝဝ | ၂၅ဝဝ | ၂၄ဝဝ | ၁၂ဝဝဝ | ၁၈ဝဝဝ | ၁၈ဝဝဝ | ၂၈ဝဝဝ | ၈ဝဝဝ | ၂၅၄၅ဝဝဝ |
| ၃ | ကျိုင်းတုံ | ၂၂ဝဝ | | ၁၃၅ဝဝ | ၈၅ဝဝ | ၂ဝဝဝဝ | ၄၅ဝဝ | ၆ဝဝဝ | ၆ဝဝဝ | | ၂၂ဝဝ | ၁ဝဝဝ | ၆ဝဝဝ | ၅၆ဝဝ | ၄ဝဝဝ | ၃ဝဝဝ | ၃ဝဝဝ | ၉၅ဝဝ | ၂ဝဝဝဝ | ၂၂ဝဝဝ | | ၈ဝဝဝ | ၂၆ဝဝဝဝဝ |
| ၄ | တောင်ကြီး | ၂၁၅ဝ | ၁၉၅ဝ | ၁၃ဝဝဝ | ၆၈ဝဝ | ၂ဝဝဝဝ | ၄ဝဝဝ | ၄ဝဝဝ | ၅၅ဝဝ | ၃ဝဝဝ | ၁ဝဝဝ | ၆ဝဝ | ၆၅ဝဝ | ၄၈ဝဝ | ၅ဝဝဝ | ၃ဝဝဝ | ၂၈ဝဝ | ၁ဝဝဝဝ | ၁၄ဝဝဝ | ၁၆ဝဝဝ | ၂၆ဝဝဝ | ၈၅ဝဝ | ၂၅၃ဝဝဝဝ |
| ၅ | လှိုင်ကော် | ၂၆ဝဝ | ၂၂ဝဝ | ၁၂ဝဝဝ | ၈၅ဝဝ | ၁၂ဝဝဝ | ၃၅ဝဝ | ၄ဝဝဝ | | ၄၃ဝဝ | ၂ဝဝဝ | ၄ဝဝ | ၆၅ဝဝ | ၄ဝဝဝ | ၃၅ဝဝ | ၂၅ဝဝ | ၃ဝဝဝ | ၁ဝဝဝဝ | ၁၄ဝဝဝ | ၁၅ဝဝဝ | ၂၄ဝဝဝ | ၇ဝဝဝ | ၂၆၅ဝဝဝဝ |
| ၆ | ဘားအံ | ၁၈ဝဝ | | ၁၅ဝဝဝ | ၇၂ဝဝ | ၁၇ဝဝဝ | ၃၂ဝဝ | ၄ဝဝဝ | ၅ဝဝဝ | ၅ဝဝဝ | ၁၈ဝဝ | ၆ဝဝ | ၆၅ဝဝ | ၄၈ဝဝ | ၄၂ဝဝ | ၂၄ဝဝ | ၂၈ဝဝ | ၈ဝဝဝ | ၁၄ဝဝဝ | ၁၈ဝဝဝ | ၂၃ဝဝဝ | ၆ဝဝဝ | ၂၇၃၅ဝဝဝ |
| ၇ | မော်လမြိုင် | ၁၉ဝဝ | | ၁၃၅ဝဝ | ၆၅ဝဝ | ၂၂ဝဝဝ | ၄ဝဝဝ | ၅ဝဝဝ | ၅ဝဝဝ | ၃၅ဝဝ | ၂၅ဝဝ | ၆ဝဝ | ၁ဝဝဝဝ | ၅ဝဝဝ | ၅ဝဝဝ | ၃ဝဝဝ | ၂၈ဝဝ | ၁ဝဝဝဝ | ၁၅ဝဝဝ | ၁၅ဝဝဝ | ၂၅ဝဝဝ | ၆၅ဝဝ | ၂၆၂ဝဝဝဝ |
| ၈ | ထားဝယ် | ၂၃ဝဝ | | ၁၅ဝဝဝ | ၇၂ဝဝ | ၁၈ဝဝဝ | ၃၅ဝဝ | ၄ဝဝဝ | ၅၃ဝဝ | ၄၅ဝဝ | ၁၈ဝဝ | ၆ဝဝ | ၆၅ဝဝ | ၅၂ဝဝ | ၄ဝဝဝ | ၂၈ဝဝ | ၂၈ဝဝ | ၁ဝဝဝဝ | ၁၃ဝဝဝ | ၁၅ဝဝဝ | ၂၄ဝဝဝ | | ၂၆၂ဝဝဝဝ |
| ၉ | မြိတ် | ၂၃ဝဝ | | ၁၆ဝဝဝ | ၇ဝဝဝ | ၂ဝဝဝဝ | ၃၅ဝဝ | ၄၄ဝဝ | ၅၃ဝဝ | ၄၈ဝဝ | ၂၅ဝဝ | ၈ဝဝ | ၆၉ဝဝ | ၄၅ဝဝ | ၄၅ဝဝ | ၃ဝဝဝ | ၂၉ဝဝ | ၁ဝဝဝဝ | ၁၅ဝဝဝ | ၁၅ဝဝဝ | ၂၄ဝဝဝ | | ၂၆၃ဝဝဝဝ |
| ၁ဝ | ရန်ကုန် | ၁၉ဝဝ | ၁၇ဝဝ | ၁၂ဝဝဝ | ၄၅ဝဝ | ၂၂ဝဝဝ | ၃၅ဝဝ | ၆ဝဝဝ | ၅ဝဝဝ | ၈ဝဝဝ | ၃ဝဝဝ | ၆ဝဝ | ၆၅ဝဝ | ၅ဝဝဝ | ၆ဝဝဝ | ၃ဝဝဝ | ၃ဝဝဝ | ၈ဝဝဝ | ၁၅ဝဝဝ | ၁၆ဝဝဝ | ၂၇ဝဝဝ | ၁ဝဝဝဝ | ၁၉၄၄ဝဝဝ |
| ၁၁ | ပုသိမ် | ၂ဝဝဝ | | ၁၃ဝဝဝ | ၆၃ဝဝ | ၁၉ဝဝဝ | ၃၅ဝဝ | ၄၅ဝဝ | ၄၅ဝဝ | ၅ဝဝဝ | ၂၅ဝဝ | ၄ဝဝ | ၇၅ဝဝ | ၄၅ဝဝ | ၅ဝဝဝ | ၂၆ဝဝ | ၂၅ဝဝ | ၈ဝဝဝ | ၁၄ဝဝဝ | ၁၇ဝဝဝ | ၂၅ဝဝဝ | ၉ဝဝဝ | ၂၆ဝဝဝဝဝ |
| ၁၂ | စစ်တွေ | ၁၈ဝဝ | ၁၇၅ဝ | ၁၃ဝဝဝ | ၇၅ဝဝ | ၂ဝဝဝဝ | ၃၅ဝဝ | ၅ဝဝဝ | ၅၅ဝဝ | ၄ဝဝဝ | ၁၅ဝဝ | ၅ဝဝ | ၇ဝဝဝ | ၅ဝဝဝ | ၄၅ဝဝ | ၃၅ဝဝ | ၃ဝဝဝ | ၉ဝဝဝ | ၁၈ဝဝဝ | ၂ဝဝဝဝ | ၂၄ဝဝဝ | | ၂၆ဝဝဝဝဝ |
| ၁၃ | ဟားခါး | ၃၂ဝဝ | | ၁၈ဝဝဝ | | ၁၈ဝဝဝ | ၅ဝဝဝ | ၅ဝဝဝ | | | ၂ဝဝဝ | ၁ဝဝဝ | | ၅ဝဝဝ | | ၃ဝဝဝ | ၄ဝဝဝ | ၁၂၅ဝဝ | ၁၃ဝဝဝ | ၁ဝဝဝဝ | | ၉ဝဝဝ | ၂၇၅ဝဝဝဝ |
| ၁၄ | မုံရွာ | ၂၇ဝဝ | | ၁ဝဝဝဝ | ၆၅ဝဝ | ၂ဝဝဝဝ | ၃၈ဝဝ | ၃၃ဝဝ | ၅၅ဝဝ | ၅၂ဝဝ | ၁၅ဝဝ | ၈ဝဝ | ၅၃ဝဝ | ၄၈ဝဝ | ၄ဝဝဝ | ၂၃ဝဝ | ၂၅ဝဝ | ၉ဝဝဝ | ၁၆ဝဝဝ | ၁၇ဝဝဝ | ၂၆ဝဝဝ | ၇ဝဝဝ | ၂၅ဝဝဝဝဝ |
| ၁၅ | မန္တလေး | ၂ဝ၅ဝ | ၁၅ဝဝ | ၁၂ဝဝဝ | ၆၄ဝဝ | ၂၂ဝဝဝ | ၃၅ဝဝ | ၄ဝဝဝ | ၆ဝဝဝ | ၄ဝဝဝ | ၁၅ဝဝ | ၆ဝဝ | ၇ဝဝဝ | ၅ဝဝဝ | ၄၄ဝဝ | ၂၅ဝဝ | ၂၈ဝဝ | ၁ဝဝဝဝ | ၁၄ဝဝဝ | ၁၆ဝဝဝ | ၂ဝဝဝဝ | ၈ဝဝဝ | ၂၆၁၅ဝဝဝ |
| ၁၆ | ပခုက္ကူ | ၂၂ဝဝ | | ၉၅ဝဝ | ၆၅ဝဝ | ၁၈ဝဝဝ | ၃၂ဝဝ | ၅ဝဝဝ | ၄၅ဝဝ | ၆ဝဝဝ | ၁၆ဝဝ | ၅ဝဝ | ၆ဝဝဝ | ၅၅ဝဝ | ၄၅ဝဝ | ၂၄ဝဝ | ၂၆ဝဝ | ၁ဝဝဝဝ | ၁၅ဝဝဝ | ၁၄ဝဝဝ | ၂၂ဝဝဝ | ၆ဝဝဝ | ၂၆၅ဝဝဝဝ |
| ၁၇ | မကွေး | ၂၃ဝဝ | | ၁ဝ၅ဝဝ | ၆၈ဝဝ | ၁၈ဝဝဝ | ၃၂ဝဝ | ၄၅ဝဝ | ၅၄ဝဝ | ၄၅ဝဝ | ၂ဝဝဝ | ၁ဝဝဝ | ၆၅ဝဝ | ၄၈ဝဝ | ၄၂ဝဝ | ၂၄ဝဝ | ၂၅ဝဝ | ၁ဝဝဝဝ | ၁၅ဝဝဝ | ၁၅ဝဝဝ | ၂၂ဝဝဝ | ၇ဝဝဝ | ၂၆၉ဝဝဝဝ |
| ၁၈ | ပြည် | ၂ဝဝဝ | | ၁၂၅ဝဝ | ၆၅ဝဝ | ၂၅ဝဝဝ | ၄ဝဝဝ | ၆ဝဝဝ | ၄၅ဝဝ | ၄၅ဝဝ | ၁၇ဝဝ | ၄ဝဝ | ၆ဝဝဝ | ၅ဝဝဝ | ၄ဝဝဝ | ၂၈ဝဝ | ၂၃ဝဝ | ၁ဝဝဝဝ | ၁၃ဝဝဝ | ၁၅ဝဝဝ | ၂၅ဝဝဝ | ၉ဝဝဝ | ၂၆ဝဝဝဝဝ |
| ၁၉ | ပဲခူး | ၁၉ဝဝ | | ၁၃၅ဝဝ | ၆၄ဝဝ | ၁၇ဝဝဝ | ၃၇ဝဝ | ၄၅ဝဝ | ၄၅ဝဝ | | ၂ဝဝဝ | ၆ဝဝ | ၆၃ဝဝ | ၄၉ဝဝ | ၅၂ဝဝ | ၂၇ဝဝ | ၂၇ဝဝ | ၈ဝဝဝ | ၁၂ဝဝဝ | ၁၅ဝဝဝ | ၂၅ဝဝဝ | ၆ဝဝဝ | ၂၇၃ဝဝဝဝ |
| ၂ဝ | ပျဉ်းမနား | ၂၁ဝဝ | | ၁၃ဝဝဝ | ၆၄ဝဝ | ၁၅ဝဝဝ | ၃၄ဝဝ | ၃၆ဝဝ | ၄၅ဝဝ | ၄ဝဝဝ | ၁၄ဝဝ | ၅ဝဝ | ၆ဝဝဝ | ၄၅ဝဝ | ၄ဝဝဝ | ၂၆ဝဝ | ၂၅ဝဝ | ၁ဝဝဝဝ | ၁၃ဝဝဝ | ၁၃ဝဝဝ | ၂၂ဝဝဝ | ၈ဝဝဝ | ၂၆၄ဝဝဝဝ |
| ၂၁ | နေပြည်တော် | ၂၁ဝဝ | | ၁၃၂ဝဝ | ၆၅ဝဝ | ၁၆ဝဝဝ | ၃၆ဝဝ | ၃၈ဝဝ | ၄၈ဝဝ | ၄၂ဝဝ | ၁၅ဝဝ | ၅ဝဝ | ၆၂ဝဝ | ၄၈ဝဝ | ၄၂ဝဝ | ၂၈ဝဝ | ၂၅ဝဝ | ၁ဝဝဝဝ | ၁၃ဝဝဝ | ၁၃ဝဝဝ | ၂၂ဝဝဝ | ၈၅ဝဝ | ၂၆၄ဝဝဝဝ |
| ၂၂ | ကလေး | ၂ဝဝဝ | ၁၈ဝဝ | ၁၂ဝဝဝ | ၈၅ဝဝ | | ၄၅ဝဝ | ၃၈ဝဝ | ၆ဝဝဝ | | ၁၈ဝဝ | ၇ဝဝ | ၈ဝဝဝ | ၃၅ဝဝ | ၆ဝဝဝ | ၃ဝဝဝ | ၃ဝဝဝ | ၁၁ဝဝဝ | ၁၄ဝဝဝ | ၁၅ဝဝဝ | ၂၄ဝဝဝ | | ၂၆၅ဝဝဝဝ |

မှတ်ချက်။ (၁) ညှော်မထဆန် တစ်ပြည်လျှင် မော်လမြိုင်တွင် ၅ဝကျပ်၊ ပဲဆီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၅ဝဝကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီးတွင် ၃ဝဝကျပ်၊ ပြည်တွင် ၁ဝဝကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် တောင်ကြီးနှင့် ပြည်တွင် ၂ဝဝကျပ်၊ မော်လမြိုင်တွင် ၃ဝဝကျပ်၊ ပုသိမ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၆ဝဝကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လားရှိုးတွင် ၂ဝဝကျပ်၊ (ကြူကုတ်) တစ်ပိဿာလျှင် ပျဉ်းမနားတွင် ၅ဝဝကျပ်၊ နေပြည်တော်တွင် ၆ဝဝကျပ်၊ ချင်း တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၂ဝဝကျပ်၊ မြေပဲဆန်တစ်ပိဿာလျှင် မော်လမြိုင်တွင် ၁ဝဝဝကျပ်၊ အာလူး တစ်ပိဿာလျှင် တောင်ကြီးတွင် ၂ဝဝကျပ်၊ သကြား တစ်ပိဿာလျှင် စစ်တွေတွင် ၁ဝဝကျပ်၊ ကြက်သား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁ဝဝဝကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ပဲဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁ဝဝဝကျပ်၊ ပြည်တွင် ၅ဝဝကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနား၊ လားရှိုး၊ ကျိုင်းတုံနှင့် စစ်တွေတွင် ၅ဝဝကျပ်၊ ထားဝယ်တွင် ၁ဝဝကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မုံရွာတွင် ၂ဝဝကျပ်၊ (ကြူကုတ်) တစ်ပိဿာလျှင် မြိတ်တွင် ၂ဝဝကျပ်၊ မုံရွာတွင်၃ဝဝကျပ်၊ မြေပဲဆန်တစ်ပိဿာလျှင်မုံရွာတွင် ၁ဝဝကျပ်၊ အာလူး တစ်ပိဿာလျှင် မြိတ်တွင် ၂ဝဝကျပ် ဈေးကျခဲ့ပါသည်။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၉၈၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈၄ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၇-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၈၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၅၉) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၂၆၁,၉၂၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၂၈,၈၆၁) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၂၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၂,၇၅၄) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၇၁) ဦးရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါအခံတစ်ခုခုရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံမှုကို ခံယူမှုမရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသောအယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများကို လာရောက်မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန်အခက်အခဲရှိခြင်းတို့ကြောင့်ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည်ရောဂါအခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန်နှင့် ၎င်းတို့၏မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါနာတာရှည်ရောဂါအခံ တစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့်ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၈၅၀၁၂၅ | ၉၆၁၆၈၃၅၃ | ၁၀၉၀၅၃၆ |
| ၂။ | အိန္ဒိယ | ၄၄၆၃၀၈၈၈ | ၄၄၀၇၅၁၄၉ | ၅၂၈၉၀၅ |
| ၃။ | ပြင်သစ် | ၃၆၂၅၈၆၀၇ | ၃၅၀၀၈၇၁၉ | ၁၅၅၈၁၆ |
| ၄။ | ဘရာဇီး | ၃၄၇၉၂၃၈၆ | ၃၃၉၅၃၄၃၃ | ၆၈၇၁၉၇ |
| ၅။ | ဂျာမနီ | ၃၄၆၀၈၈၃၅ | ၃၂၉၃၆၇၀၀ | ၁၅၁၄၂၀ |
| ၆။ | တောင်ကိုရီးယား | ၂၅၁၃၁၅၀၅ | ၂၄၇၁၁၇၉၅ | ၂၈၈၅၁ |
| ၇။ | ဗြိတိန် | ၂၃၇၉၈၇၉၃ | ၂၃၄၂၀၉၄၈ | ၁၉၁၆၈၁ |
| ၈။ | အီတလီ | ၂၃၀၉၉၉၈၃ | ၂၂၃၆၈၉၈၁ | ၁၇၇၉၈၈ |
| ၉။ | ဂျပန် | ၂၁၇၇၂၉၆၇ | ၂၀၄၅၃၃၁၆ | ၄၅၈၉၀ |
| ၁၀။ | ရုရှား | ၂၁၃၁၄၉၅၇ | ၂၀၆၁၈၃၅၈ | ၃၈၈၉၉၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၉၃၂၇၁ | ၁၀၅၉၉၂၀၁ | ၄၃၁၅၇ |
| ၂။ | အင်ဒိုနီးရှား | ၆၄၅၈၁၀၁ | ၆၂၈၂၉၅၁ | ၁၅၈၃၂၇ |
| ၃။ | မလေးရှား | ၄၈၆၇၁၉၂ | ၄၈၀၆၈၈၃ | ၃၆၄၁၇ |
| ၄။ | ထိုင်း | ၄၆၈၇၂၈၁ | ၄၆၄၉၅၀၉ | ၃၂၈၈၂ |
| ၅။ | ဖိလစ်ပိုင် | ၃၉၈၄၈၁၅ | ၃၈၉၅၄၂၀ | ၆၃၅၄၉ |
| ၆။ | စင်ကာပူ | ၂၀၁၂၀၆၅ | ၁၉၁၄၅၉၆ | ၁၆၄၄ |
| ၇။ | မြန်မာ | ၆၂၈၈၆၁ | ၆၀၂၇၅၄ | ၁၉၄၇၁ |
| ၈။ | ဘရူနိုင်း | ၂၃၁၈၃၃ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၁၀၁ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၇၀ | ၁၃၄၈၄၄ | ၃၀၅၆ |

## လွိုင်ကော်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ သတိပေးနှိုးဆော်နှာခေါင်းစည်းများ၊ လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

လွိုင်ကော် အောက်တိုဘာ ၁၇

နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်ငါးရပ်နှင့်အညီ ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း ကိုဗစ်-၁၉ အိုမီခရွန် မျိုးရိုးဗီဇပြောင်း BA-4၊ BA-5 ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ သတိပေးနှိုးဆော်မှုနှင့်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက် ၉ နာရီက လွိုင်ကော်မြို့ မင်းစုမီးပွိုင့်၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် ကော်မတီအဖွဲ့ဝင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ "အပြင်ထွက်ပါက နှာခေါင်းစည်းများကို တပ်ဆင်ကြရန်၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများနှင့်အညီ သွားလာနေထိုင်ကြရန်နှင့် တစ်ဦးတစ်ယောက်ချင်းစီအလိုက် မိမိတို့၏ ကျန်းမာရေးအသိစိတ်များနှင့်အညီ ရောဂါကူးစက်မှုမရှိစေရေး သတိပြုနေထိုင်ကြရန်" အစရှိသည့် ကျန်းမာရေးဝန်ကြီးဌာန၏ သတိပေး နှိုးဆော်မှုများကို လက်ကိုင် အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်ခဲ့ပြီး လမ်းသွားလမ်းလာနှင့် ဈေးသွားဈေးလာ ပြည်သူများကို နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ဆိုင်ရာ သတိပေးနှိုးဆော်မှုများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုဇင်(လွိုင်ကော်)**



## ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် ၁၇၁၉ ဦး သေဆုံး

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၇**

ပါကစ္စတန်နိုင်ငံ၌ ဖွန်လလယ်မှစတင်၍ ဖြစ်ပွားခဲ့သည့် မုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုများနှင့် ရေကြီးရေလျှံမှုများကြောင့် လက်ရှိအချိန်အထိ သေဆုံးသူ ၁၇၁၉ ဦးနှင့် ဒဏ်ရာရရှိသူ ၁၂၈၆၇ ဦး ရှိလာကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ပြောကြားသည်။

နိုင်ငံအတွင်း လက်ရှိအချိန်အထိ အဆိုပါ သဘာဝဘေးများကြောင့် ကလေးငယ် ၆၄၁ ဦးနှင့် အမျိုးသမီး ၃၄၅ ဦးသေဆုံးခဲ့ရကြောင်း အဆိုပါအဖွဲ့၏ မှတ်တမ်းများအရ သိရသည်။

နိုင်ငံအတွင်းရှိ ဆင်းပြည်နယ်သည် အဆိုပါ သဘာဝဘေးဒဏ် အများဆုံးခံရသည့်ဒေသဖြစ်ပြီး ဆင်းပြည်နယ်အတွင်း ဒေသခံ ၇၈၀ သေဆုံးခဲ့ကာ ဘလိုချီစတန်ပြည်နယ်တွင် ဒေသခံ ၃၃၆ ဦး၊ ခိုင်ဘာပတ်တွန်ခွာပြည်နယ်နှင့် နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တို့တွင် ၃၀၈ ဦးနှင့် ၂၂၃ ဦး အသီးသီး သေဆုံးခဲ့ကြောင်း သိရသည်။

ထို့ပြင် သဘာဝဘေးများအတွင်း လူနေအိမ်ခြေ ၂၂၇၁၅၂၃ လုံးနှင့် ကျွဲနွားတိရစ္ဆာန်ကောင်ရေ ၁၁၆၃၆၆၂ သေဆုံးခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်တွင်ကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

■



## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၄၀၃ ဦးထပ်မံတွေ့ရှိ

**မော်စကို အောက်တိုဘာ ၁၇**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၄၀၃ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၁၃၁၄၉၅၇ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက အောက်တိုဘာ ၁၇ ရက်တွင် ပြောကြားသည်။



**သေဆုံးသူ ၉၂ ဦး ထပ်မံတွေ့ရှိ**

ထို့ပြင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၂ ဦး ထပ်မံ တွေ့ရှိခဲ့ခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၈၈၉၉၃ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၄၅၁၃ ဦး ထပ်တိုးလာခြင်းကြောင့် ပြန်လည် ကျန်းမာလာသူပေါင်း ၂၀၆၁၈၃၅၈ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

ရုရှားနိုင်ငံ၌ မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၇၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် မြို့တော်မော်စကို၌ ရောဂါကူးစက်ခံရသူပေါင်း ၃၂၂၀၁၅၆ ဦး ရှိလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**

■

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၆၀ ထပ်မံတွေ့ရှိ

**နယူးဒေလီ အောက်တိုဘာ ၁၇**

အိန္ဒိယနိုင်ငံ၏ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၆၀ ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၄၆၃၀၈၈၈ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

**သေဆုံးသူ ၅၂၈၉၀၅ ဦး ရှိလာ**

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာပေါင်း ၂၆၈၃၄ ဦး ရှိကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၈၉၀၅ ဦး ရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၈၄၁ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၄၀၇၅၁၄၉ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၁၉၃၃၄၃၆၅၁ လုံး အသုံးပြုပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်ထိ ပြည်သူ ၈၉၈ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**





## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၁၂ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ အောက်တိုဘာ ၁၇**

မလေးရှားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၁၂ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၈၆၇၁၉၂ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ပြန်လည်ကျန်းမာလာသူ ၄၈၀၆၈၈၃ ဦးရှိ**

ယခု ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများအနက် နှစ်ဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၁၇၁၀ မှာ ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၆၄၁၇ ဦးရှိပြီး ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၈၀၆၈၈၃ ဦး ရှိသည်။ လက်ရှိအချိန်၌ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာ ၂၃၈၉၂ ဦးရှိသည့်အနက် ၃၆ ဦးသည် အထူးကြပ်မတ်ကုသဆောင်များတွင် ဆေးကုသမှု ခံယူနေ ရသည်။

နိုင်ငံအတွင်းရှိလူဦးရေ၏ ၈၆ ဒသမ ၁ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးစီးခဲ့ပြီး ၈၄ ဒသမ ၃ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်၊ ၄၉ ဒသမ ၇ ရာခိုင်နှုန်းမှာ အပိုဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်နှင့် ၁ ဒသမ ၆ ရာခိုင်နှုန်းသည် အပိုဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံမှုခံယူပြီးစီးကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

## ဂျပန်လေကြောင်းလိုင်းများ၌ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို သုညရာခိုင်နှုန်းအထိလျှော့ချရေးဆောင်ရွက်

**တိုကျို အောက်တိုဘာ ၁၇**

ကမ္ဘာပေါ်ရှိ လေကြောင်းလိုင်းများတွင် ပြေးဆွဲလျက်ရှိသည့် လေယာဉ်များတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို သုညရာခိုင်နှုန်းအထိလျှော့ချရန်ပြင်ဆင်နေသကဲ့သို့ ဂျပန်နိုင်ငံရှိ လေကြောင်းလိုင်းများကလည်း ၎င်းတို့ပြေးဆွဲသည့် လေယာဉ်များတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို သုညရာခိုင်နှုန်းအထိလျှော့ချနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

လေယာဉ်များပျံသန်းပြေးဆွဲရာတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု သုညရာခိုင်နှုန်းအထိလျှော့ချရေးစည်းမျဉ်းအား ယခုလအစောပိုင်းတွင် ကျင်းပသည့် နိုင်ငံတကာလေကြောင်းပျံသန်းရေးအဖွဲ့၏ အထွေထွေညီလာခံတွင် တာဝန်ရှိသူများက ချမှတ်ခဲ့ခြင်းဖြစ်သည်။

၎င်းစည်းမျဉ်းအရ ၂၀၂၄ ခုနှစ်တွင် နိုင်ငံတကာ၌ပြေးဆွဲမည့် လေယာဉ်များတွင် ကနဦးအဖြစ်ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၁၅ ရာခိုင်နှုန်းလျှော့ချသွားမည်ဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်တွင် နိုင်ငံတကာလေကြောင်းပျံသန်းရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများရှိ လေယာဉ်များတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို သုညရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဟု သိရသည်။ ဂျပန်နိုင်ငံရှိ လေကြောင်းလိုင်းများသည် လက်ရှိအချိန်တွင် ဆီစားသက်သာသည့် လေယာဉ်အမျိုးအစားများကို အသုံးပြုခြင်းဖြင့် လေယာဉ်ပျံသန်းပြေးဆွဲရာမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ လျှော့ချရေးအတွက် ဆောင်ရွက်နေကြသည်။

လက်ရှိအချိန်တွင် တွေ့ရှိချက်များအရ စွန့်ပစ်ဆီများမှတစ်ဆင့် ထုတ်လုပ်သည့် လေယာဉ်ဆီသည် လေယာဉ်ပျံသန်းပြေးဆွဲရာတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ**


# တရားမဝင် သစ်မျိုးစုံ၊ စားသုံးဆီ၊ စားသောက်ကုန်ပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၇

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၁၀ ဒသမ ၅၉၈၈တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၂၂၀၃၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ခရီးသည်ဝန်စည်များနှင့်အတူ ရောနှောသယ်ဆောင်လာသည့် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော Lenovo Think Pad အမျိုးအစား laptop (အဟောင်း) ငါးလုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် မော်တော်ကားအပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Myanmar Yangon Truck အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၈၉၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမှ မိုင်းရယ်သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် စက်မှုကုန်ကြမ်းပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် NIssan အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၁၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ထားဝယ်မြို့နယ် ပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသုံးဆီ ၃၀၆၀ လီတာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၀၀၀၀)၊ Lactasoy အချိုရည် ၁၂၂ ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၁၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် HIGER KLQ 6123K အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၅၁၆၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ အောက်တိုဘာ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာယာဝတီခရိုင်အတွင်း တရားမဝင် သစ်မာ ၂ ဒသမ ၉၃၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၃၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ(၁၁)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၅၉၆၆၃၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၇

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မုံရွာမြို့အတွင်း PDF အမည်ခံအကြမ်းဖက်သမားများ၏ ရမ်းသမ်းပစ်ခတ်မှုကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိပြီး အမျိုးသားနှစ်ဦးသေဆုံး"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီး ကင်မွန်းချောင်းတောင်တက်ကားဂိတ်အား KNLA တပ်မဟာ(၁)နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးသည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၈၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သာပေါင်းမြို့နယ်၌ ငါးသယံဇာတ တိုးပွားစေရေး သဘာဝရေပြင် ငဝန်မြစ်အတွင်း ငါးသားပေါက် ကောင်ရေ ၃၅၀၀၀၀ အား ငါးမျိုးစိုက်ထည့်

သာပေါင်း အောက်တိုဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ငါးသယံဇာတတိုးပွားစေရေးအတွက် ငါးသားပေါက် ကောင်ရေ ၃၅၀၀၀၀ ငါးမျိုးစိုက်ထည့်ပေးခြင်းကို ယနေ့ အောက်တိုဘာ ၁၂ ရက် နံနက် ၈ နာရီက အမှတ်(၂)ရပ်ကွက် ကန္တားလမ်း သာပေါင်းမြို့မှ ကြိုဆိုပါ၏ ငဝန်မြစ်ရေဆိပ်တွင် သဘာဝရေပြင်ထဲသို့ ငါးမျိုးများစိုက်ထည့်ပေးသည်။

အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးသိမ်းက ငါးစားသုံးမှုမြင့်မားလာပြီး ငါးသယံဇာတ တိုးပွားလာစေရေး၊ ငါးထုတ်လုပ်မှု ပိုမိုတိုးတက်မြင့်မားလာစေပြီး ပြည်သူများ ငါးစားသုံးမှုဖူလုံစေရေးတို့အတွက် ရည်ရွယ်ချက်ဖြင့် ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားပြီးနောက် ပုသိမ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၃) ဦးမောင်မောင်၊ ပုသိမ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအေးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှဝင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးမျိုးသိမ်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ သဘာဝရေပြင် ငဝန်မြစ်အတွင်းသို့ ပုသိမ်ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက် ကောင်ရေ ၃၀၀၀၀၀၊ ငါးခုံးမကြီး သားပေါက် ကောင်ရေ ၅၀၀၀၀ တို့အား ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၁၀-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

- ၀၆:၀၀ "တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်"(ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၅၀ "၂၀၂၂ခုနှစ်(၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကအရေးအတီးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်"
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ "အတိုးမပေးတဲ့...ဒိုးလေး"(အပိုင်း-၄)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွှင့်ပျံ့အမှန်း"(အပိုင်း-၁၈)
- ၁၄:၅၀ မျိုးဝက်တင့်စေဆိုကရေးတီးအငွေ
- ၁၆:၃၅ "ဝက်ယူဝင့်ကြားဆီးဂိမ်းဆုတံဆိပ်ရှင်များ"(သိန်းသန်းဦး၊စန္ဒီဦး)
- ၁၇:၂၀ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
- ၁၇:၄၀ "ချစ်စရာ့ပန်းလွန်"(CBT)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွှင့်ပျံ့အမှန်း"(အပိုင်း-၂၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ"(အပိုင်း-၃၉)

**mitv**

- 07:02 Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
- 07:10 Myanmar Traditional Cart Business
- 07:31 Myanmar Guitarist
- 07:54 Kid's Home
- 08:01 News
- 08:28 Ancient Historical Kakku Pagoda
- 08:36 Reflected Glory
- 09:01 Myanmar Traditional Instruments (MYANMA OBOE)
- 09:27 Myanmar Puppeteers (Zawgyi Dance)
- 09:36 Let's Taste Delicious Insects: Choice Mixed Insects and Lettuce Salad & Red Ant and Soy Bean Paste Curry
- 09:55 The Art of Making Paper Toys
- 10:01 News

**MRTV NRC**

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ရိုးရာအိမ်ချက် ဟင်းတစ်ခွက်
- **ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** ချင်းဘာသာစကားပြောကြရအောင်(အပိုင်း-၁)
- **ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** 'ဝ' ဥစိုက်ပျိုးခြင်း
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** ကျိုက်ခမီရေလည်ဘုရားနှင့် စက်စဲကမ်းခြေသို့ အလည်တစ်ခေါက်
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၄)
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ထပ်အိမ်ဂူမှလင်းလက်လာမည့်ကြယ်ပွင့်လေးများ
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** ပန်လုံမြို့သို့ အလည်တစ်ခေါက်
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** ကချင်ရိုးရာထမင်းဟင်းထုပ်
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** အလှပြာဝေငွေတောင်ပြည်
- **ပအိုဝ်းကရင် (၂၁:၀၀ မှ ၂၂:၀၀)** ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာ တောင်တန်းဒေသ
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ဧရာဝတီရဲ့အရှိန်းဆန်တဲ့အလှငေါ်ရန်ကို (အပိုင်း-၄)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၈:၅၀ ၂၀၂၂ခုနှစ်(၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၂:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို (မမေ့ရွေးချယ်မှု)
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၈
- ၁၁:၀၀ PR SYSTEM ရှင်းလင်းပွဲ
- ၁၁:၃၀ "အတွေးအမြင်"အပိုင်း-၈

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၀၆:၃၀ ဓာတ်မြေဩဇာသုံးစွဲမှုလျှော့ချဖို့ သဘာဝမြေဩဇာပြုလုပ်သုံးစွဲကြပါစို့
- ၀၇:၀၀ တန်ဖိုးမြင့်ထုတ်ကုန်ပွဲနဲ့ဆီအစွမ်း
- ၀၇:၅၅ "တောင်သူ့ဘဝ သုတကဏ္ဍ"
- ၀၈:၂၅ ရွှေဘိုပေါ်ဆန်း
- ၀၉:၁၀ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၁၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၁:၀၀)နာရီမှ ည(၁၁:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပခုက္ကူမြို့နယ် မြစ်ခြေတိုက်နယ် ညောင်လှကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် သံဃာတော်တစ်ပါး ပျံလွန်တော်မူပြီး နှစ်ပါးဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၁၇**

အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ပခုက္ကူမြို့ အမှတ် (၁၂) ရပ်ကွက် မဟာဝိသုတာရာမ (အလယ် တိုက်)ရှိ သာသနဝံသကျောင်းမှ ဥူးပညာဇောတ သက်တော် ၃၄ နှစ်၊ ဝါတော် ၁၄ ဝါ (ဘ) ဦးစံမြင့်၊ ဥူးနန္ဒာစရိယ သက်တော် ၃၃ နှစ်၊ ဝါတော် ၁၃ ဝါ (ဘ)ဦးပြုံး၊ ဥူးကုလန္ဒြာစရိယ သက်တော် ၃၃ နှစ်၊ ဝါတော် ၁၃ ဝါ(ဘ)ဦးအောင်လွင်၊ ဥူးဝိစာရ သက်တော် ၃၂ နှစ်၊ ဝါတော် ၁၂ ဝါ (ဘ) ဦးမောင်ငွေတို့ ပါဝင်သည့် သံဃာတော် လေးပါးသည် ယာဉ်အမှတ် MDY-RLG-1472 အမျိုးအစား Nissan အနက်ရောင်ယာဉ်ဖြင့် ပခုက္ကူမြို့နယ် ပေါက်တောကျေးရွာရှိ ဥူးပညာဇောတ၏ နေအိမ်သို့ အလည်သွားရောက်ရန် ဥူးပညာဇောတ မောင်းနှင်ပြီး ပခုက္ကူမြို့မှတစ်ဆင့် ပခုက္ကူ-ဆိပ်ဖြူသွား ကားလမ်းအတိုင်း သွားရောက်စဉ် ညောင်လှကျေးရွာအဝင် မီတာ ၅၀ ခန့်ကွာအရောက်၌ လမ်း၏ယာဘက် ငါးပေခန့်အကွာမှ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။




အောက်တိုဘာ ၁၆ ရက်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်တိုက်)မှ ဥူးပညာဇောတ ပါ သုံးဦးသည် ညောင်လှကျေးရွာအနီးအရောက်၌ လက်လုပ်မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့သည့်တည်နေရာပြ Google မြေပုံ။

အဆိုပါ မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ဥူးပညာဇောတတွင် ဝဲပခုံးမိုင်းစထိမှန်ဒဏ်ရာ၊ ယာပေါင်မိုင်းစထိမှန်ဒဏ်ရာ (မစိုးရိမ်ရ)၊ ဥူးနန္ဒာစရိယတွင် ဦးခေါင်း ဝဲဘက်ခြမ်း မိုင်းစထိမှန်ဒဏ်ရာ၊ ယာပခုံး မိုင်းစထိမှန်ဒဏ်ရာ(စိုးရိမ်ရ)၊ ဥူးကုလန္ဒြာစရိယတွင် ယာပခုံး/ ယာလက်မောင်း မိုင်းစထိမှန်ဒဏ်ရာ၊ ဝဲလက်ဖမိုး မိုင်းစထိမှန်ဒဏ်ရာ(မစိုးရိမ်ရ)နှင့် ဥူးဝိစာရ သက်တော် ၃၂ နှစ်၊ ဝါတော် ၁၂ ဝါ (ဘ) ဦးမောင်ငွေတွင် ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိခဲ့သည့်သံဃာတော် လေးပါးအား ပခုက္ကူမြို့နယ် မြစ်ခြေတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပြီး ဆေးကုသမှုများ ပြုလုပ်ပေးနေစဉ် ည ၇ နာရီခွဲခန့်တွင် ဥူးနန္ဒာစရိယမှာ ရရှိဒဏ်ရာများဖြင့် ပျံလွန်တော်မူသွားခဲ့ပြီး သံဃာတော်နှစ်ပါးအား ဆေးကုမှုများ ဆက်လက်ပြုလုပ်ပေးလျက်ရှိသည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့နှင့် အမြင်တူညီခြင်းမရှိသည့် အရပ်သားများနှင့် သံဃာတော်များကိုလည်း ပစ်မှတ်ထားကာ လုပ်ကြံသတ်ဖြတ်မှုများ ပြုလုပ်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုများအား သက်ဆိုင်ရာသို့ အချိန်မီသတင်းပေးပို့နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**



PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် သံဃာတော်တစ်ပါး ပျံလွန်တော်မူသည့် မှတ်တမ်းဓာတ်ပုံ။






PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် သံဃာတော်နှစ်ပါး မိုင်းစထိမှန် ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

# ထားဝယ်မြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း မီးလောင်မှုဖြစ်ပွားနေသည့် ငါးဖမ်းဝါးလတ်လှေတစ်စင်းအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များသည် ထားဝယ်မြို့၏ အနောက်မြောက်ဘက် ရေမိုင် ၆၄ မိုင်အနီး ငါးဖမ်းဝါးလတ်လှေတစ်စင်း မီးလောင်နေကြောင်း သတင်းအရ အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် သွားရောက်ရှာဖွေစိစစ်ခဲ့ရာ လင်းတိုးတိုးအောင်(၃)အမည်ရှိ ငါးဖမ်းဝါးလတ်လှေတစ်စင်း မီးလောင်နေသည်ကိုတွေ့ရှိခဲ့သဖြင့် ဒေသခံငါးဖမ်းလှေများနှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ပြီး လှေပေါ်ပါ လှေသား ၁၃ ဦးကို မိမိရေယာဉ်ပေါ်သို့ လွှဲပြောင်းတင်ဆောင်၍ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များ ပေးအပ်ကာ ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အဆိုပါလှေသားများအား သက်ဆိုင်ရာသို့ စနစ်တကျ လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ညောင်ရွှေကျေးရွာနေ ရန်လင်းသည် ၎င်းအသုံးပြုသည့် “Yan Linn” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မြင်သာရပ်ကွက်နေ စောမြင့်ကြူသည် ၎င်းအသုံးပြုသည့် “Myatnoe Khin” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


# မြန်မာ့ထုတ်ကုန်များ မျက်နှာပန်းလှခဲ့သည့် တရုတ်–အာဆီယံကုန်စည်ပြပွဲ

မြင့်ဝေလှိုင်

မြန်မာနိုင်ငံဟာ မြေပေါ်မြေအောက် သယံဇာတပေါကြွယ်ဝတဲ့ နိုင်ငံဖြစ်သည်သာမက လယ်ယာစိုက်ပျိုးသီးနှံ အလွန်ဖြစ်ထွန်းတဲ့နိုင်ငံ ဖြစ်တာကြောင့် အဲဒီကရတဲ့ထုတ်ကုန်တွေကို ကုန်ကြမ်းရောကုန်ချောပါ ပြည်ပသို့တင်ပို့နိုင်တာနဲ့အမျှ တိုင်းပြည်အတွက် လွန်စွာအကျိုးဖြစ်ထွန်းနိုင်တယ်ဆိုတာ စီးပွားရေးပညာရှင်တွေအပါအဝင် ပြည်သူအများက လက်ခံထားပြီးဖြစ်ပါတယ်။

ဒီလိုတင်ပို့ရောင်းချနိုင်ဖို့ဆိုတာ ထုတ်ကုန်ပစ္စည်းတွေ အရည်အသွေးကောင်းဖို့ လိုအပ်သလို နိုင်ငံတကာအတွင်း ဈေးကွက်ကိုချဲ့ထွင်နိုင်ဖို့လည်းလိုအပ်ပါတယ်။

ဒီနှစ်ချက်ကို အဓိကရည်မှန်းချက်ထားပြီး နိုင်ငံတကာကနိုင်ငံအချို့မှာ ကျင်းပတဲ့ကုန်စည်ပြပွဲတွေမှာ မြန်မာ့ထုတ်ကုန်တွေကို ပါဝင်ပြသခဲ့ပါတယ်။ အထူးသဖြင့် တရုတ်ပြည်မှာကျင်းပတဲ့ ကုန်စည်ပြပွဲတွေမှာ နှစ်စဉ်လိုလို ပါဝင်ပြသခဲ့ရာမှာ ထိရောက်အောင်မြင်မှုရှိတယ်လို့ သိရပါတယ်။ ယခုနှစ်မှာလည်း တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့မှာ စက်တင်ဘာလ ၁၆ ရက်နေ့ကနေ ၁၉ ရက်နေ့အထိ ကျင်းပတဲ့ (၁၉)ကြိမ်မြောက် တရုတ်–အာဆီယံကုန်စည်ပြပွဲမှာ မြန်မာထုတ်ကုန်တွေကို ပါဝင်ပြသခဲ့ပါတယ်။




တရုတ်–အာဆီယံကုန်စည်ပြပွဲအားတွေ့ရစဉ်။

### မြန်မာ့သယံဇာတ ကျောက်စိမ်းနဲ့ လယ်ယာထွက်ကုန် ဆန်နဲ့ ဆန်ကွဲ

မြန်မာနိုင်ငံအနေနဲ့ အဆိုပါကုန်စည်ပြပွဲမှာ ယမန်နှစ်က ပြခန်းပေါင်း ၂၀ ပြသခဲ့ပေမယ့် ယခုနှစ်မှာ ပြခန်း ၁၀ ခန်း ထပ်တိုးပြီး စုစုပေါင်းပြခန်းပေါင်း ၃၀ ပါဝင်ပြသခဲ့တယ်လို့ သိရပါတယ်။ အဲဒီပြခန်းတွေမှာ အဓိကထားပြသခဲ့တာကတော့ မြန်မာ့ဆန်နဲ့ ဆန်ကွဲ၊ မြန်မာ့အစားအစာ၊ ကော်ဖီ၊ လက်ဖက်၊ လက်မှုပစ္စည်း၊ အိမ်ထောင်ပရိဘောဂပစ္စည်း၊ ကျောက်စိမ်းအပါအဝင် မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုင်ရာပစ္စည်းတွေကို ပြသရောင်းချခဲ့တယ်လို့ သိရပါတယ်။ အဲဒီအထဲမှာ အထူးမျက်နှာပန်းလှခဲ့တာကတော့ မြန်မာ့သယံဇာတ ကျောက်စိမ်းနဲ့ လယ်ယာထွက်ကုန် ဆန်နဲ့ ဆန်ကွဲတို့ပဲ ဖြစ်ပါတယ်။

မြန်မာ့ကျောက်စိမ်းဟာ ကမ္ဘာမှာထင်ရှားပြီး တရုတ်ပြည်သူတွေအကြားမှာတော့ အထူးပင်ရေပန်းစားမျက်နှာပန်းလှတဲ့ ကျောက်မျက်ရတနာတစ်မျိုးပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နှစ်စဉ်ကျောက်မျက်ရတနာပြပွဲပြုလုပ်ပြီး ပြသရောင်းချရာမှာ တရုတ်နိုင်ငံသားတွေ အများဆုံးလာရောက်လေလံဆွဲပြီး ဈေးကောင်းပေးဝယ်ယူခဲ့ကြပါတယ်။ ကျောက်စိမ်းဟာ တရုတ်လူမျိုးတွေရဲ့ အမြတ်တနိုးတန်ဖိုးထားတဲ့ ရတနာတစ်ပါးဖြစ်တာကြောင့်ပါပဲ။ မြန်မာ့ကျောက်စိမ်းတွေကို မြန်မာနိုင်ငံမှာသာမက တရုတ်နိုင်ငံမှာပါ သီးခြားပြသရောင်းချနိုင်မယ်ဆိုရင် ပိုလို့အကျိုးဖြစ်ထွန်းမယ်လို့ မျှော်လင့်ပါတယ်။

နောက် မျက်နှာပန်းလှခဲ့တဲ့ မြန်မာ့ထုတ်ကုန်ပစ္စည်းကတော့ ဆန်နဲ့ဆန်ကွဲပဲ ဖြစ်ပါတယ်။ အဲဒီပြပွဲမှာ မြန်မာ့ဆန်ဟာ ပြပွဲလာသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အထူးအာရုံစိုက်မှုကိုခံခဲ့ရပြီး ဆန်ကွဲကတော့ ဒေသထွက်အစားအသောက်တွေရဲ့ ကုန်ကြမ်းအဖြစ် အထူးစိတ်ဝင်စားခဲ့ကြတယ်လို့ ဆိုပါတယ်။ မြန်မာ့ဆန်ကွဲဟာ တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ကွေကျိုးစတဲ့ဒေသတွေမှာရှိတဲ့ အစားအသောက် အချောကိုင်စက်ရုံတွေက ထုတ်လုပ်တဲ့ ဆန်ခေါက်ဆွဲ၊ ခရုမှုန့်ခေါက်ဆွဲ စတဲ့ အစားအသောက်တွေရဲ့ အဓိကအရည်အသွေးမြင့် ကုန်ကြမ်းပစ္စည်းတွေဖြစ်တယ်လို့ သိရပါတယ်။

### မိတ်ဖက်ဆက်ဆံရေးဟာ နှစ်ပေါင်း ၃၀

တကယ်တော့ တရုတ်နဲ့ အာဆီယံနိုင်ငံတွေရဲ့ မိတ်ဖက်ဆက်ဆံရေးဟာ နှစ်ပေါင်း ၃၀ ရှိခဲ့ပြီဖြစ်ပါတယ်။ တရုတ်နဲ့ အာဆီယံအကြားဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်ရေးကို ကဏ္ဍအသီးသီးမှာ ဖော်ဆောင်ခဲ့ရာမှာ စီးပွားရေးကဏ္ဍကလည်း အရေးပါလျက်ရှိပါတယ်။ ဒါကြောင့် တရုတ်နဲ့ အာဆီယံအကြား ကုန်သွယ်မှုမြှင့်တင်တာတွေကို နယ်စပ်ကုန်သွယ်ရေးဇုန်တွေကတစ်ဆင့် ပြုလုပ်ခြင်း၊ ပင်လယ်ဆိပ်ကမ်း Free Trade Zone တွေကတစ်ဆင့်ပြုလုပ်ခြင်း၊ ကုန်စည်ပြပွဲတွေက တစ်ဆင့်ပြုလုပ်ခြင်း စတဲ့နည်းလမ်းအသွယ်သွယ်နဲ့




တရုတ်–အာဆီယံကုန်စည်ပြပွဲမှ မြန်မာပြခန်းအားတွေ့ရစဉ်။

ဖော်ဆောင်ခဲ့ရာမှာ ယနေ့အခါမှာ တရုတ်နိုင်ငံဟာ အာဆီယံနိုင်ငံတွေရဲ့ အဓိကနဲ့ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်နေပြီလို့သိရပါတယ်။

ဒါ့အပြင် ယခုနှစ်ဟာ တရုတ်နဲ့ အာဆီယံအကြား ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(RCEP)ကို အကောင်အထည်ဖော်တဲ့နှစ်ဖြစ်တာနဲ့အညီ တရုတ်–အာဆီယံ လွတ်လပ်တဲ့ကုန်သွယ်မှုဧရိယာရဲ့ ဗားရှင်း (3.0)တည်ဆောက်မှုလည်း စတင်သွားမယ်လို့ ဆိုပါတယ်။ တစ်ချိန်တည်းမှာပဲ တရုတ်နဲ့ အာဆီယံဟာ "အပြန်အလှန်အကျိုးပြုအားဖြည့်ခြင်း"ဖြင့် ပွင့်လင်းတဲ့ ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ပြီး "ပိုမိုနီးကပ်တဲ့တရုတ်–အာဆီယံအသိုက်အဝန်း"ကို တည်ဆောက်သွားမယ်လို့ သိရပါတယ်။

### ဘက်ပေါင်းစုံမဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေး စတင်တဲ့နှစ်

RCEP ကို ယခုနှစ်မှာ စတင်အကောင်အထည်ဖော်ခဲ့ပြီးတဲ့နောက် မြန်မာနိုင်ငံဟာ ယခုနှစ် မေလ ၁ ရက်နေ့မှာပဲ RCEP ရဲ့ အကျိုးသက်ရောက်မှုရရှိခဲ့ပါတယ်။ အဲဒီလိုအကျိုးသက်ရောက်မှုရှိခဲ့ပြီးတဲ့နောက်မှာပဲ မြန်မာနဲ့တရုတ် နှစ်နိုင်ငံတွေရဲ့ စီးပွားရေးလုပ်ငန်းတွေဟာ RCEP ရဲ့ နောက်ဆက်တွဲအဖြစ် စီးပွားရေးအကျိုးအမြတ်တွေ ရရှိခံစားခဲ့ရတယ်လို့ သိရပါတယ်။ ဒီနှစ်ကျင်းပတဲ့ တရုတ်–အာဆီယံကုန်စည်ပြပွဲမှာလည်း RCEP နိုင်ငံများပြခန်းဇုန်ကို ဖွင့်လှစ်ခဲ့ရာမှာ မြန်မာနိုင်ငံရဲ့ ထုတ်ကုန်တွေကို အဲဒီပြခန်းဇုန်မှာ ပါဝင်ပြသနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ယခုနှစ်ဟာ တရုတ်–အာဆီယံ ဘက်ပေါင်းစုံမဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေး စတင်တဲ့နှစ်ဖြစ်ပြီး RCEP စတင်အကောင်အထည်ဖော်တာနဲ့လည်း တစ်သားတည်းကျတာမို့ အနာဂတ်ကာလမှာ နှစ်ဖက်နိုင်ငံတွေရဲ့ ဈေးကွက်ဖော်ဆောင်မှု အားကောင်းလာမယ့်အပြင် ဒေသတွင်းနဲ့ တစ်ကမ္ဘာလုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း **စာမျက်နှာ ၁၇ သို့** ❐






တရုတ်–အာဆီယံကုန်စည်ပြပွဲမှ မြန်မာပြခန်းများအားတွေ့ရစဉ်။

> **အခုနှစ်ကျင်းပတဲ့ (၁၉) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို "တရုတ်-အာဆီယံဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းမှု (RCEP) အခွင့်အလမ်း သစ်တွေမျှဝေ၊ တရုတ်-အာဆီယံ လွတ်လပ်ကုန်သွယ်ဗားရှင်း (3.0) တည်ဆောက်" ဆိုတဲ့ ဆောင်ပုဒ်နဲ့ကျင်းပခဲ့တာဖြစ်ပြီး ဒီပြပွဲလေးရက်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၀၂ ဘီလီယံနဲ့ညီမျှတဲ့ တရုတ်ယွမ်ငွေ ၄၁၃ ဘီလီယံတန်ဖိုးရှိတဲ့ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းပေါင်း ၂၆၇ ခု လက်မှတ်ရေးထိုးနိုင်ခဲ့တယ်လို့ သိရပါတယ်။ တကယ်တော့ အဆိုပါကုန်စည်ပြပွဲမှာ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ကိုပါ ပူးတွဲကျင်းပခဲ့ပြီး အဲဒီပွဲတော်မှာ နိုင်ငံအလိုက် ကုမ္ပဏီတွေက ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ခဲ့ကြတာဖြစ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၅၅ | ၂၀၀၅ | ၁၉၉၅ | ၁၉၆၅ | ၂၀၀၀ | ၂၀၂၅ | ၂၀၁၀ | ၁၉၉၀ | ၂၀၈၀ | ၂၀၉၅ | ၁၉၉၅ | ၂၀၀၅ | ၂၀၄၀ | ၂၀၄၀ | ၂၀၄၀ | ၂၂၆၀ | ၂၇၇၀ |
| 95 Ron | ၂၀၂၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၅ | ၂၀၈၀ | ၂၀၅၅ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၅ | ၂၀၈၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၀ | ၂၈၅၅ |
| HSD (500 ppm) | ၂၆၇၅ | ၂၇၃၅ | ၂၇၃၀ | ၂၆၉၀ | ၂၇၃၀ | ၂၇၅၀ | ၂၇၅၀ | ၂၇၂၀ | ၂၈၃၀ | ၂၈၂၅ | ၂၇၂၅ | ၂၇၃၀ | ၂၇၇၀ | ၂၇၇၀ | ၂၇၇၀ | ၂၉၉၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၇၆၀ | ၂၈၁၀ | ၂၈၀၅ | ၂၇၇၀ | ၂၈၀၅ | ၂၈၃၀ | ၂၈၂၅ | ၂၇၉၅ | ၂၉၀၅ | ၂၉၀၀ | ၂၈၀၀ | ၂၈၁၀ | ၂၈၄၅ | ၂၈၄၅ | ၂၈၄၅ | ၃၀၆၅ | ၃၅၂၀ |
| HSD (10 ppm) | ၂၇၆၀ | ၂၈၁၀ | ၂၈၀၅ | ၂၇၇၀ | ၂၈၀၅ | ၂၈၃၀ | ၂၈၂၅ | ၂၇၉၅ | ၂၉၀၅ | ၂၉၀၀ | ၂၈၀၀ | ၂၈၁၀ | ၂၈၄၅ | ၂၈၄၅ | ၂၈၄၅ | ၃၀၆၅ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၅၉ | ၁၉၃၀ |
| 95 Ron | ၁၉၂၆ | ၁၉၉၈ |
| HSD (500 ppm) | ၂၅၆၉ | ၂၆၅၀ |
| HSD (50 ppm) | ၂၆၄၁ | ၂၇၂၃ |
| HSD (10 ppm) | ၂၆၄၁ | ၂၇၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဟိုပုံးမြို့ ဒုတိယအကြိမ်မြောက် နာဂပုရသာသနာလင်္ကာရသာမဏေကျော် စာမေးပွဲကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဟိုပုံး အောက်တိုဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် နာဂပုရသာသနာလင်္ကာရအသင်းမှ ကျင်းပသော ဒုတိယအကြိမ် နာဂပုရသာသနာလင်္ကာရသာမဏေကျော်စာမေးပွဲကျင်းပနိုင်ရေး အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက နောင်တောင်းပရဟိတ တပ်ဦးကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ဆရာတော်၊ သံဃာတော်များအား စာဖြေစဉ်ကာလအတွင်း မလိုလားအပ်သော ကျန်းမာရေးပြဿနာများ မဖြစ်စေရေးအတွက် ဆွမ်း၊ ခဲဘွယ်များ ချက်ပြုတ်စီစဉ်ဆောင်ရွက်မည့်ဝေယျာဝစ္စ ဒါယကာ၊ ဒါယိကာမများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သည့် ဆွမ်း၊ ခဲဘွယ်များ စီစဉ်ချက်ပြုတ်ဆောင်ရွက်ရန် လျှောက်ထားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးညီညီတင်က လုံခြုံရေးဆောင်ရွက်ထားရှိမည့် အခြေအနေများ၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် စီစဉ်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ နာဂပုရသာသနာလင်္ကာရအသင်းဥက္ကဋ္ဌ ဦးခွန်စံလွင်က ပွဲတော်ကာလအတွင်း ဆောင်ရွက်ရမည့် အသေးစိတ်အစီအမံများကို လျှောက်ထားသည်။



အဆိုပါ သာမဏေကျော်စာမေးပွဲကို အောက်တိုဘာ ၂၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအရပ်ရပ်မှ စာဖြေသံဃာများအနေဖြင့် ရဟန်း၊ သာမဏေ၊ သီလရှင်စုစုပေါင်း အပါး ၁၆၆၀ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ပြီး နာဂပုရသာသနာလင်္ကာရသာမဏေကျော်စာမေးပွဲ ဆုပေးပွဲကို နောင်တောင်းပရဟိတတပ်ဦးကျောင်း၌ အောက်တိုဘာ ၂၈ ရက်တွင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

❒ စာမျက်နှာ ၁၆ မှ

များစွာအထောက်အကူပြုလာလိမ့်မယ်လို့ နှစ်ဖက်တာဝန်ရှိသူတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေက မျှော်လင့်နေကြတယ်လို့ သိရပါတယ်။ အလားတူ လက်ရှိမှာ တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုဟာ မကြုံစဖူး သမိုင်းဝင်အခွင့်အလမ်းတစ်ရပ်ကို ရရှိနေတာမို့ နှစ်ဖက်အပြန်အလှန်အကျိုးရှိမှု၊ အပြန်အလှန် ယုံကြည်မှုတွေကိုအခြေခံလို့ ဘုံအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဘုံမျှော်မှန်းချက်ဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ ယဉ်ကျေးမှုကိုထိန်းသိမ်းမြှင့်တင်ရေး၊ ပြည်သူလူထုတွေရဲ့ ဘုံအကျိုးစီးပွားတို့ကိုဦးတည်တဲ့ အယူအဆတွေကိုလိုက်နာခြင်းဖြင့် တရုတ်နဲ့ အာဆီယံအကြား ပူးပေါင်းဆောင်ရွက်မှုဟာ အနာဂတ်မှာ အောင်မြင်ခြင်းတွေနဲ့အတူ တောက်ပလာလိမ့်မယ်လို့လည်း မျှော်လင့်နေကြတယ်လို့ သိရပါတယ်။

ပြောရရင် ဒီနှစ်မှစတင်ခဲ့တဲ့ RCEP ရဲ့ရလဒ်ကိုလေ့လာကြည့်တဲ့အခါ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း နှစ်ဖက်အကြား ကုန်သွယ်မှုပမာဏဟာ တရုတ်ယွမ် ၄ ဒသမ ၀၉ ထရီလီယံ အထိရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒါဟာ ယမန်နှစ်သာမန်နှစ်ဘက်ကုန်သွယ်မှုပမာဏထက် ပို့ကုန်မှာ ၁၄ ရာခိုင်နှုန်းနဲ့ သွင်းကုန်မှာ ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးမြင့်လာတာလို့ သိရပါတယ်။

အခုနှစ် ပထမခုနစ်လမှာ ကွမ်ရှီးကျွမ့်နဲ့ ဘရူနိုင်း၊ မြန်မာ၊ ကမ္ဘောဒီးယားအကြား ပို့ကုန်ပမာဏ ၃၇၄ ဒသမ ၇ ရာခိုင်နှုန်းနဲ့ သွင်းကုန်ပမာဏ ၁၆၈ ဒသမ ၃ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့တယ်လို့ ဆိုပါတယ်။

### စီမံကိန်းပေါင်း ၂၆၇ ခု လက်မှတ်ရေးထိုး

အခုနှစ်ကျင်းပတဲ့ (၁၉) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို "တရုတ်-အာဆီယံဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းမှု(RCEP) အခွင့်အလမ်းသစ်တွေမျှဝေ၊ တရုတ်-အာဆီယံ လွတ်လပ်ကုန်သွယ်ဇာရှင်း (3.0) တည်ဆောက်" ဆိုတဲ့ ဆောင်ပုဒ်နဲ့ကျင်းပခဲ့တာဖြစ်ပြီး ဒီပြပွဲလေးရက်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၀၂ ဘီလီယံနဲ့ညီမျှတဲ့ တရုတ်ယွမ်ငွေ ၄၁၃ ဘီလီယံတန်ဖိုးရှိတဲ့ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းပေါင်း ၂၆၇ ခု လက်မှတ်ရေးထိုးနိုင်ခဲ့တယ်လို့ သိရပါတယ်။ တကယ်တော့ အဆိုပါကုန်စည်ပြပွဲမှာ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ကိုပါ ပူးတွဲကျင်းပခဲ့ပြီး အဲဒီပွဲတော်မှာ နိုင်ငံအလိုက် ကုမ္ပဏီတွေက ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။

### ပြပွဲမှာကုမ္ပဏီပေါင်း ၁၆၅၃ ပါဝင်

အဆိုပါကုန်စည်ပြပွဲနဲ့ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ကျင်းပရာ ပြပွဲစုစုပေါင်းဧရိယာဟာ ၁၀၂၀၀၀ စတုရန်းမီတာကျယ်ဝန်းပြီး စုစုပေါင်းခင်းကျင်းတဲ့ အခန်းအရေအတွက်မှာ ၅၄၀၀ ခန့်ရှိပါတယ်။ ပြပွဲမှာကုမ္ပဏီပေါင်း ၁၆၅၃ ပါဝင်ခဲ့ပြီး Cloud CAEXPO မှာ ကုမ္ပဏီပေါင်း ၂၀၀၀ ကျော်ပါဝင်ခဲ့တယ်လို့ သိရပါတယ်။

တရုတ်-အာဆီယံ ကုန်စည်ပြပွဲဟာ နှစ်ဖက်နိုင်ငံတွေရဲ့ ထုတ်ကုန်တွေကို ဖော်ထုတ်ပြသနိုင်တဲ့ ဈေးကွက်ကြီးတစ်ခုဖြစ်ရုံသာမက နောင်မှာ တရုတ်-အာဆီယံ နိုင်ငံတွေအကြား စီးပွားရေးမိတ်ဖက်တွေအဖြစ် ပိုမိုဖွံ့ဖြိုးလာကာ နိုင်ငံတွေအချင်းချင်းထုတ်ကုန်တွေ အပြန်အလှန် ရောင်းဝယ်ဖလှယ်တဲ့အဆင့်ကနေ ကမ္ဘာ့ဈေးကွက်တွေ အထိတိုင်းဒေသတွင်း ထုတ်ကုန်တွေ ပိုမိုထိုးဖောက်ရောက်ရှိနိုင်မယ်လို့ မျှော်လင့်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

**ကိုးကားမှတ်တမ်း။**


**-China Media Group မှသတင်းအချက်အလက်များ**

**-၁၇- ၉ -၂၀၂၂ နေ့ထုတ်ကြေးမုံသတင်းစာ**

# ပြည်သူ့အကျိုးမျှော် နှိုးဆော်ပါသည်

**မောင်မှုဒိတာ**

နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများတွင် ယခုရက်ပိုင်းအတွင်း နေ့စဉ်မဟုတ်သော်လည်း တစ်ရက်ခြား နှစ်ရက်ခြားဖြင့် ထုတ်လွှင့်ဖော်ပြနေသည်က "မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်" ဆိုသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်ပင်ဖြစ်သည်။




ယင်းထုတ်ပြန်ချက်တွင် မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) (အထစ) (အရပ်အခေါ် သန်းခေါင်စာရင်း) တို့နှင့်ပတ်သက်၍ တွေ့ကြုံရသည့် အခက်အခဲများကို သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်း ဆောင်ရွက်နိုင်ကြောင်း အသိပေးနှိုးဆော်သကဲ့သို့ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၏ အချက်အလက်ကွဲလွဲမှုများ၊ ကတ်အပိုကိုင်ဆောင်သူများရှိပါက သတ်မှတ်ရက်အတွင်း ဖြေရှင်းဆောင်ရွက်ကြရန် တိုက်တွန်းထုတ်ပြန်ခြင်းလည်းဖြစ်သည်။

နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် e-Government စနစ်ကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် အခြေခံအကျဆုံးအုတ်မြစ်သည် e-ID စနစ်ပင်ဖြစ်သည်။ e-ID စနစ်သည် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝအချက်အလက်များကို အီလက်ထရွန်နစ်စနစ်ဖြင့် မှတ်ပုံတင်ခြင်း (Electronic Identity) စနစ်ဖြစ်သည်။

e-ID စနစ်ကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတွင်းနေထိုင်သူအားလုံးကို အီလက်ထရွန်နစ်နည်းပညာအသုံးပြု၍ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက် (Biographic Data) နှင့် လက်ဗွေ၊ မျက်လုံးသူငယ်အိမ်၊ မျက်နှာဓာတ်ပုံ (Biometric Data) များ ကောက်ယူကာ Database တွင် သိမ်းဆည်းပြီး လူတစ်ဦးချင်းစီအတွက် (Unique ID) နံပါတ်သတ်မှတ်၍ မှတ်ပုံတင်ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းစနစ်ကို နိုင်ငံတော်တော်များများက တွင်တွင်ကျယ်ကျယ် အသုံးပြုနေပြီဖြစ်သော်လည်း မိမိနိုင်ငံတွင် အသုံးပြုနိုင်ရန် အစပျိုးဆောင်ရွက်နေဆဲဖြစ်သည်။ ယခုအခါ e-ID စနစ်လုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေပြီဖြစ်ပါသည်။ လုပ်ငန်းစဉ်စတင်နေသော်လည်း လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်သကဲ့သို့ ငွေကုန်ကြေးကျလည်း များမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက် (Biographic Data) အတွက် စတင်ဆောင်ရွက်နေပြီဟု ဆိုရမည်ပင်။

## လူဦးရေ ၅၂ သန်းကျော် စာရင်းသွင်းပြီး

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ရာတွင် နိုင်ငံသားတိုင်း အိမ်ထောင်စုလူဦးရေစာရင်း (အထစ) နှင့် နိုင်ငံသားဖြစ်တည်မှုအရည်အချင်းအရ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးရေးလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ နိုင်ငံသားဖြစ်တည်မှုဟုဆိုရာတွင် မြန်မာနိုင်ငံ၌ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ မွေးရာပါနိုင်ငံသားဖြစ်သည့် တိုင်းရင်းသားများနှင့် ယင်းဥပဒေအရဖြစ်သောနိုင်ငံသားများကို ဆိုလိုသည်။ နိုင်ငံသားများအတွက် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်ထားသူများသည် ၎င်းတို့နှင့်ပတ်သက်သည့် မျိုးရိုးစဉ်ဆက်၊ ကိုယ်ရေးအချက်အလက်များကို ရယူမှတ်တမ်းပြုထိန်းသိမ်းဆောင်ရွက်ရသည်။ ဝန်ကြီးဌာန၏ မြို့နယ်ရုံးအသီးသီး၌ နိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များကို ပြုစုထိန်းသိမ်းထားရှိရာ ယခုအခါ ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးပြီးသူများ၏ နိုင်ငံသားကတ်ထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ် (နိုင်-၄) မှတ်တမ်းများကို e-ID Biographic Registration Software နည်းပညာဖြင့် ရိုက်သွင်းခဲ့ရာ လူဦးရေ ၅၂ သန်းကျော် စာရင်းသွင်းပြီးဖြစ်သည်။

## စာရင်းကွဲလွဲမှုမျိုးစုံ စိစစ်တွေ့ရှိ

အလားတူ မြို့နယ်ရုံးများရှိ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ပါ အချက်အလက်များကို Software နည်းပညာဖြင့် ရိုက်သွင်းခဲ့ရာ ယခုအခါ အိမ်ထောင်စု ၁၂ သန်းကျော်၊ လူဦးရေသန်း ၅၀ ကျော် စာရင်းသွင်းပြီးဖြစ်သည်။ ယင်းစာရင်းနှစ်ခုကို Software နည်းပညာဖြင့် တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ရာတွင် အိမ်ထောင်စုလူဦးရေစာရင်း (အထစ) တစ်ခုထက် ပိုမိုကိုင်ဆောင်ထားသူများ၊ အခြားအထစတွင်လည်း အမည်စာရင်းပါဝင်နေသူများ၊ နိုင်ငံသားကတ် (မှတ်ပုံတင်) တစ်ခုထက် ပိုမိုရယူကိုင်ဆောင်ထားသူများ၊ နိုင်ငံသားကတ်အမှတ်တစ်ခုတည်းဖြင့် လူနှစ်ဦး ကတ်အမှတ်တူ ကိုင်ဆောင်ထားသူများ၊ တစ်နည်း ကတ်အမှတ်ထပ်နေသူများ စသည်ဖြင့် စာရင်းကွဲလွဲမှုမျိုးစုံ စိစစ်တွေ့ရှိနေရကြောင်း သိရှိရသည်။ ယင်းလုပ်ငန်းစဉ်သည် e-ID စနစ်အတွက် လုပ်နိုင်သမျှသော နည်းလမ်းများဖြင့် ပြီးစီးနိုင်သမျှသောလုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်နေသော လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အချက်အလက်မှန်ကန်ရေးနှင့် စနစ်တကျဖြစ်ရေးသည် အလွန်အရေးကြီးသည်။

**"အလားတူ မြို့နယ်ရုံးများရှိ အိမ်ထောင်စု လူဦးရေစာရင်းပုံစံ (၆၆/၆) ပါ အချက်အလက်များကို Software နည်းပညာဖြင့် ရိုက်သွင်းခဲ့ရာ ယခုအခါ အိမ်ထောင်စု ၁၂ သန်းကျော်၊ လူဦးရေသန်း ၅၀ ကျော် စာရင်းသွင်းပြီးဖြစ်သည်။ ယင်းစာရင်းနှစ်ခုကို Software နည်းပညာဖြင့် တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ရာတွင် အိမ်ထောင်စုလူဦးရေစာရင်း (အထစ) တစ်ခုထက် ပိုမိုကိုင်ဆောင်ထားသူများ၊ အခြားအထစတွင်လည်း အမည်စာရင်းပါဝင်နေသူများ၊ နိုင်ငံသားကတ် (မှတ်ပုံတင်) တစ်ခုထက် ပိုမိုရယူကိုင်ဆောင်ထားသူများ၊ နိုင်ငံသားကတ်အမှတ်တစ်ခုတည်းဖြင့် လူနှစ်ဦး ကတ်အမှတ်တူ ကိုင်ဆောင်ထားသူများ၊ တစ်နည်း ကတ်အမှတ်ထပ်နေသူများ စသည်ဖြင့် စာရင်းကွဲလွဲမှုမျိုးစုံ စိစစ်တွေ့ရှိနေရကြောင်း သိရှိရသည်။ ယင်းလုပ်ငန်းစဉ်သည် e-ID စနစ်အတွက် လုပ်နိုင်သမျှသောနည်းလမ်းများဖြင့် ပြီးစီးနိုင်သမျှသောလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်နေသော လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အချက်အလက်မှန်ကန်ရေးနှင့် စနစ်တကျဖြစ်ရေးသည် အလွန်အရေးကြီး"**

အိမ်ထောင်စုလူဦးရေစာရင်း (အထစ) နှင့် နိုင်ငံသားကတ်ထုတ်ပေးခြင်းလုပ်ငန်းသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သည်။ လူတစ်ဦးသည် အိမ်ထောင်စုလူဦးရေစာရင်းတစ်ခုတွင်သာ အမည်ပါရှိရမည်ဖြစ်သည်။ မိသားစုအတွင်း မွေးဖွားမှုရှိတိုင်း မွေးတိုးဖြည့်စွက်၍ သေဆုံးမှုရှိက သေလျော့ဆောင်ရွက်ရန် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ အထောက်အထားများဖြင့် တင်ပြဆောင်ရွက်ကြရသည်။ အလွယ်ပြောရလျှင် မွေးတိုးသည် မွေးဖွားမှုအတွက် အိမ်ထောင်စုစာရင်းတွင် အင်အားတိုးခြင်းဖြစ်ပြီး သေလျော့သည် သေဆုံးသူအတွက် အိမ်ထောင်စုစာရင်းတွင် အင်အားစာရင်းလျှော့ခြင်းဖြစ်သည်။

## အထစနှင့် နိုင်ငံသားကတ်

တစ်နေရာမှတစ်နေရာ ပြောင်းရွှေ့နေထိုင်လျှင်လည်း ဝန်ကြီးဌာန၏ ပြောင်းဝင် / ပြောင်းထွက်ပုံစံ (၁၀) ဖြင့် ဆောင်ရွက်ကြရမည်။ နိုင်ငံသားကတ် (မှတ်ပုံတင်) မရှိသေးသူများသည် လုပ်ထုံးလုပ်နည်းနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်း (အထစ)တွင် အမည်စာရင်းပါရှိရန် ဦးစွာဆောင်ရွက်ပြီး ကိုင်ဆောင်ကတ်ပြား လျှောက်ထားရယူကြရမည်ဖြစ်သည်။ အထစနှင့် နိုင်ငံသားကတ်တို့၌ မိမိနှင့်ပတ်သက်သည့်အချက်အလက်များ ကွဲလွဲနေပါကလည်း သက်ဆိုင်ရာရုံးများ၌ တင်ပြလျှောက်ထားကာ အမှန်ကို ပြင်ဆင်ကြရမည်ဖြစ်သည်။ အထစနှင့် နိုင်ငံသားကတ် (မှတ်ပုံတင်) တစ်ခုထက် ပိုမိုကိုင်ဆောင်မှု၊ အချက်အလက်များကို မိမိသဘောဖြင့် ပြင်ဆင်မှုတို့ ဆောင်ရွက်ပါက ဥပဒေအရ အရေးယူခြင်းခံရနိုင်သည်။ ယခုကဲ့သို့ အထစနှင့် နိုင်ငံသားကတ်တို့ကို Software နည်းပညာဖြင့် ဖြည့်သွင်းတိုက်ဆိုင်စစ်ဆေးလိုက်သည့်အခါ မှန်ကန်သည့်အချက်အလက်များ တိတိကျကျရရှိပြီး ကွဲလွဲနေမှုများလည်း အထင်အရှားပေါ်ပေါက်လာခဲ့သည်။ လူတချို့၏အမည်မှာ အိမ်ထောင်စုလူဦးရေ စာရင်း (အထစ) တစ်ခုတွင်မက အခြားအထစတွင်လည်း ပါနေသည်။ မိသားစုလိုက်လည်း အထစ တစ်ခုထက် ပိုပြီး အလားတူရှိနေသည်။ **စာမျက်နှာ ၁၉ သို့** ☆

# ရန်ကုန်-ပြည်လမ်း ကတ္တရာကွန်ကရစ် ခင်းကျင်းနေမှု ကြည့်ရှုစစ်ဆေး



ရန်ကုန် အောက်တိုဘာ ၁၇

ရန်ကုန်မြို့တော် သန့်ရှင်းသာယာသပ်ရပ်လှပရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ရန်ကုန်မြို့၏ အဓိကလမ်းမကြီးဖြစ်သည့် ပြည်လမ်းတစ်လျှောက် အလုံလမ်းမှ လေဆိပ်လမ်းဆုံအထိ ကတ္တရာကွန်ကရစ် (AC) ခင်းကျင်းမည်ဖြစ်ရာ အောက်တိုဘာ ၁၆ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက မရမ်းကုန်းမြို့နယ် ရှစ်မိုင်ခုံးကျော် တံတားအဆင်း ခုနစ်မိုင်ခွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စက်ယန္တရားကြီးများ၊ ဝန်ထမ်းများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

**မှာကြား**

တိုင်းဒေသကြီးဝန်ကြီးချုပ်က လမ်းပေါ်ရေမဝပ်၊ ရေမတင်စေရေး၊ လုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစေရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး၊ လုပ်ငန်းကာလအတွင်း ယာဉ်ကြောကျပ်တည်းမှု မရှိစေရေး၊ လမ်းဘေးဝဲ/ယာတစ်လျှောက် သန့်ရှင်းသာယာ လှပရေးနှင့် လုပ်ငန်းခွင်အတွင်း လိုအပ်သည်များကိုမှာကြားသည်။

ထိုသို့ ရန်ကုန် - ပြည်လမ်း ကတ္တရာကွန်ကရစ်(AC) ခင်းကျင်းခြင်းဆောင်ရွက်လျက်ရှိရာ အလုံလမ်းမှ ပါရမီလမ်းနှင့် ယခုအခါ ပါရမီလမ်းမှ ရှစ်မိုင်ခုံးကျော်တံတားထိ အရှည်ပေ ၃၃၀၀၊ အကျယ် ၇၂ ပေ၊ ဒု နှစ်လက်မ ကတ္တရာကွန်ကရစ် (AC) ခင်းကျင်းသည့် လုပ်ငန်းသည် ယနေ့ညတွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင် အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111 " အသုံးပြု၍ SMS မှတစ်ဆင့်မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် "1111" ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် "1111" ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ခွာ ပြည်သာယာရေး ပူးပေါင်းဆောင်ရွက် ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

☆ စာမျက်နှာ ၁၈ မှ

နိုင်ငံသားကတ် (မှတ်ပုံတင်) အမှတ်တစ်ခုထက်ပိုမို၍ ကတ်နှစ်ခု၊ သုံးခုကိုင်ထားပြီး အသုံးပြုရာတွင်လည်း ကတ်အမှတ် သတ်သတ်မှတ်မှတ်မရှိဘဲ အသုံးပြုထားသည်။ ဥပမာ- ဘဏ်များတွင် ကတ်အမှတ်မတူဘဲ အကောင့်နှစ်ခု ဖွင့်ထားသကဲ့သို့ဖြစ်သည်။ တချို့ကတော့ ကတ်အမှတ်တစ်ခုတည်း လူနှစ်ဦးက အသုံးပြုနေသည်။ အချင်းချင်းတော့မသိ နံပါတ်ထပ်သည်ပေါ့။ တချို့က အထစတွင် အမည်တူ၊ နိုင်ငံသားအမှတ်မတူ၊ နိုင်ငံသားကတ်အမှတ်တူ၊ အမည်ကွဲလွဲနေသည်များဖြစ်နေသည်။ ရုံးဌာနနှင့် ကာယကံရှင်တို့အကြား အခြေအနေတစ်ရပ်ရပ်အကြောင်းအမျိုးမျိုးကြောင့် ကွဲလွဲမှုများ၊ ထပ်နေမှုများဖြစ်နေသည်။ ဤသို့ဆိုပါလျှင် အထစနှင့် နိုင်ငံသားကတ် (မှတ်ပုံတင်) တို့နှင့်ပတ်သက်၍ လူတစ်ဦးနေထိုင်မှု တစ်နေရာတွင် အမည်ပါရှိပြီး ကတ်တစ်ကတ်ကိုင်ဆောင်နိုင်ရေးအတွက် မဖြစ်မနေဆောင်ရွက်ရန်လိုအပ်နေပေပြီ။

ယင်းသို့ဖြစ်ပေါ်နေရခြင်းသည် အများပြည်သူအနေဖြင့် မသိနားမလည်ခြင်း၊ သဘောရိုးဖြင့် မှားယွင်းကိုင်ဆောင်ခြင်းတို့ကြောင့် ဖြစ်သည့်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြေရှင်းဆောင်ရွက်ကြရမည်သာ။ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်သူများ ကြိုတင်စီစဉ်ဆောင်ရွက်နိုင်ရေး၊ မြို့နယ်လဝကရုံးများအနေဖြင့် ဆောင်ရွက်ရန်လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရှိရေး နှစ်ဦးနှစ်ဖက်ပြင်ဆင်ဆောင်ရွက်ကြရန် လိုအပ်ပေသည်။ ထို့ကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက **"မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်"** တစ်ရပ်ကို နိုင်ငံပိုင်မီဒီယာများမှ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

**(အထစ) အတွက် အချက်ခြောက်ချက်နှင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အတွက် အချက် ခုနစ်ချက်**

အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) (အထစ) အတွက် အချက်ခြောက်ချက်နှင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အတွက် အချက် ခုနစ်ချက် ပါဝင်သည်။ အကြောင်းအရာဖြစ်စဉ်အရ မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို ဖော်ပြထားသည်။ အထစမရှိသေးသူများ၊ နိုင်ငံသားကတ် မပြုလုပ်ရသေးသူများအတွက်လည်း ဆောင်ရွက်ရန်ပါရှိသည်။ **ဖော်ပြချက်တစ်ချက်ချင်းကို သေချာဖတ်ရှု၍ မိမိနှင့် သက်ဆိုင်မှုရှိသည်ဆိုပါက သက်ဆိုင်ရာရုံးသို့ အမြန်ဆက်သွယ်ဆောင်ရွက်ရန်သာ ဖြစ်သည်။ အချိန်ကာလကသိပ်မရှိ၊ လာမည့်နိုဝင်ဘာ ၁ ရက် (၁-၁၁-၂၀၂၂) အထိသာ သက်ဆိုင်ရာရုံးများက ကာယကံရှင်နှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။**

ယင်းသတ်မှတ်ရက် ကျော်လွန်ပါက သက်ဆိုင်ရာရုံးက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။ ၁-၁၁-၂၀၂၂ ရက်အတွင်းသာ ကာယကံရှင်၏ဆန္ဒအရ လိုအပ်ချက်အပေါ်မူတည်ကာ ပြင်ဆင်ပေးမည်ပေါ့။ အများနှင့်ဆောင်ရွက်ရသည့်ကိစ္စအတွက် ကာလသတ်မှတ်ချက်အတွင်း အမြန်ဆုံးပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန်ဖြစ်သည်။

**နောက်ဆုံးထုတ်ယူထားသည့် ကတ်အမှတ်**

ထိုသို့မဟုတ်ဘဲ သတ်မှတ်ရက်ကျော်လွန်သွားပါက အထစ အပိုကိုင်ဆောင်ထားသူအတွက် မည်သည့်နေရာဒေသတွင် အခြေချနေထိုင်သည်ဖြစ်ပါစေ၊ ၎င်းအမည်ပါဝင်သော နောက်ဆုံးပြုလုပ်ခဲ့သည့် အထစကိုသာ အတည်ပြု၍ ကျန်အထစများ၊ အမည်များကို ပယ်ဖျက်စာရင်းသွင်းပါမည်။ ထို့အတူ နိုင်ငံသားကတ်အပို ရရှိကိုင်ဆောင်သူများအနေဖြင့် မိမိအတွက် အမှန်အသုံးပြုနေသည့် ကတ်ကိုသာ အတည်ပြု၍ ကျန်ကတ်အပိုများကို ရုံးသို့လာရောက်အပ်နှံရန် ဖြစ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သွားလျှင် နောက်ဆုံးထုတ်ယူထားသည့် ကတ်အမှတ်ကိုသာ အတည်ပြု၍ ကျန်ကတ်အပိုအမှတ်များကို ပယ်ဖျက်စာရင်းသွင်းမည်ဖြစ်ပါသည်။

ယင်းကဲ့သို့ ကာယကံရှင်ကိုယ်တိုင်က အပိုကိုင်ဆောင်ထားသည့် အထစများ၊ တစ်နေရာထက်ပို၍ မိမိအမည်ပါနေသည့်အထစများနှင့် နိုင်ငံသားကတ်များကို အကြောင်းကြားအပ်နှံခြင်း မရှိသဖြင့် သက်ဆိုင်ရာရုံးက ထုတ်ပြန်ချက်အတိုင်း ပယ်ဖျက်လိုက်ပြီဆိုပါက ပယ်ဖျက်လိုက်သည့် အထစနှင့် ပတ်သက်ဆောင်ရွက်ထားသည့် ကိစ္စရပ်များ (ဥပမာ-ယင်းအထစသည် မိမိလက်ရှိနေထိုင်သည့်နေရာ၏အထစဖြစ်နေခြင်း)၊ ပယ်ဖျက်လိုက်သည့် နိုင်ငံသားကတ်နှင့်ပတ်သက်သည့် ကိစ္စရပ်များ (ဥပမာ-ယင်းကတ်အမှတ်ဖြင့် ဘဏ်စာရင်းဖွင့်လှစ်ထားမှု၊ ဖုန်း SIM Card မှတ်ပုံတင်ထားမှု စသည်) အားလုံးရပ်ဆိုင်းသွားမည်ကို သတိပြုစေလိုသည်။ ထိုကဲ့သို့ ရပ်ဆိုင်းခံရပါက ကာယကံရှင်အနေဖြင့် ထိခိုက်ဆုံးရှုံးမှုများလည်း ရှိလာနိုင်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အသိပေးထုတ်ပြန်ချက်ကဲ့သို့ပင် ဖုန်း SIM Card အသုံးပြုသူများအနေဖြင့် မိမိတို့၏ အမည်၊ နိုင်ငံသားကတ်အမှတ်တို့ကို မှန်ကန်စွာ ဖြည့်စွက်မှတ်ပုံတင်သုံးစွဲကြရေးနှင့် လဝက၏ e-ID Software နည်းပညာဖြင့် ဖြည့်သွင်းထားသည့် National Database တွင် စိစစ်တိုက်ဆိုင်စစ်ဆေးချက်အရ အချက်အလက်မမှန်သည့် SIM Card များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ပိတ်သိမ်း SIM Card များရှိ လက်ကျန်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားကြောင်း တွေ့ရသည်။

**မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ**

အလားတူပင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း လုံခြုံ၍ စွမ်းရည်ပြည့်ဝသော အမျိုးသားငွေပေးချေမှုစနစ်တစ်ရပ် ပေါ်ပေါက်လာစေရန် ဆောင်ရွက်လျက်ရှိရာ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် ဆောင်ရွက်ရသည့် အီလက်ထရွန်နစ်စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း (Electronic-Know Your Customer) (e-KYC) လုပ်ငန်းစဉ်ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ မိုဘိုင်းငွေကြေးစာရင်းများတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားကတ်အမှတ်တို့အား လဝက၏ National Database ရှိ အချက်အလက်များနှင့်လည်းကောင်း၊ SIM Card နံပါတ်ကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ SIM Card မှတ်ပုံတင်ခြင်း Database ရှိ အချက်အလက်များနှင့်လည်းကောင်း စိစစ်တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ပြီး KYC အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းကြရေးနှင့် သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့် မိုဘိုင်းငွေကြေးစာရင်းများကို အပြီးတိုင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားကြောင်းလည်း တွေ့ရှိရသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ ထုတ်ပြန်ချက်များသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ "မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်" အား အများပြည်သူ သိရှိလိုက်ပါဆောင်ရွက်မှုအပေါ်တွင် မူတည်နေသည်။ လူတစ်ဦးချင်းစီနှင့် ပတ်သက်သည့် အိမ်ထောင်စုလူဦးရေစာရင်း (အထစ) နှင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အချက်အလက်မှန်ကန်ရေး၊ တစ်ခုထက်ပိုမိုကိုင်ဆောင်ခြင်းမရှိရေး၊ မရရှိသေးပါက လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြလျှောက်ထားရယူကိုင်ဆောင်ရေးသည် မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးသည့်လုပ်ငန်းတစ်ရပ်ဖြစ်နေသည်။ နောင်ဆက်လက်ဆောင်ရွက်မည့် e-ID စနစ်အတွက် Unique ID နံပါတ်တစ်ခုထုတ်ပေးခြင်းမှသည် နိုင်ငံသားကတ်(မှတ်ပုံတင်) ရရှိပြီးသူ များအား National ID – Smart Card ပြောင်းလဲထုတ်ပေးခြင်းလုပ်ငန်းသို့ ချောချောမွေ့မွေ့ဆောင်ရွက်နိုင်မည့် အခြေခံလုပ်ငန်းလည်းဖြစ်သည်။

ထို့ကြောင့် e-ID Software နည်းပညာဖြင့် ဖြည့်သွင်းထိန်းသိမ်းထားသည့် National Database ရှိ အချက်အလက်များသည် တိကျမှန်ကန်ရန် အရေးကြီးသည်။ ယင်းအချက်အလက်များ တိကျမှန်ကန်ရေးသည် ယခုလဝက၏ "မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်" လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရန် ထိရောက်သောနှိုးဆော်ချက်ဖြစ်သည်။

e-ID စနစ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဆိုပါက ပြည်သူများအတွက် လူမှုဘဝဆောင်ရွက်မှုတိုင်းတွင် Smart Card တစ်ခုတည်းဖြင့် လုပ်ငန်းဆောင်တာအဝဝကို အလွယ်တကူဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပြည်သူ့ဝန်ဆောင်မှုတိုင်းအတွက် ခေတ်မီအီလက်ထရွန်နစ်စနစ်ဖြင့် ဆောင်ရွက်နိုင်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ဆောင်ရွက်မှုတစ်ခုဖြစ်လာမည် ဖြစ်သည်။ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် ၂၀၂၀ ပြည့်နှစ်က ကျင်းပခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲစာရင်းအလွဲအမှားများ မဖြစ်ပေါ်စေရေးအတွက် မှန်ကန်သည့် မဲစာရင်းပြုစုရာတွင် အထောက်အကူများစွာ ရရှိပေမည်။ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ၎င်းတို့၏ နိုင်ငံသားဖြစ်တည်မှု အရည်အချင်းအရ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရမည်ဆိုသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ကိုလည်း အကောင်အထည်ဖော်ပြီးဖြစ်ပေမည်။

ဤသို့ဆိုပါလျှင် ပြည်သူများအနေဖြင့် မိမိတို့၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) (အထစ) (အရပ်အခေါ်သန်းခေါင်စာရင်း) ပါ အချက်အလက်များ ပြည့်စုံမှန်ကန်ရေး၊ နိုင်ငံသားကတ် ထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ် (နိုင်-၄) ပါ အချက်အလက်များနှင့် တစ်သားတည်းဖြစ်ရေး၊ အထစနှင့် နိုင်ငံသားကတ်အပို ရယူကိုင်ဆောင်ထားပါက သက်ဆိုင်ရာလဝကရုံးသို့ သတ်မှတ်ရက်အတွင်း ဆက်သွယ်အပ်နှံဆောင်ရွက်ရေး၊ အထစနှင့် နိုင်ငံသားကတ်မရှိသေးသည့် နိုင်ငံသားများက သက်ဆိုင်ရာလဝကရုံးများနှင့် ဆက်သွယ်၍ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ကြရေးတို့အတွက် **လဝက၏ "မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်" အပေါ် ထပ်မံအသိပေး တိုက်တွန်းအပ်ပါသည်။ ပြင်ဆင်ဖြည့်စွက်အပ်နှံရန် လိုအပ်သည့် ကာယကံရှင်များအတွက် သတ်မှတ်ရက်သည် လာမည့် နိုဝင်ဘာ ၁ ရက် (၁-၁၁-၂၀၂၂) ဖြစ်သည့်အတွက်** အမြန်ဆုံးဆက်သွယ်ဆောင်ရွက်နိုင်ရေး မုဒိတာစိတ်ထားဖြင့် ပြည်သူ့အတွက် အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ။

# ပျက်အစဉ် ပြင်ခဏ

**ပီမိုးနင်း**

ကျွန်ုပ်တို့ မြန်မာလူမျိုးများမှာ မိဘအမွေအနှစ်ကြောင့်သော်လည်းကောင်း၊ တစ်ချက်ကောင်း အကောင်ရိုက်၍သော်လည်းကောင်း ချမ်းသာသူများ၍ ဆင်းရဲရာမှ လုံ့လဝီရိယအစွမ်းသတ္တိကြောင့် ချမ်းသာသူ နည်းပါးကြလေသည်။ ထိုကဲ့သို့ ချမ်းသာပြန်လျှင်လည်း ကြီးကြီးကျယ်ကျယ် ပြောပလောက်အောင်မရှိကြပေ။ သာလွန်၍ ရှားပါးသည်မှာ ပြန်၍ပျက်စီးသည့်အခါ အသစ်ထပ်မံ ရှေးကလို ကြီးမြင့်အောင် ကြိုးစားနိုင်သူမများကြပေ။

အများအားဖြင့် တစ်ခါပျက်စီးလျှင် ပြန်၍တစ်ဖန်ထူထောင်ရန် မဆိုထားဘိ၊ သင့်တော်ရုံမျှအခြေအနေကိုပင် ပြန်မရနိုင်ဘဲ တစ်ခါတည်း အောက်နိမ့်ရာသို့သော်လည်းကောင်း၊ စိတ်၏ကျန်းမာခြင်းရောကိုယ်၏ကျန်းမာခြင်းပါ လုံးလုံးပျက်စီးခြင်းသို့သော်လည်းကောင်း ရောက်ကြသည်သာများလေသည်။

‘ပေါ်ဝယ်’ ခေါ် သူဌေးသားတစ်ယောက်သည် မိဘအမွေအနှစ်ဖြစ်သော စည်းစိမ်ဥစ္စာ မြောက်မြားစွာတို့ကို ကုန်စင်အောင်သုံးစွဲပြီး လူမွဲအဖြစ်သို့ရောက်သောအခါ ခေါ်သူပြောသူမရှိသဖြင့် စိတ်နာပြီး မြို့ပြင်ရှိတောင်ကုန်းတစ်ခု၌ထိုင်ကာ မိမိအရင်ကပိုင်ခဲ့ဖူးသည့် ခမ်းနားကြီးကျယ်သော အဆောက်အအုံကြီးများကိုမြင်ကာ ဝမ်းနည်းပြီး “ငါ့ပစ္စည်းတွေကို ငါအကုန်ပြန်ရအောင်လုပ်မည်” ဟု စိတ်မာန်ကိုတင်းပြီး မြို့တွင်းသို့ပြန်ဝင်ပြီးနောက် တွေ့ရာအလုပ်ကို လုပ်လေ၏။

သာမန်လူတို့မှာ ထိုကဲ့သို့သော အခြေအနေသို့ရောက်လျှင် အသက်ကိုသော်လည်းကောင်း သတ်၍သေတတ်၏။ လုံးလုံးစိတ်ပျက်ကာ နိမ့်ကျသည်ထက် နိမ့်ကျစွာသော်လည်းကောင်း သက်လျှောစုန်ဆင်းဖို့သာ ရှိလေသည်။ ၎င်းတို့ကဲ့သို့သော သူဌေးဖြစ်ရာမှ မွဲပြီး မိမိပိုင်ခဲ့ဖူးသော အဆောက်အအုံများ ဝင်းထိန်တောက်ပ၍နေသည်ကို အမှောင်ထဲမှနေ၍ ရှုမျှော်ကာ ကူလီဆင်းရဲသားအလုပ်ကို လုပ်ရလျှင် စိတ်ပျက်အားငယ်ခြင်းဖြစ်သဖြင့် အလုပ်ကို စိတ်အားရှိတော့မည် မဟုတ်ပေ။

၎င်းလူမှာ ထိုကဲ့သို့မဟုတ်၊ “ငါမိုက်လို့ ဆုံးခဲ့ရသည်။ ငါပူ၍နေသည့်အတွက် တစ်စုံတစ်ရာမျှ ပြန်ရမည်မဟုတ်၊ ငါလုပ်မှ ငါ့ပစ္စည်းများကို ပြန်၍ရမည်” ဟူသော စိတ်ကိုတင်းကာ ကြိုးစား၍သာလုပ်လေရာ ကူလီအလုပ်ဖြင့် ငွေစကြေးစအနည်းငယ်ပြန်၍ရပြီးနောက် အရောင်းအဝယ်အလုပ်များကို အသေးအဖွဲ့မှစ၍လုပ်ရာ တစ်ဖန်တစ်စတစ်စ ပြန်၍ကြီးပွားပြီး မိမိပစ္စည်းဟောင်းများကို မကြာမီမသေမီပြန်၍ရခဲ့လေသည်။

ဤကဲ့သို့သော လူများမှာ ဥရောပ-အမေရိကတိုင်းများ၌ ယခုပင်ရှိသေး၏။ မြန်မာပြည်၌ကား မရှိသေးပေ။ ဤကဲ့သို့ ပျက်စီးလျှင် ကံအကြောင်းတရားပဲ ဤမျှလောက်ကြီးမားတဲ့ပစ္စည်းအစုအပုံကြီးတစ်ခုလုံးတောင်မှ ပျက်စီးခဲ့ရမှဖြင့် ဒီဘဝမှာ ဆင်းရဲဇာတာပါလို့ပဲ၊ ပြန်၍လုပ်ပေမယ့် ရမှာမဟုတ်ဘူးဟု အောက်မေ့ကာ စိတ်ကိုလုံးလုံးကြီးလျှော့တတ်ကြလေသည်။

ငွေကြေးဥစ္စာသည် လွန်စွာတန်ခိုးကြီး၏။ သို့ပင် တန်ခိုးကြီးသော်လည်း လူလုပ်လျှင်ရနိုင်ကြောင်း ဒိဋ္ဌလမ်းကြောင်းတွေ အထင်အရှားရှိပါလျက် ကံထူးသူများမှာသာ ရနိုင်လေသည်ဟု စွဲမှတ်ကာ စိတ်လျှော့တတ်ကြလေသည်။

စိတ်ကို အမှန်မလျှော့လျှင် အရှိန်ပြန်၍ ရနိုင်လေသည်။ ပျားများမှာ လူများကဖွပ်သော်လည်း ကံကိုမတွေး၊ မဖြစ်နိုင်ဟူသော စကားကိုမသိ၊ လုပ်လျှင် ပြန်၍ဖြစ်သည်ဟူသော အစွဲတစ်ခုတည်းကိုထားပြီး ပျက်စီးသောအုံကို ပြန်၍မဖြစ်အောင်လုပ်ကြသဖြင့် ပြန်၍ရကြလေသည်။

လုပ်ကိုင်ကြံစည်၍ မဖြစ်ကြသည်မှာ အများအားဖြင့် စိတ်လျှော့ခြင်းကြောင့် လည်းကောင်း၊ ကြီးမားမြားမြောင်သော ဥစ္စာပစ္စည်းတို့ကို တစ်ချက်တည်း လျင်မြန်စွာရလိုသော လောဘကြောင့်လည်းကောင်း ပြန်၍မရဘဲနေကြရလေသည်။ တဖြည်းဖြည်း ပြန်၍ထူထောင်လုပ်ကိုင်လျှင် မရနိုင်ဖို့ နည်းလမ်းမရှိ၊ ရမှာပဲဟူသော တစ်သန်တည်းစိတ်နှင့်လုပ်ချေက ဧကန်ရကြမည်ကား ဓမ္မတာဖြစ်လေရာ လူမသေ ငွေမရှားဟူသော စကားအရ၌ လူမသေဖို့သာ လိုလေရာ မသေမူ၍ ရှာလျက်ရှိနေသမျှ ကာလပတ်လုံး မှန်မှန်ကြီးရလျက် တိုးတက်မှုသာရှိစေနိုင်သော ကျိန်းသေအရောင်းအဝယ်အလုပ်တွေ များစွာရှိကြလေသည်။

ကြီးပွားလိုသူတို့၏ စိတ်၌ပစ္စည်းတွေ ထောင်ပုံ၊ သောင်းပုံ၊ သိန်းပုံ၊ သန်းပုံတွေတွေး၍ လေထဲမှာ တိုက်အိမ်မဆောက်ကောင်းပေ။ ထိုတိုက်အိမ်များမှာ ကြီးကျယ်လွန်းသဖြင့် ဖြစ်မှာမဟုတ်ပါဘူးဟူသော ကြောက်စိတ်ကို ပေါ်ပေါက်စေတတ်လေသည်။ ထိုကဲ့သို့ အကြီးအကျယ်အတွက် မကြံမူ၍ တစ်နေ့ထက်တစ်နေ့ တစ်ပဲ၊ နှစ်ပဲ၊ နက်ဖြန်လေးပဲ ဖြစ်မှာပဲ၊ လေးပဲရလျှင် ငါးမူးဖြစ်ဖို့ မခဲယဉ်းဘူးဟူသော အနုစိတ် အသေးစိတ်ကိုတွေးကာ လက်ရှိအမြင်ကို တိုးပွားအောင်လုပ်လျှင် မသေမပျောက်က တိုးပွားရမည်ဖြစ်လေသည်။

မရှိသောတိုက်ကြီးကို လေထဲ၌ ဆောက်၍နေချေက အဘယ်မှာအုတ်မြစ်ကို အဘယ်ပုံချရမည် မသိသဖြင့်တစ်ကြောင်း၊ ကြီးလွန်းသဖြင့် အားလျှော့၍ လည်းကောင်း၊ စိတ်ထဲမှာသာ ဆောက်ဖြစ်လျက် လက်ကမရောက်၊ အထည်ကိုယ်မပေါ် အိပ်မက်ကဲ့သို့သာ ဖြစ်၍နေဖို့ရှိပေသည်။ သို့ဖြစ်လေရာ စိတ်မပျက်သမျှ ဘယ်အခါမျှ လုံးလုံးကြီးမပျက်တတ်ပေ။ တိုးရမည်ဟူ၍သာ အမြဲပုံသေ ယုံကြည်အပ်ကြပေသတည်း။ ။

# စိုးရိမ်ကြောင့်ကြမှုကို ဆောင်ရွက်မှုဖြင့် အစားထိုးပါ

**အောင်မြတ်စည်သူ**

စိတ်မပူပါနှင့် (သို့မဟုတ်) တကယ်ပြောရလျှင် စိတ်ပူရုံသက်သက်မပြုပါနှင့်။ စိတ်ပူမှုကို ဆောင်ရွက်မှုအဖြစ်သို့ အသွင်ပြောင်းပါစေ။ တစ်စုံတစ်ရာနှင့် ပတ်သက်၍ သင်စိုးရိမ်ပူပန်နေသည့်အဖြစ် ကြုံပါလျှင် သင့်ကိုယ်သင် ‘ဒီကိစ္စနဲ့ပတ်သက်ပြီး ငါအခု ဘာလုပ်နိုင်မလဲ’ ဟူသော ဆောင်ရွက်မှုမေးခွန်းကို မေးပါ။

ထို့နောက် တစ်စုံတစ်ရာပြုလိုက်ပါ။ မည်သည့်အရာဖြစ်ဖြစ်ပြုလိုက်ပါ။ သေးသေးမွှားမွှား မည်သည့်အရာဖြစ်စေပြုလိုက်ပါ။

ကျွန်တော့်ဘဝကာလအများစုတွင် ကျွန်တော် စိုးရိမ်ပူပန်သည့်အခါ၌ ကိုယ့်ကိုယ်ကိုယ် မှားယွင်းသောမေးခွန်း မေးမိလေ့ရှိသည်။ “ဒါနဲ့ပတ်သက်ပြီး ငါ ဘယ်လိုခံစားမိသင့်သလဲ” ဟု မေးမိသည်။ “ငါ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာလုပ်နိုင်မလဲ” ဟု ကိုယ့်ကိုယ်ကိုယ် စတင်မေးစပြုလာသောအခါမှသာလျှင် ကျွန်တော် ပို၍ပျော်ရွှင်လာခဲ့သည်ကို ကျွန်တော် တွေ့ရှိလာခဲ့သည်။

လွန်ခဲ့သောညက ကျွန်တော့်ဇနီးနှင့် စကားများခဲ့သည့်အတွက် ကျွန်တော်စိတ်ပူပြီး ကျွန်တော်မတရားပြောမိရာရောက်နိုင်ကြောင်း ယူဆမိလျှင် ကျွန်တော့်ကိုယ်ကျွန်တော် “အဲဒါနဲ့ပတ်သက်ပြီး ငါအခု ဘာလုပ်နိုင်မလဲ”ဟု မေးမြန်းနိုင်သည်။

မေးခွန်းကို ဆောင်ရွက်မှုအဖြစ်ဖော်ဆောင်လိုက်ခြင်းဖြင့် ကျွန်တော့်အတွက် လုပ်နိုင်သည့်ကိစ္စများစွာရှိသွားသည်။ (၁) သူ့ထံသို့ ပန်းစည်းများပေးပို့နိုင်သည်။(၂)ကျွန်တော်ဖြစ်စေခဲ့သည့် ကိစ္စများနှင့် ပတ်သက်၍ စိတ်မကောင်းကြောင်းပြောနိုင်သည်။ (၃)သူ့အတွက် စကားလှလှလေးပါးသည့် စာတိုကို သူမြင်သာရာတစ်နေရာရာတွင် ထိုးထားနိုင်သည်။ (၄) အခြေအနေများ ပြန်လည်ဆွေးနွေးရန်အတွက် သူနှင့် သွားတွေ့နိုင်သည်။ ဤကိစ္စများအားလုံး လှုပ်ရှားဆောင်ရွက်မှုဖြစ်ကြပြီး ကျွန်တော် တစ်စုံတစ်ရာဆောင်ရွက်မှုပြုပါလျှင် ပူပန်မှုများ လွင့်ပါးသွားသည်။

သို့သော် ကျွန်တော်တို့ ပူပန်သောအခါတွင် ကိစ္စတစ်ခုကို သေလောက်အောင်စိတ်ပူပန်၊ စိတ်ညစ်သည်မဟုတ်ချေ။ ကိစ္စတစ်ခု သက်ဝင်ရှင်သန်လာအောင် စိတ်ပူပန်၊ စိတ်ညစ်ကြလေ့ရှိသည်၊ ကျွန်တော်တို့၏စိတ်ပူပန်မှုက ပြဿနာကို ကြီးထွားလာစေသည်။ အချိန်အများစုအားဖြင့်မူ ကျွန်တော်တို့သည် ယင်းကို ပုံဆိုးပန်းဆိုး သက်ဝင်အောင် ပူပန်သည်။ ကျွန်တော်တို့ကို အဆင်အခြင်လုံးဝကင်းမဲ့သွားစေအောင် ခြောက်လှန့်သည်။ ဖရန်ကင်းစတင်း ဖုတ်ကောင်ကြီးမျိုးဖြစ်စေသည်။

တစ်ခါက ကျွန်တော်သည် ကျွန်တော်ပူပန်နေသော အရာငါးခုကို ပြေလျော့သွားစေရန် အထောက်အကူပြုသော စနစ်တစ်ခုကို ကြံဆဖြစ်ခဲ့သည်။ တကယ်တမ်းတွင် ယင်းတို့သည် လုပ်ငန်းခွင်မှ စီမံကိန်းလေးခုနှင့် ကျွန်တော့်သား ဆရာတစ်ယောက်နှင့် အဆင်မပြေဖြစ်နေခဲ့သည့်ကိစ္စပင်ဖြစ်ခဲ့သည်။ ကျွန်တော်သည် ထိုပြဿနာတစ်ခုချင်းကို အချိန် ငါးမိနစ်စီပေး၍ ဘာပဲဖြစ်ဖြစ် တစ်ခုခုဆောင်ရွက်ရန် ဆုံးဖြတ်လိုက်သည်။ ဤသို့ ဆုံးဖြတ်ခြင်းကြောင့် ကျွန်တော် ၂၅ မိနစ်တာမျှ မဖြစ်မနေ လှုပ်ရှားမှုပြုရမည်ကို ကျွန်တော်သဘောပေါက်လိုက်သည်။ ထိုထက်မပိုချေ။ ထို့ကြောင့် ကျွန်တော်သည် ထိုအရေးကို တာဝန်ကြီးတစ်ရပ်အဖြစ် မမြင်ခဲ့ချေ။

ထို့နောက် ကျွန်တော်သည် ယင်းကို ကစားပွဲတစ်ခုအဖြစ်သို့ အသွင်ပြောင်းနိုင်ခဲ့သည်။ စီမံကိန်းတစ်- သင်တန်းသစ်တစ်ခုအတွက် အစည်းအဝေးဆောင်ရွက်မှု အပြီးသတ်ရေးအတွက် ငါးမိနစ်မျှ ရေးသားမှုပြုခဲ့သည်။ ပထမစာမျက်နှာသာလျှင် ကျွန်တော်လုပ်ကိုင်နိုင်ခဲ့လျှင်လည်း ထိုသို့လုပ်နိုင်ခြင်းက အားတက်စရာဖြစ်ခဲ့သည်။ ကျွန်တော် အစပြုမိပြီဟု ခံစားမိသည်။ ထို့နောက် ကိစ္စနှစ်- မိတ်ဆွေတစ်ဦးနှင့် စာချုပ်ကိစ္စတစ်ခု ဆွေးနွေးနေသည့်အနေ၊ လိပ်ခဲတည်းလည်း အဆင်မပြေဖြစ်နေသည့်အနေ ကျွန်တော်သူ့ရုံးခန်းသို့ ဖုန်းဆက်ပြီး တွေ့ဆုံရန်ချိန်းဆိုပြီး ကျွန်တော့်အားလပ်ရက် ပြောလိုက်မည်။ ယင်းသည်လည်း စိတ်လန်းဆန်းတက်ကြွစေခဲ့သည်။

ကျွန်တော့်တတိယအပူအပင်ကား ကျွန်တော် ပြန်ကြားရမည့်စာတစ်ထပ်ပင်ဖြစ်ခဲ့သည်။ ယင်းတို့ကိုရွေး၍ ကျွန်တော့်စားပွဲထက်မှ တခြားအရှုပ်အပွတို့နှင့် သီးခြားကင်းလွတ်စေမည့် ဖိုင်အိတ်တစ်ခုထဲထည့်ရန်မှာ ငါးမိနစ်မျှကြာမည်။ ယင်းသည်လည်း ကျေနပ်အားရစရာဖြစ်ခဲ့သည်။ စတုတ္ထ အရေးပါခရီးစဉ်တစ်ခု အစီအစဉ်ချရေးပင် ဖြစ်ခဲ့သည်။ ထို့အတွက် ပြက္ခဒိန်ကိုကြည့်၍ ခရီးစဉ်အတွက် တခြားလမ်းကြောင်းတစ်ခု ရှာဖွေပေးရန်၊ ကျွန်တော့်ခရီးသွားလုပ်ငန်းကိုယ်စားလှယ်ကိုအကြောင်းကြားရန် ငါးမိနစ်မျှပင် မကြာခဲ့ချေ။

နောက်ဆုံး ကျွန်တော့်သားအရေးနှင့် ပတ်သက်၍မူ ကျွန်တော်သည် စာရွက်တစ်ရွက်ဆွဲထုတ်လိုက်ပြီး သူ၏ဆရာမထံ စာတိုတစ်စောင် ရေးသားပေးပို့လိုက်သည်။ ကျွန်တော်တို့ သုံးဦးတွေ့ဆုံပြီး ညှိနှိုင်းဆွေးနွေးပြုကြပါလျှင် ထိုအရေးပြီးပြတ်သွားပေမည်ဟု ရေးသားလိုက်သည်။

ယင်းကိစ္စအားလုံးပြုလုပ်ရန် ၂၅ မိနစ်သာ ကြာခဲ့သည်။ ကျွန်တော့်ကိုစိုးရိမ်ပူပန်မှုအဖြစ်ဆုံး အရာငါးခုက ကျွန်တော့်ကို စိုးရိမ်ပူပန်နေစေခြင်း မရှိခဲ့တော့ချေ။ ကျွန်တော်သည် နောက်မှ ယင်းတို့ကို ပြန်ကောက်၍ ကိစ္စပြီးပြတ်သွားအောင် ဆောင်ရွက်နိုင်သည်။

သင့်ကို တစ်စုံတစ်ရာက စိုးရိမ်ပူပန်နေစေပါလျှင် ယင်းနှင့်ပတ်သက်၍ အမြဲတစေတစ်စုံတစ်ရာ ပြုလုပ်ပါ။ ထိုပြဿနာ လုံးဝပျောက်ကင်းသွားစေမည်။ ကြီးကြီးကျယ်ကျယ် ကိစ္စဖြစ်ရပ်မလိုအပ်ချေ။ အလွန်သေးငယ်သောကိစ္စဖြစ်နိုင်သည်။ သို့သော် သင့်အပေါ် ယင်း၏အကျိုးပြုဂယက်ကတော့ လွန်စွာကြီးမားပေလိမ့်မည်။

ကျွန်တော့်မိတ်ဆွေတစ်ဦးသည် သူ၏ကြောင်နှင့် ပတ်သက်၍ ကြောင့်ကြနေခဲ့သည်။ ကြောင်သည် အနည်းငယ် ဖျားနာနေဟန်ပေါက်နေသော်လည်း တိရစ္ဆာန်ဆရာဝန်ထံ ခေါ်သွားရန်လောက် ပြင်းပြင်းထန်ထန်မရှိခဲ့ချေ။ ရောဂါလက္ခဏာများမှာလည်း မထင်ရှားလှသောကြောင့် တိရစ္ဆာန်ဆရာဝန်ကို ပြောပြရန် လွယ်ကူမည်မဟုတ်ဟု ယူဆခဲ့သော်လည်း သူ ကြောင့်ကြမိခဲ့သည်။ သူသည် ထိုကိစ္စအကြောင်း နှစ်ခါသုံးခါမျှ စကားစပြီးနောက် ကျွန်တော်က သူ့ကို ပြောလိုက်တော့သည်။

“ခင်ဗျား... တစ်ခုခုလုပ်ရမယ်”

“အဲဒါက ပြဿနာပဲ။ လုပ်စရာ ဘာမှမရှိဘူး” သူက ပြောလိုက်သည်။

“တစ်ခုခုတော့ လုပ်လေ။ တိရစ္ဆာန်ကုဆရာဝန်ကိုခေါ်ပြီး စကားပြော” ကျွန်တော်က ပြောလိုက်သည်။

“အဲဒါက အဓိပ္ပာယ်ရှိမှာမဟုတ်ဘူး။ ကျွန်မပြောတာကို ဆရာဝန်က ဘာမှသိမှာမဟုတ်ဘူး။ ကြောင်ကိုခေါ်လာခဲ့လို့ပဲ ပြောလိမ့်မယ်။ ဒါပေမဲ့ အဲဒီလို ခေါ်သွားရအောင်လည်း ရောဂါမကြီးမှန်း ကျွန်မသိတယ်” သူက ဆိုလိုက်သည်။

“ဟုတ်ကဲ့... ကျွန်တော် နားလည်ပါတယ်။ ဒါပေမဲ့ ကြောင်အတွက်၊ တိရစ္ဆာန်ကုဆရာဝန်အတွက် မဟုတ်ဘူး။ ခင်ဗျားအတွက် ခင်ဗျားလုပ်ဖို့လိုတယ်။ ဘာမှမလုပ်တဲ့အတွက် ခင်ဗျားရင်ထဲမှာ ပူပန်မှုတွေ ပိတ်မိနေရော” ကျွန်တော်က ရှင်းပြလိုက်သည်။

“ဟုတ်ပြီ... ရှင်ပြောတာ ကျွန်မသဘောပေါက်တယ်” သူကဖြေလိုက်သည်။

တိရစ္ဆာန်ကုဆရာဝန်ထံ သူ ဖုန်းဆက်လိုက်သောအခါ ဆရာဝန်က ကြောင်၏ရောဂါကို တွက်ဆနိုင်လိုက်၍ သူ အံ့သြသွားခဲ့သည်။ ကြောင်ကို ခေါ်လာခဲ့ပါရန် သူထင်သည့် ရောဂါဖြစ်နေပါလျှင် ရှင်းသွားစေမည့် ဆေးတစ်ခုခု တိုက်ကျွေးလိုက်မည်ဟု ပြောကြားခဲ့သည်။

သင့်ကို စိတ်ပူစေသောအခါနှင့်ပတ်သက်၍ ဆောင်ရွက်မှုပြုသင့်သည်။ တွေးတောစဉ်းစားရုံမျှသာ မပြုသင့်ချေ။ လှုပ်ရှားဆောင်ရွက်မှုပြုရသည်ကို မကြောက်လန့်ပါနှင့်။ လှုပ်ရှားဆောင်ရွက်မှု အရာမြောက်သမျှ အလွန်သေးငယ်လွယ်ကူသော လှုပ်ရှားလုပ်ကိုင်မှုကိုပင်ပြုနိုင်သည်။အလွန်သေးငယ်သော လှုပ်ရှားဆောင်ရွက်မှုပင်လျှင် သင့် ပူပန်စိုးရိမ်စိတ်ကိုလွင့်ပါးစေမည်။ ကြောက်လန့်မှုသည် ဆောင်ရွက်မှုနှင့် ဒွန်တွဲရှင်သန်၍မရချေ။ လှုပ်ရှားဆောင်ရွက်မှုရှိလျှင် စိုးရိမ်ကြောက်လန့်မှုမရှိချေ။ စိုးရိမ်ကြောက်လန့်စိတ်ရှိနေလျှင် လှုပ်ရှားဆောင်ရွက်မှု ကင်းသည်။

နောက်တစ်ကြိမ် တစ်စုံတစ်ရာနှင့်ပတ်သက်၍ စိုးရိမ်ပူပန်စိတ်ဝင်ပါလျှင် သင့်ကိုယ်သင် ‘ငါ သေးသေးမွှားမွှား ဘာများ အခုလုပ်နိုင်မလဲ’ဟု မေးမြန်းပါ။ ထို့နောက် လုပ်နိုင်သည်ကိုလုပ်ပါ။ ‘ဒီတစ်ခုလုံး လွင့်ပါးသွားအောင် ငါ ဘာများလုပ်ရမလဲ’ဟု မေးမြန်းရန် မမေ့ပါနှင့်။ ထိုအမေးသည် သင့်ကို လှုပ်ရှားဆောင်ရွက်မှုပြုအောင် မစေ့ဆော်ချေ။ သင့် စိုးရိမ်ပူပန်မှုများနှင့်ပတ်သက်၍ လှုပ်ရှားဆောင်ရွက်မှုသည် သင့်ကို တခြားအရာများအတွက် လွတ်လပ်စေသည်။ သင့်ဘဝထဲမှ ကြောက်ရွံ့စိတ်နှင့် မသေချာမှုတို့ကို ဖယ်ရှား၍ သင့်ကိုယ်သင် လိုချင်သော ပုံမှန်ဖန်တီးမှု၊ စွမ်းရည်ကွပ်ကဲမှုအပေါ် တည်ပေးသည်။ လှုပ်ရှားဆောင်ရွက်မှုသာ ပြုလိုက်ပါ။

**Ref: Replace worry with action by Steve Chandler**

■

# ကြွယ်ဝချမ်းသာသူဖြစ်ချင်သလား

မောင်ထူးချွန်

ကြွယ်ဝချမ်းသာသူဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးကိုလူတိုင်းက မျှော်လင့်ကြတယ်။ တောင့်တကြတယ်။ လိုချင်ကြတယ်။ ဆုတောင်းကြတယ်။

မောင်တို့မယ်တို့အနေနဲ့ ကြွယ်ဝချမ်းသာတဲ့သူဖြစ်နိုင်ကြဖို့ ဘယ်လိုပြင်ဆင်ရမလဲဆိုတာ သိချင်ကြမှာပါပဲ။

ဆိုပါစို့ကွယ်။ မွေးဖွားလာတဲ့ဇာတိအစ ကလေးဘဝနဲ့ လူ့လောကကိုဖြတ်သန်းရာမှာ အချို့ကပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာနဲ့ တာထွက်ကြရတယ်။ ဒါဆို ဒီကလေးရဲ့ ခရီးအစမှာ ကံကောင်းတာပေါ့။ အချို့ကကျတော့ ပင်ပန်းဆင်းရဲစွာနဲ့ ကလေးဘဝကိုဖြတ်သန်းကြရတယ်။

မွေးဖွားခဲ့စဉ်က ဆင်းရဲတာချမ်းသာတာဟာ မိမိကိုယ်တိုင်အနေနဲ့ ဘာမျှပါဝင်စွက်ဖက်နိုင်စွမ်းမရှိဘူးလေ။ ဒါကြောင့် ငယ်စဉ်ကဆင်းရဲရခြင်းဟာ မိမိအပြစ်မဟုတ်ဘူးလို့ခံယူကြရမယ်။

"သင်မွေးဖွားစဉ်က ဆင်းရဲရခြင်းသည် သင့်အပြစ်မဟုတ်ပေ။ သို့သော် အကယ်၍သင်သည် ဆင်းဆင်းရဲရဲဘဝနှင့် သေဆုံးရမည်ဆိုပါက သင်၏အပြစ်သာဖြစ်ပေသည်။" ဟု ကမ္ဘာကျော်သန်းကြွယ်သူဌေးကြီး ဘီလ်ဂိတ်စ်က ပြောကြားခဲ့ဖူးသည်။

လူ့ဘဝတစ်ခုကိုလူလားမြောက်အောင်ထူထောင်တည်ဆောက်ကြရာတွင် လူသားချင်းအခွင့်အရေး၊ အခွင့်အလမ်းအတူတူပဲရကြတာပဲလို့ ယေဘုယျဆိုနိုင်ပါတယ်။ ဘယ်သူမျှ ခေါင်းတစ်လုံးအပိုမပါဘူးလေ။

နောက်ပြီးတစ်ရက်မှာ အချိန်က ၂၄ နာရီထက်ပိုမရပါဘူး။ တစ်ကမ္ဘာလုံးမှာ အတူတူပေးထားတာပါပဲ။ လူဆိုတဲ့ဖြစ်စဉ်ကလည်း အတူတူ။ အချိန်ပေးထားတာလည်း အတူတူပဲပေါ့ကွယ်။ ဒီနေရာမှာတော့ ရှင်သန်မှု၊ နေထိုင်မှု၊ ခံယူမှု၊ ဆောက်တည်မှု စတာတွေကြောင့်သာ တဖြည်းဖြည်းကွာဟသွားကြရတယ်။

(၁) ဆန္ဒာဓိပတိဆိုတဲ့ ရည်မှန်းချက်ခိုင်မာစွာထားရှိပြီး ထက်သန်တဲ့စွဲမြဲမှု ဆန္ဒရှိရမယ်။ (၂) စိတ္တာဓိပတိ ဆိုတဲ့ စိတ်အားထက်သန်ရမယ်။ နိုးကြားတက်ကြွ ဖွဲ့သတ္တိရှိရမယ်။ (၃) ဝီရိယာဓိပတိဆိုတဲ့ ကြိုးစားအားထုတ်မှုလုံ့လဝီရိယရှိရမယ်။ မပျင်းရ၊ မပေ့ါရဘူး။ (၄) ဝီမံသာဓိပတိဆိုတဲ့ ရည်မှန်းချက်နဲ့ ဆက်စပ်ပတ်သက်တဲ့ နယ်ပယ်၊ ပညာရပ်တွေကိုကျွမ်းကျင်နှံ့စပ် သိမြင်တတ်မြောက်ရမယ်။ အတတ်ပညာပြည့်စုံရမယ်။ စတဲ့အဓိပတိလေးပါးကို ယုံကြည်လေးစားလိုက်နာ ကျင့်ဆောင်နိုင်ရင် ပြည့်စုံကြွယ်ဝမှုတို့ကို ရရှိလာမှာပါပဲ။ ဘဝကိုစတင်တည်ဆောက်တဲ့နေရာမှာ အစပျိုးရမယ့် ကနဦးသိရှိကျင့်ဆောင်ရမယ့်အရာပေါ့ကွယ်။




သွားနေသူနဲ့ ရပ်နေသူဟာ ကြာလေလေဝေးလေလေဆိုသလို၊ အဓိပတိလေးပါးကို အသုံးချကာ သွားနေသူဟာ ရှေ့ကိုရောက်ရှိလာမှာဖြစ်ပြီး ဘာမှမလုပ်ဘဲရပ်နေတဲ့သူကတော့ မူလနေရာမှာပဲကျန်နေရစ်ခဲ့မှာဆိုတာ မောင်တို့မယ်တို့ သိနေစေချင်တယ်။

ရှိန်ရှိန်ညီးညီးထက်သန်တဲ့ ဆန္ဒကြောင့်သာ မိမိမှာ နိုးကြားတက်ကြွတဲ့ စိတ်ဓာတ်ရှိလာတာဖြစ်တယ်။

ရှင်သန်တက်ကြွတဲ့ စိတ်ကခိုင်မာတဲ့ ဇွဲကို ဖြစ်ပေါ်စေတယ်။ ဘယ်လိုအခက်အခဲမျိုးမဆို "ငါ အောင်မြင်ရမယ်။ ငါအောင်ရမယ်" ဆိုတဲ့ အောင်စိတ်က ခွန်အားဖြစ်စေတယ်။ ဆန္ဒကလည်း အလွန်တရာထက်သန်၊ တက်ကြွ နိုးကြားတဲ့စိတ်ထားကလည်း အားမာန်အပြည့်ရှိတဲ့အခါ လုံ့လဝီရိယဆိုတဲ့ ကြိုးစားမှုကြိုးပမ်းမှုကလည်း တွဲဆက်ကာ ပါလာတာပေ့ါ။

အကြိမ်ကြိမ်အခါခါ လုပ်ဆောင်ရပေမယ့် စိတ်မပျက်၊ လက်မလျှော့၊ အကောင်းဆုံးဖြစ်စေရမယ်ဆိုတဲ့စိတ်နဲ့ သင်ခန်းစာယူကာ ပိုမိုကောင်းမွန်အောင် အလုပ်ဟူသမျှကို ရှိရိုသေသေလေးလေးစားစား လုပ်ဆောင်နိုင်ဖို့ လိုအပ်တယ်။

မိမိလုပ်ဆောင်ရတဲ့ အလုပ်မှာ ပါဝင်တဲ့အခြေခံသဘောတရားတွေကိုကောင်းစွာနားလည်ရန်လိုအပ်သလို အလုပ်ရဲ့ အစအလယ်အဆုံး အစီအစဉ်ကိုကြိုတင်သိမြင်သုံးသပ်နိုင်မှသာခရီးတွင်မှာဖြစ်တယ်။

အလုပ်နဲ့ဆိုင်သမျှ တတ်မြောက်ကျွမ်းကျင်မှုဟာ ပညာဖြစ်တယ်။

အလုပ်နဲ့ပတ်သက်တဲ့ အထူအပါး၊ အနိမ့်အမြင့်၊ အကောင်းအဆိုး၊ အကျိုးအပြစ်၊ အကြောင်းတရား စတဲ့အရာတွေကို အမှန်တကယ် နားလည်ကျွမ်းကျင်မှသာ ပညာပြည့်ဝတယ်လို့ဆိုရမှာပေ့ါ။

သီအိုရီသဘောတရားသိထားရုံနဲ့ မပြည့်စုံသေးဘူး။ သဘောတရားကိုလက်တွေ့အသုံးချပြီး အောင်မြင်စွာအကောင်အထည်ဖော်နိုင်စွမ်းရှိမှသာ ပညာပြည့်စုံတာဖြစ်တယ်။

ဒါကြောင့် ဆင်းရဲချမ်းသာ ကွာခြားနိုင်တယ်ဆိုတာမှန်ပေမယ့် ရရှိလာတဲ့မိမိဘဝတစ်ခုကို ပျိုးထောင်ကာ အောင်မြင်အောင်တည်ဆောက်နိုင်သူတွေလည်း ကမ္ဘာမှာ သန်းပေါင်းများစွာရှိပါတယ်။ အောင်မြင်ကြီးပွားချမ်းသာကြသူတွေရဲ့ ဘဝအကြောင်းတွေကို လေ့လာကြည့်ရင် အဓိပတိလေးပါးကိုလက်ကိုင်ထားကာ ကြိုးစားရုန်းကန်ခဲ့ကြသူတွေသာပါပဲ။

ဒါကြောင့် ဘဝကို မြင့်မားလိုရင်ပဲဖြစ်ဖြစ်၊ အောင်မြင်ကြီးပွားလိုရင်ပဲဖြစ်ဖြစ် မရမနေထက်သန်ပြင်းပြတဲ့ ဆန္ဒတစ်ခုတော့ ရှိနေရမယ်။

အောင်မြင်ကြီးပွားချမ်းသာကြသူအများစုဟာ ဒီဆန္ဒကိုအကောင်အထည်ဖော်ဖို့ရာမှာ သူတကာတွေ အနားယူနေချိန်၊ အိပ်စက်နေကြချိန်တွေမှာ မအိပ်နိုင်ဘဲ၊ အနားမယူနိုင်ဘဲ၊ အပင်ပန်းအဆင်းရဲခံကာ ကြိုးစားရုန်းကန် လုပ်ဆောင်ခဲ့ကြရတယ်။ ကံ၊ ဉာဏ်၊ ဝီရိယကို အသုံးချခဲ့ကြရတယ်။

ပထမအရွယ်မှာ ပညာရှာပြီး ရအောင်သင်ယူရမယ်။ ဘွဲ့တွေ ဒီဂရီတွေမရနိုင်ရင်တောင်မှ ထမင်းရှာစားတတ်အောင် အနည်းဆုံး အတတ်ပညာတစ်ခုခု တတ်မြောက်ကျွမ်းကျင်အောင် အားထုတ်ကြရမယ်။ ဒုတိယအရွယ်မှာ ဥစ္စာငွေကြေးရှာဖွေရရှိကာ မိသားစုကို ပြုစုကျွေးမွေးနိုင်ရမယ်။ ချွေတာစုဆောင်းနိုင်ရမယ်။ ချမ်းချမ်းသာသာနေနိုင်ရမယ်။ အရွယ်ရှိတုန်းမှာ စာပေကိုလေ့လာလိုက်စားဖတ်ရှုနိုင်ရမယ်။ တတိယအရွယ်ရောက်တဲ့အခါ ဒါန၊ သီလ၊ ဘာဝနာတရားကိုလက်ကိုင်ပြုကာ ကုသိုလ်ကောင်းမှုများကို နောင်သံသရာဘဝအဆက်ဆက်အတွက် စုဆောင်းဖြည့်ဆည်းပေးနိုင်ရမယ်။

ဒါမှသာ သက်ကြီးပိုင်းအရွယ်မှာ ကြွယ်ဝချမ်းသာမှုနဲ့ ဘဝကိုချမ်းချမ်းသာသာဖြတ်သန်းနိုင်မှာပေ့ါကွယ်။ လောကီမှာချမ်းသာမှုကိုရရှိပိုင်ဆိုင်ထားတဲ့အတွက် လောကုတ္တရာအကျိုးကို ရှေးရှုကျင့်ဆောင်တဲ့နေရာမှာ နောက်ဆံမတင်းဘဲ သံသရာမှာဘဝကူးကောင်းအောင် စိတ်ဖြောင့်ဖြောင့်နဲ့လုပ်ဆောင်နိုင်မယ်ဆိုတာ နှလုံးသွင်းထားနိုင်ရမယ်။

ဒါကြောင့် မောင်တို့မယ်တို့အနေနဲ့ ဘဝဖြတ်သန်းမှုမှာ အောင်မြင်မှုနည်းနာတွေကို လိုက်နာကျင့်ဆောင်နိုင်ခြင်းအားဖြင့် ဘဝတစ်လျှောက်မှာ ကြွယ်ဝချမ်းသာမှုကို ရရှိပိုင်ဆိုင်နိုင်ကြမှာပဲပေါ့ကွယ်။ ။

■

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

**အားကိုးထိုက်သူဖြစ်ရန်ကြိုးစား**

"လူဆိုသည်မှာ ယုံကြည်ထိုက်သူဖြစ်အောင် ရိုးသားရမယ်။ အားကိုးထိုက်သူဖြစ်အောင် ကြိုးစားရမယ်။ လေးစားထိုက်သူဖြစ်အောင် ဖြူစင်ရမယ်"

ဓမ္မဘေရီဆရာတော်

ဘဝတစ်လျှောက်တွင် အောင်မြင်ကြီးပွားချမ်းသာလိုသူ လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် ရိုးသားမှုရှိရပေမည်။ ကြိုးစားမှုရှိရပေမည်။ နိုးကြားမှုရှိနေရမည်ဟု ဓမ္မဘေရီဆရာတော်ဘုရားကြီးက အသိ၊ သတိပေးစကားကို မိန့်ကြားထားခြင်းဖြစ်သည်။

သို့ဖြစ်၍ အားကိုးထိုက်သူဖြစ်အောင် ရိုးသားစွာကြိုးစားရမည်ဖြစ်သည်။

ထို့အပြင် ရိုးသားခြင်းသည် စာရိတ္တကောင်းခြင်းပင်။ စာရိတ္တကောင်းရှိသူသည်သာ ရိုးသားသည့်ဂုဏ်ကို ရရှိသူဖြစ်သည်။ ထို့ကြောင့် ရိုးသားမှုရှိရန်အတွက် စာရိတ္တကောင်းရှိရန်လိုသည်။ စာရိတ္တကောင်းရှိရန်နှင့် ရိုးသားကြိုးစားသူဖြစ်စေရန် ငယ်စဉ်ကပင် လေ့ကျင့်ပျိုးထောင်ရယူရမည်လည်းဖြစ်သည်။ သို့မှသာ လေးစားထိုက်သူဟူ၍ ဆက်လက်ဖြစ်ပေါ်လာနိုင်ပေမည်။

"စာရိတ္တဟာ လူ့စွမ်းအားပါပဲ"ဟု စာရေးဆရာ ဘွတ် ကာ,တီ, ဝါရှင်တန်(၁၈၅၆–၁၉၁၅) က ရေးသားခဲ့ဖူးသည်။ ယင်းစာရေးဆရာသည် ကိုယ့်ထူးကိုယ်ချွန် လူမည်းကျောင်းဆရာတစ်ဦးလည်းဖြစ်သည်။

ကြီးပွားချမ်းသာလိုသူတိုင်း၏ အဓိကလိုအပ်ချက်အဖြစ် ရိုးသားမှုကအရေးပါကြောင်း ဘဝတိုးတက်အောင်မြင်ရေးကျမ်းများကလည်း ဖွင့်ဆိုထားသည်။ ရိုးသားသူကို လူမှုဝန်းကျင်က နှစ်သက်သဘောကျသည်။ ရိုးသားသူ၊ စာရိတ္တကောင်းရှိသူသည် လူဝင်ဆံ့သည်။ လူမှုဝန်းကျင်၌ ရိုးဂုဏ်ရှိသူအဖြစ် ထင်ရှားသည်။ လူအများက စွမ်းအားရှိသူအဖြစ်အားကိုးလိုသည်။ ထိုအခါ အားကိုးထိုက်သူအဖြစ်အလိုလိုဖြစ်လာရပေသည်။

ဂျာမန်စာရေးဆရာ ကဗျာဆရာ ဂျွန်ဝုဖ်ဂန်း,ဗွန်,ဂိုထေး (၁၇၄၉–၁၈၃၂) ကလည်း "လူတစ်ယောက်ရဲ့ စာရိတ္တဟာ သူ့သမိုင်းပဲ" ဟု ရေးသားခဲ့ကြောင်း မှတ်သားဖူးပါသည်။

သို့ဖြစ်သောကြောင့် ကြီးပွားချမ်းသာလိုသူတိုင်း စာရိတ္တကောင်းများရှိကိုရှိနေရမည်။ စာရိတ္တကောင်းရှိမှ ရိုးသားမှုရှိမည်။ ရိုးသားမှုရှိပါမှ ဘဝတစ်လျှောက် တိုးတက်အောင်မြင်မှုရရှိပြီး ကြီးပွားချမ်းသာရာလမ်းစကို အမှန်တကယ် ရှာဖွေတွေ့မြင်နိုင်မည်လည်းဖြစ်သည်။



မိမိဆန္ဒသည် မိမိ၏စိတ်စွမ်းအား ဖြစ်တည်မှုအတိမ်အနက်ပင်။

မိမိ၏ စိတ်ဆန္ဒပြင်းထန်မှုအပေါ်တွင် စိတ်တို့၏စွမ်းအား၊ အရည်အသွေး၊ ဖန်တီးမှု၊ ကြိုးစားမှုတို့က အားနည်းခြင်း၊ အားကြီးခြင်းဟူသည့် စွမ်းဆောင်ရည်ကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

မိမိဘဝကို မိမိနှစ်သက်သည့်ပုံစံအတိုင်း ထုဆစ်ပုံဖော်နိုင်ခွင့်ရှိသည်။ မည်ကဲ့သို့ပုံဖော်မည်နည်း။ မည်သည့်ပုံစံဖြင့် ရယူလိုပါသနည်း။ မည်သည့်အသွင် ဖြစ်လာမည်ဆိုသည်ကား မိမိ၏ကိုယ်တိုင်ထုဆစ်ပုံဖော်လုပ်ဆောင်မှုအပေါ်သာ မူတည်ပေသည်။

ယင်းသို့ပုံဖော်ထုဆစ်ရာတွင် စိတ်စွမ်းရည်၊ စိတ်စွမ်းအားတို့၏ စွမ်းဆောင်ရည်မြင့်မားတိုးတက်လာစေရန် တွန်းအားများကို ပညာရေးဝန်းကျင်ကရနိုင်သည်။ လူမှုပတ်ဝန်းကျင်ကရနိုင်သည်။ မိသားစုအသိုက်အဝန်းကရနိုင်သည်။ ကျောင်းပြင်ပ လူမှုရေးအသင်းအဖွဲ့လှုပ်ရှားမှုများကရနိုင်သည်။ ထို့အပြင် စာကြည့်တိုက်၊ စာဖတ်ခန်းများကလည်းရနိုင်ပါသည်။

ထို့ကြောင့် တန်ဖိုးရှိသည့်အချိန်ကို သေချာစွာအသုံးချနိုင်ရန်လိုသည်။ အချိန်ဖြုန်း၍ မဖြစ်။

"အချိန်နှင့်ဒီရေသည် လူကိုမစောင့်"၊ "လသာတုန်းဗိုင်းငင်" ဟူသည့် မြန်မာစကားပုံများလည်း ရှိပြီးဖြစ်သည်။

အချိန်၏ရာသီစက်ဝန်းအတွင်းမှာ လူသားတို့၏ အသက်အရွယ်သည် တရွေ့ရွေ့ကြီးပြင်းလာရာ မျိုးဆက်သစ်လူငယ်လူရွယ်များမှသည် တဖြည်းဖြည်းကြီးရင့်လာသည့် အသက်အရွယ်တို့သို့ ရောက်ရှိလာရသည် ဖြစ်သည်။ ထိုကဲ့သို့ ကြီးရင့်လာမှုနှင့်အတူ အတွေးအမြင်၊ အသိများ၊ အတွေ့အကြုံများလည်း ကြီးမြင့်လာရန် လွန်စွာမှ အရေးကြီးလှပါသည်။

သို့ဖြစ်သောကြောင့် ကြိုးစားရပေမည်။ ရိုးသားရပေမည်။

တစ်ကမ္ဘာလုံးတွင်ရှိကြကုန်သော လူသားတိုင်းသည် ဘဝတိုးတက်အောင်မြင်ပြီး ကြီးပွားချမ်းသာရန် ကြိုးစားနေကြသည်။ မိမိမကြိုးစားလျှင် မိမိကျန်ရစ်ခဲ့ပေမည်။ အောင်မြင်ကြီးပွားချမ်းသာလိုသူတိုင်း ကျားကုတ်ကျားခဲဖြင့် ရုန်းကန်ကြိုးစားနေကြသည်။ လောကပတ်ဝန်းကျင်တွင် မျက်စိဖွင့်၊ နားစွင့်နေကြသည်။ နိုးကြားတက်ကြွနေကြသည်သာဖြစ်သည်။

သို့မှသာ အောင်မြင်ကြီးပွားမှု အခွင့်အလမ်းကို လက်ဝယ်ပိုင်ပိုင်ဆွတ်ခူးနိုင်မည်ဖြစ်သည်။

လူတိုင်းလူတိုင်း ကြီးပွားချမ်းသာလိုကြသည်ဖြစ်ရာ မိမိ၏ဘဝတစ်လျှောက်လုံးတွင် အားကိုးထိုက်သူဖြစ်အောင် ရိုးသားစွာ ကြိုးစားရမည်ဟူသည့် စိတ်ဆန္ဒကိုဖော်ကျူးအားထုတ်ရန်လိုအပ်မည်။

ရိုးသားစွာကြိုးစားသူ၏အရင်းခံဖြစ်သည့် စာရိတ္တဟူသည် လူသားတစ်ဦး၏ ဘဝတစ်လျှောက်တွင် တန်ဖိုးအကြီးမားဆုံး အကြောင်းရင်းဖြစ်ကြောင်း ဘာသာရေးခေါင်းဆောင်များကလည်း တရားတော်များတွင် သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်သဘောဖြစ်စေ ထည့်သွင်းကာ သွန်သင်ဆုံးမလျက်ရှိသည်။ ထို့ကြောင့် ရိုးသားမှုကို အရင်းတည်ပြီး ကြိုးစားအားထုတ်ကာ နိုးကြားတတ်ကြွစွာဖြင့် အသိသတိထားရှိကာ လုပ်ဆောင်ကြမည်ဆိုလျှင် အောင်မြင်ကြီးပွားချမ်းသာမှုကို ရယူပိုင်ဆိုင်နိုင်မည်မှာ အသေအချာပင်ဖြစ်ပေတော့သည်။ ။

## သီတင်းကျွတ်အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၁၇**

ကချင်ပြည်နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် ပြည်နယ်ပိုက်ကျော်ခြင်း ဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် သီတင်းကျွတ် အထိမ်းအမှတ် အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်း ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီက မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကာ ဆုများပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲစဉ်အဖြစ် အံတော်ရှင် (က)အသင်းနှင့် ကျောင်းသားကလပ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ အံတော်ရှင်(က)အသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများက အမျိုးသား သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံး ဆုရရှိသောအားကစားသမားများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားအား ငွေသားဆုနှင့် ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်ပြီး တတိယဆုရရှိသော အငယ်လေးအသင်းအား ပြည်နယ် အမျိုးသမီးအားကစားအဖွဲ့ နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်နန်ဆိုင်းက တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ကျောင်းသားကလပ်အသင်းအား ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပထမဆုရရှိသော အံတော်ရှင်(က) အသင်းအား ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

**ပြည်နယ်(ပြန်/ဆက်)**





## ၂၀၂၂ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးဝူရှူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**မန္တလေး အောက်တိုဘာ ၁၇**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ Multipurpose Stadium တွင် ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ပြိုင်ပွဲအမျိုးအစားအလိုက် တံခွန်စိုက်ဆု၊ အကောင်းဆုံးအားကစားသမားဆုနှင့် ဆုရရှိသည့် အသင်းများအား ဆုတံဆိပ်နှင့်ငွေသားများကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တံခွန်စိုက်ဆုရရှိသော အသက်(၁၂)နှစ်အထက် အမျိုးသားဝူရှူး (ထောက်လု)ပြိုင်ပွဲမှ မန္တလေး တိုင်းဒေသကြီးအသင်းနှင့် အမျိုးသမီးဝူရှူး (ထောက်လု) ပြိုင်ပွဲမှ မန္တလေးတိုင်းဒေသကြီးအသင်း၊ အမျိုးသားဝူရှူး(ဆန်းဆို)ပြိုင်ပွဲမှ ကရင်ပြည်နယ်အသင်းနှင့် အမျိုးသမီးဝူရှူး(ဆန်းဆို)ပြိုင်ပွဲမှ မန္တလေးတိုင်းဒေသကြီးအသင်းတို့အား တံခွန်စိုက်ဆုနှင့် ငွေငါးသိန်းစီနှင့် စုပေါင်းတံခွန်စိုက်ဆုရရှိသည့် မန္တလေး တိုင်းဒေသကြီးအသင်းအား ဆုနှင့် ငွေကျပ် ၁၀ သိန်းတို့ကို လည်းကောင်း ချီးမြှင့်ပေးအပ်ကြကာ အားကစားသမားများအား ရင်းနှီးစွာ နှုတ်ဆက်သည်။

အလားတူ ယနေ့နံနက်ပိုင်းက ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ချမ်းအေးသာစံမြို့နယ် ယူနန်ဗုဒ္ဓဘာသာ ဘုရားကျောင်းခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခင်းကျင်းပြသထားသည့် ခေတ်မီ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများကို လိုက်လံကြည့်ရှုရာ တိုင်းမီးသတ်ဦးစီးမှူးက လိုက်ပါရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ၌ ရွှေအောင်လံဆုရှင် စောဘဟိန်းနှင့် ရွှေခါးပါတ်ချန်ပီယံ စောရွှေလေးတို့ ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၁၇**

Lethwei Journey Group က ဦးစီးကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲ၌ ရွှေအောင်လံဆုရှင် စောဘဟိန်းနှင့် ရွှေခါးပါတ်ချန်ပီယံ စောရွှေလေး၊ ရွှေခါးပါတ်ချန်ပီယံ ဝင်းထွန်းနှင့် သူရရဲအောင်၊ စောဂျွန်(နဂါးမာန်)နှင့် စောဝီလျံ(ဒို့ရိုးရာ)၊ အထူးပွဲအဖြစ်စောဝမ်ချုံနှင့် စောကရင်၊ မျိုးဆက်သစ်ပြိုင်ပွဲ ခုနစ်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

“ဒီပြိုင်ပွဲက ပုံမှန်ရိုးရာလက်ဝှေ့နဲ့ ပတ်သက်ပြီး ဆွေးနွေးပြောဆိုတဲ့ စနေစကားဝိုင်းဆိုတာရှိတယ်။အဲဒီစနေစကားဝိုင်းက ရိုးရာလက်ဝှေ့ မျိုးဆက်သစ်ဖော်ထုတ်ရေး၊ ရန်ကုန်အခြေစိုက် ဆွေးနွေးရင်းကနေ 360Sport က ရန်ကုန်အခြေစိုက်ပွဲတွေကို သီးခြားလုပ်တယ်။အဲဒါကြောင့် ရိုးရာလက်ဝှေ့ပွဲတွေ လုပ်ချင်တဲ့သူတွေ စုစည်းပြီး လက်ဝှေ့ခရီးစဉ်ကို ဆန့်ပြီး ဂရုနှစ်ခုဖွဲ့တယ်။ အဲဒီဂရုကနေ တာဝန်ယူပြီး ကျင်းပတာဖြစ်ပါတယ်။ ဒါကြောင့် အခြားသူတွေနဲ့ ပုံစံတစ်မျိုးမတူအောင် လာကြည့်တဲ့ပရိသတ်တွေကို ရသတစ်မျိုးပေးချင်လို့ စိန်ခေါ်ပွဲ၊ အထူးပွဲ၊ သရုပ်ပြပွဲနဲ့ မျိုးဆက်သစ်ပွဲတွေကို ပရိသတ်တွေကို ချပြတာဖြစ်ပါတယ်”ဟု ပွဲစီစဉ်သူ ကိုအောစကာက ပြောသည်။



အဆိုပါပြိုင်ပွဲကြီးကို Lethwei Journey Facebook page နှင့် 360 Sports Youtube Channel တို့တွင် တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ပြီး ရုံဝင်ကြေး ကျပ် ၅၀၀၀၊ ကျပ် ၁၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**ဗလစိုး**



## ဒီဂရီကောလိပ်(ရန်ကုန်)တွင် (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)တွင် ကျောင်းပိတ်ရက်ကာလ လေ့ကျင့်ချိန်များတွင် အိပ်ဆောင်လိုက် (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့မွန်းလွဲပိုင်းက အဆိုပါ ကျောင်းဝင်းအတွင်းရှိ ဘော်လီဘောအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို အောက်တိုဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသည့်အသင်းများနှင့် နေရာအလိုက် အကောင်းဆုံး အားကစားသမားဆု ရရှိသူများအား ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ(ဌာနမှူး)များက တံခွန်စိုက်ဆုဖလား၊ နေရာအလိုက် အကောင်းဆုံးဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များ၊ ဆုကြေးငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❍ MNL မှ**

ပထမပိုင်းတွင် အရေးနိမ့်နေပြီး မိနစ် ၆၀ ကျော်မှ ဂိုးပြန်ရခဲ့သည်။ ၆၃ မိနစ်တွင် ဝေလင်းအောင်က အား/ကာသိပ္ပံအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့ပြီး ၆၉ မိနစ်တွင် ဇာနည်က ဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့သည်။ အား/ကာသိပ္ပံအသင်း၏ ဦးဆောင်မှုမှာ သုံးမိနစ်သာကြာခဲ့ပြီး ၇၂ မိနစ်တွင် အိုဘိုဒီက မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် နှစ်ဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၄ ပွဲကစားရမှတ် ၂၁ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၆ ပွဲကစားရမှတ် ၁၀ မှတ် ရရှိထားသည်။ ပွဲစဉ် (၁၆) လက်ကျန်ပွဲများအဖြစ် အောက်တိုဘာ ၁၉ ရက်တွင် မြဝတီအသင်းနှင့် ရတနာပုံအသင်း၊ အောက်တိုဘာ ၂၀ ရက်တွင် GFA အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

**ဓာတ်ပုံ - MNL**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**အလုံခရိုင်တရားရုံးတော်**
**၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈၉ နှင့်ဆက်နွယ်သည့်**
**၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၁၆**

ဒေါ်မြမြဝင်း နှင့် ဦးအောင်မျိုးထိုက်
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၅)ရပ်ကွက်၊ ပန်းခြံ(၃၅)၊ အမှတ်-၃၅၃ နေ တရားရှုံး ဦးအောင်မျိုးထိုက်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈၉ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့်အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခု ရှိလျှင် ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ်အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်၊ (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သဇင်ဝေထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**အလုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆/အနောက်)ရပ်ကွက်၊ ဝေဇယန္တာ(၁၈)လမ်း၊ အမှတ်(၇၄၂)၊ (၂)ခန်းတွဲ RC(၆)ထပ် အဆောက်အဦ၏ (တတိယထပ်)၊ (၄-လွှာ)၊ တိုက်ကို မျက်နှာမူလျှင် (ညာဘက်အခန်း)၊ ဧရိယာ(၁၀၂၆) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်း တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်မေသူဝင်းလွင် [၁၂/ဥကမ(နိုင်)၁၉၄၂၈၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဝင်းကိုကိုနိုင်[၁၂/သလန(နိုင်)၀၉၀၃၆၂]၊ ဒေါ်ခိုင်သဇင်[၁၂/သလန(နိုင်)၀၉၈၂၄၀]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းကိုကိုနိုင်၊ ဒေါ်ခိုင်သဇင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင် (LL.B), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**Ph: 09- 421157856, 09- 798458627**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(၁)လမ်း၊ အမှတ်(၂၈)တွင် နေထိုင်သော ဒေါ်ခင်ခင်နိုင် [၁၂/ကတန(နိုင်)၀၀၅၁၇၄]သည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်-

Royal
Digital Weighing Scale

**မှတ်ပုံတင်စာချုပ်အမှတ်-၇၉၇၀/၂၀၂၂ (နေ့စွဲ -၄-၁၀-၂၀၂၂)**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် ကုန်သွယ်မှုအမှတ်အသားဖြင့် "ဒစ်ဂျစ်တယ်ကတ္တားအမျိုးမျိုး"ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိရာ ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အသုံးပြုလျက်ရှိသော အဆိုပါကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို မိမိမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မှိုင်မြမ်းတုပသုံးစွဲခြင်း၊ အမည် စာသားပုံစံတူထုတ်လုပ်ရောင်းချခြင်း၊ တရားမဝင်သောနည်းလမ်းများဖြင့် တင်သွင်းဖြန့်ဖြူးရောင်းချခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ ထိုသို့ဆောင်ရွက်နေသည်ကို တွေ့မြင်ကြားသိရပါက အကျိုးစီးပွားထိခိုက်နစ်နာမှုများအတွက် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရတနာငွေခိုင် (LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၀၅၁၉)**
**ဒေါ်ဇင်ငြိမ်းထိုက်(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၀၂၁၇)**
**အမှတ်(၁၇၁-က)/ (၂)လွှာ၊ (၃)ရပ်ကွက်၊ (၄)လမ်းထောင့်၊ ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်။**
**CHOE GO LAW & ACCOUNTING FIRM Ph: 09- 403671020**

## မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပြင်ဦးလွင်မြို့ ကန့်ကွက်လွှာခေါ်ယူခြင်း

၁။ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ သီရိပဒေသာယာဉ်ရပ်နားစခန်း၊ (၂)ထပ်လူနေတိုက်ခန်းအမှတ် A-10(ဂ)အား ပိုင်ရှင်ဖြစ်သူ ဒေါ်စန္ဒာစိုး[၁၁/သတန(နိုင်)၀၀၀၄၃၄]ထံမှ ဒေါ်ခင်ခင်နိုင် [၁/မကန(နိုင်)၁၂၈၉၈၃]ဝယ်ယူခဲ့ပြီး ဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်မှု အာမခံစာအုပ်၌ အမည်ပြောင်းလဲ လျှောက်ထားတင်ပြလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ စာဖြင့် ရေးသား၍ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | အမည် | (၂)ထပ်လူနေတိုက်ခန်းအမှတ် |
|---|---|---|
| - | ဒေါ်ခင်ခင်နိုင် [၁/မကန(နိုင်)၁၂၈၉၈၃] | A-10(ဂ) |

၂။ သတ်မှတ်ရက်ထက် ကျော်လွန်လက်ခံရရှိသော ကန့်ကွက်လွှာများနှင့် ပြည့်စုံတိကျမှုမရှိသော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်ပါက ပိုင်ဆိုင်မှုအာမခံစာအုပ်၌ အမည်ပြောင်းလဲနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကြော်ငြာစာအမှတ် ( ၂ / ၂၀၂၂ ) လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် လက်အောက်ရှိ တရားရုံးအသီးသီးတွင် လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ ရရှိသော တရားရေးဝန်ထမ်းအဆင့်(၄) (ဒုတိယမြို့နယ် တရားသူကြီးအဆင့်) ရာထူးနေရာ ၈၀ (ကျား ၄၀ + မ ၄၀) လစ်လပ်လျက်ရှိပါသဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အဆိုပါရာထူးနေရာကို လျှောက်ထားလိုသူများအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ လျှောက်ထားသူသည် -
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
( ခ ) အနိမ့်ဆုံးဥပဒေဘွဲ့ (အယ်လ်အယ်လ်ဘီဘွဲ့) ရရှိပြီးသူဖြစ်ရမည်။
( ဂ ) ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဃ) ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
( င ) ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက်(၂၈)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ မဟာဥပဒေဘွဲ့ ရရှိသူဖြစ်ပါက အသက် (၃၀)နှစ်ထက် မကြီးသူ ဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက် (၃၀) နှစ်ထက် မကြီးသူဖြစ်ရမည်။
( စ ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်(၄)ခုကို ဖြေဆိုရမည်-
(က) မြန်မာစာ
(ခ) အင်္ဂလိပ်စာ
(ဂ) အထွေထွေဗဟုသုတ
(ဃ) ဥပဒေဘာသာရပ်
(၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ အထူးနှင့် အထွေထွေဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ)

၄။ စာမေးပွဲဝင်ကြေး ၁၀၀၀ ကျပ် (ကျပ်တစ်ထောင်တိတိ)ကို မြို့နယ်များမှ လျှောက်ထားသူများသည် မိမိတို့မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ် (ရုံးခွဲ) များတွင် ဘဏ်ငွေလွှဲလက်မှတ်ပြုလုပ်၍ လက်ထောက်အထွေထွေမန်နေဂျာ၊ နေပြည်တော်ဘဏ် (အမ်ဒီ-၀၁၀၂၅၉) သို့ပေးသွင်းရပါမည်။ သို့မဟုတ် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် (အမ်ဒီ-၀၁၀၂၅၉) သို့လည်း ပေးသွင်းနိုင်ပါသည်။

၅။ လျှောက်လွှာတွင်လိပ်စာအပြည့်အစုံ(စာတိုက်အမည်ပါ)ဖော်ပြ၍ လျှောက်လွှာနှင့်အတူ -
(က) ဝင်ကြေးငွေပေးသွင်းသည့် ငွေသွင်းပြေစာလက်ခံမူရင်း (သို့မဟုတ်) ချလန်မူရင်း
( ခ ) ပညာအရည်အချင်းလက်မှတ်မိတ္တူမှန်၊ (စစ်ဆေးသည့်အခါမူရင်း တင်ပြနိုင်ရမည်)
( ဂ ) အမှတ်စာရင်းမိတ္တူမှန်၊
(ဃ) အသက်အတွက် တက္ကသိုလ်ဝင်လက်မှတ်မိတ္တူမှန် (သို့မဟုတ်) အခြေခံပညာ အထက်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူမှန် (စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်)
( င ) လူမှုရေးဆောင်ရွက်ချက်အကျဉ်းချုပ်နှင့် ဓာတ်ပုံ(၁)ပုံ၊
( စ ) ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိ တစ်ဦးထံမှ (၁၈-၁၀-၂၀၂၂)ရက်နေ့ နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း
(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူမှန်တို့ ပူးတွဲပါရှိရမည်။

၆။ လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ လျှောက်လွှာပုံစံများကို တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၌ စာမေးပွဲ ဝင်ကြေးငွေ ပေးသွင်းပြီးဖြစ်ကြောင်း ဘဏ်ငွေလွှဲလက်မှတ် (သို့မဟုတ်) ချလန်ကိုပြသ၍ လျှောက်လွှာတစ်စောင်လျှင် ၁၀၀၀ ကျပ် နှုန်းဖြင့် ဝန်ထမ်းဖြစ်ပါက (၂)စောင်နှင့် ဝန်ထမ်းမဟုတ်သူများ (၁)စောင် ဝယ်ယူ ဖြည့်သွင်းလျှောက်ထားရပါမည်။

၇။ (က) ဝန်ထမ်းများသည်လျှောက်လွှာ(၁)စောင်ကို မိမိတို့ဝယ်ယူသည့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့အရောက် နောက်ဆုံးထား၍ တင်သွင်းရမည်။ ကျန်လျှောက်လွှာ (၁)စောင်ကို မိမိတို့တာဝန်ထမ်းဆောင်သည့် ဌာနဆိုင်ရာအကြီးအကဲမှတစ်ဆင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ကြိုတင်ပေးပို့ရန် ဖြစ်သည်။
( ခ ) ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို မိမိတို့ဝယ်ယူသည့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့အရောက် နောက်ဆုံးထား၍ တင်သွင်းရမည်။

၈။ ရေးဖြေစာမေးပွဲကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ၂၆-၁၁-၂၀၂၂ နှင့် ၂၇-၁၁-၂၀၂၂ ရက်နေ့တို့တွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်လက်မှတ်များကို ၂၄-၁၁-၂၀၂၂ နှင့် ၂၅-၁၁-၂၀၂၂ ရက်နေ့တို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းပြသ၍ အောက်ပါအတိုင်း လာရောက်ထုတ်ယူရမည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဖြေဆိုခွင့်လက်မှတ်များကို ထုတ်ပေးမည်မဟုတ်ပါ။

**စာမေးပွဲဖြေဆိုခွင့်ကတ်ပြားထုတ်ယူမည့်နေရာ**

| | |
|---|---|
| ကချင်၊ ကယား၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရှမ်း | တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် မန္တလေးမြို့ |
| ကရင်၊ တနင်္သာရီ၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ဧရာဝတီ | တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ရန်ကုန်မြို့ |

၉။ လျှောက်လွှာနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်း မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
၁၀။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုမည်ဖြစ်ပြီး ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသည့် ဆေးအဆင့်နှင့် ပြည့်စုံကြောင်း ဆေးလက်မှတ် တင်ပြနိုင်ရမည်။
၁၁။ ရွေးချယ်ခြင်းခံရပါက အနည်းဆုံး (၇) နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
၁၂။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်သော်လည်းကောင်း၊ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင်သော်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

## မုခ်ဦး၊ ခြံစည်းရိုးနှင့် ကားပါကင်လှူဒါန်းမှု အစုစုအတွက် ပင့်ဖိတ်ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၄)ရပ်ကွက်၊ အနော်ရထာလမ်းရှိ ဆယ်တော်မူကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်တော်မူသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇဓမ္မာစရိယ ရွှေလင်းယုန်ဆရာတော်ကြီးအား အမှူးထား၍ အလှူ့ဒါယကာ ဗိုလ်မှူးကြီး တင့်ဝေ(အငြိမ်းစား)၊ ဒါယိကာမ ဒေါက်တာနွယ်နီဝင်း မိသားစုမှ ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းမုခ်ဦး၊ ကျောင်းခြံစည်းရိုး၊ ကားပါကင်နှင့် ဘုရားမီး စသောအထွေထွေပြုပြင်မှုများ လှူဒါန်းပြီးစီးခဲ့မှုအား ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ ရပ်ဝေး၊ ရပ်နီးမှ တပည့်သံဃာရဟန်းတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ အလှူ့ရှင်၊ အလှူ့အမများအား ရိုသေလေးမြတ်စွာ လျှောက်ထားဖိတ်ကြားအပ်ပါသည်။ လှူဒါန်းမှုအစုစု အတွက် ဖွင့်ပွဲပြုလုပ်ခြင်း၊ ရေစက်သွန်းချ၍ တရားတော်များ ချီးမြှင့်ဟောကြားတော်မူမည် ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ချီးမြှင့်တော်မူပါရန် ရိုသေလေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်-

| | |
|---|---|
| ကျင်းပမည့်နေရာ ။ | ။ ဆယ်တော်မူဘုရားကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၄)ရပ်ကွက်၊ အနော်ရထာလမ်း၊ ရန်ကုန်တိုင်းဒေသကြီး |
| ကျင်းပမည့်အချိန် ။ | ။ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ( ၇ )ရက် |
| တရားဟောကြားမည့်အချိန် ။ | ။ ၀၉:၃၀ နာရီ |
| ကျွေးမွေးမှု ။ | ။ နေ့လယ်စာ ဒံပေါက်ထမင်းဟင်းလျာများဖြင့် တည်ခင်းဧည့်ခံပါမည်။ |

**နှစ်ဖက်သော ဘိုးဘွား၊ မိဘများအား အမှူးပြု၍ ရိုသေလေးမြတ်စွာဖြင့်**
**ဗိုလ်မှူးကြီးတင့်ဝေ(အငြိမ်းစား) - ဒေါက်တာဒေါ်နွယ်နီဝင်း မိသားစု**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ်-၉၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ ဇာနည် (၁၃)လမ်း၊ မြေကွက်အမှတ်-၆၂၃/ခ၊ အမည်ပေါက်ဦးလုထွေး နှစ် (၆၀) ဂရန်မြေကွက်၊ အလျား (၂၀) ပေ အနံ (၆၀)ပေရှိ မြေကွက်နှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၂ထပ်) တိုက်ခံအဆောက်အဦတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးသက်နိုင်ဦး [၁၂/မရက(နိုင်)၁၁၂၁၆၃]မှ ဥပဒေအရ တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများ ဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုအောင်(LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်- ၃၅၅၀၉/၁၆-၁၂-၂၀၁၀)**
**တိုက်(၂၁)၊ ပထမထပ်၊ ဇေယျမင်္ဂလာ(၁)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ရန်ကုန်မြို့။ Ph: 09-250805524**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁၀-၂၀၂၂ ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၆)ပါ စစ်တွေဟိုတယ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း အပိုဒ်(၂)၊ အပိုဒ်ခွဲ(င)တွင် တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန်တွင် ၂၁-၁၀-၂၀၂၂ရက် (တနင်္လာနေ့)အစား (သောကြာနေ့) ဖြစ်ပါကြောင်း ပြင်ဆင်ဖတ်ရှုပေးပါရန်။

## အများသိစေရန်သတိပေးတားမြစ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ကေတုမာလာရိပ်သာ၊ တိုက်အမှတ်(၄၀)၊ မြေညီထပ်နေ ဒေါ်ယုလေးနွယ်[၁၂/မဂတ(နိုင်)၀၄၇၀၃၉]၏ လွှဲအပ်ညွှန်ကြားချက်အရ-

ကျွန်ုပ်၏မိတ်ဆွေဒေါ်ယုလေးနွယ်သည်(၁၆-၅-၂၀၁၁)ရက်တွင် ဦးငွေဝင်း[၁၃/ကလန(နိုင်)၀၁၂၂၇၆]ထံမှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊တောင်ကြီးခရိုင်၊ ကလောမြို့၊ ဝတ်ဖြူရေးကျေးရွာအုပ်စု၊ ရေယားရွာအရှေ့တောင်၊ ဦးပိုင်အမှတ်(၃)ရှိ ဧရိယာ (၂.၆၂) ဧက ကိုဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေမှ (၂-၇-၂၀၁၅)ရက်တွင် လယ်မြေပိုင်ဆိုင် ခွင့်ပြုလက်မှတ်ပုံစံ(၇) အမည်ပေါက်ရရှိခဲ့ပါသည်။ အဆိုပါ လယ်မြေပုံစံ(၇) (မူရင်း)မှာ မရမ်းကုန်းမြို့နယ်တွင် ပျောက်ဆုံးသွားပါသည်။ ကလောမြို့နယ်ရှိ မြေယာဌာနဆိုင်ရာအားလုံးတွင် ယင်းမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လွှာများတင်သွင်း ထားပြီးဖြစ်ပါသည်။

အဆိုပါပုံစံ(၇)မူရင်းအား ရရှိထားသူမှ မရိုးမဖြောင့်သောသဘောဖြင့် အမည်ပြောင်းလျှောက်ထားခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်းတို့ကိုပြုလုပ်ခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြေကွက်အတွင်း အမည်မသိသူများကျူးကျော်ဝင်ရောက်ကာ အဆောက်အဦများ ဆောက်လုပ်နေသည်ကို ကျွန်ုပ်မိတ်ဆွေသိရှိရပါသည်။ ထိုကျူးကျော်ဝင်ရောက်နေသူများသည် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း (အမြန်) အပြီးဖယ်ရှားပေးရန် အသိပေးကြေညာအပ်ပါသည်။

အကယ်၍ လိုက်နာခြင်းမရှိပါက မလွှဲမသွေ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ထွန်း (LL.B ,D.B.L, D.I.L)**
**WIPO-General Course On Intellectual Property (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၄၆၀၇)**
**အမှတ်(၄၇/၅၅)၊ နဂါးရုံဘုရားလမ်း ၊(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၁၄၈၁၉၀ ၊ ၀၉-၆၉၅၁၄၈၁၉၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ အိမ်ကြီးလမ်း၊ အမှတ်(၂၅)၊ (၆)လွှာရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် လက်ရှိနေထိုင်သူ ဦးသန်းတင်[၁၂/သကတ(နိုင်) ၀၉၆၅၅၈] ပိုင်ဆိုင်သောတိုက်ခန်းဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်းမရှိပါ။ အဆိုပါတိုက်ခန်းနှင့် စပ်လျဉ်း၍ ရောင်းချရန်အတွက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲအပ်ထားခြင်းမရှိကြောင်းနှင့် ဦးသန်းတင်မသိရှိဘဲ အရောင်းအဝယ်ပြုလုပ်ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်.

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းလှိုင် (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၇)**
**ဒေါ်စန္ဒာလှိုင်(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၃၀၇၄)**
**အမှတ်(၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၇၃၆၁၉၊ ၀၉-၇၇၆၃၈၈၇၉၉**

## အများသိစေရန် ကြေညာချက်

သဃ်္ဃန်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ ဘဝမြင့်ရပ်ကွက်၊ မိုးမခလမ်းသွယ်(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/ဘဝမြင့်(မလိခအိမ်ရာ)၊ မြေကွက်အမှတ်-(၈၄/၁)တွင် (၃)ထပ်တိုက် (Slab Roof) (မိသားစုနေအိမ်) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ (၃)နှစ်ပါမစ်မြေအမျိုးအစားမြေအမည်ပေါက် မဟာရွှေတောင်ကုမ္ပဏီလီမိတက်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၂၈၆၁၅၈၂၂)ထံမှ အရပ်ကတိအရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူ၍ ဦးတင်ဟန်(၁၂/ဥကတ(နိုင်)၀၂၅၄၂၈)မှ Online တွင်အမှုတွဲအမှတ် BP1-4161 ဖြင့် တင်ပြလျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ပူးတွဲတင်ပြထားသော မြေပိုင်ဆိုင်မှု(၃)နှစ်သက်တမ်း ပါမစ်မြေအမျိုးအစား အထောက်အထားပါ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်မှာ သက်တမ်းကျော်လွန်နေသဖြင့် အဆောက်အဦ ဆောက်လုပ်ခွင့်တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကမ္ဘာ့
အပူချိန်
လျှော့ချဖို့
အိုဇုန်း
လွှာ
ကာကွယ်
မှုနဲ့
အတူ
ဆက်လက်
ဆောင်
ရွက်စို့

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁၂/၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်)

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူမည် ဖြစ်ပါသည်-

(က) **စက်နှင့်စက်အရန်ပစ္စည်းများဝယ်ယူခြင်း**
Gas Chromatograph, Sodium Meter, Spares for Synthesis Gas Compressor (K-1801 A/B) Motor, Urea Hydrolyzer Feed Pump, Absorber Return Pump, Stripper Feed Pump, Spares for Synthesis Gas Compressor, CFR Engine Top Overhaul, Lab Apparatus, Instrument Spare, Floc Aid Dosing Pump with Motor & Flocculant Dosing Pump with Motor , Woven Polypropylene Bags(WPP Bags)

(ခ) **ဓာတုဗေဒပစ္စည်း**
Methyl Diethanolamine (MDEA), Trichloroisocyanuric Acid(TCCA), Hydrochloric Acid, Hydrazine Hydrate

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၁၈.၁၀.၂၀၂၂
၃။ တင်ဒါပိတ်မည့်ရက်/အချိန် - ၃၁.၁၀.၂၀၂၂ (၁၂:၀၀နာရီ)
၄။ တင်ဒါပိတ်မည့်နေရာ - စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊
ရုံးအမှတ်(၄၄)၊နေပြည်တော်။

၅။ အိတ်ဖွင့်တင်ဒါကို ၁၈-၁၀-၂၀၂၂ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄) ဘဏ္ဍာရေးဌာန(နေပြည်တော်)နှင့် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)၊ သန်လျင်မြို့တွင်(၁၀:၀၀)နာရီမှ (၁၆:၀၀) နာရီအတွင်း လာရောက်ဝယ်ယူနိုင်ပါသည်-

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၃၄၁၁၁၂၃၊ ၀၆၇-၃၄၁၁၁၉၃**

## စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ ဆီဆုံလမ်း၊ အမှတ်(၁၅)ရှိ (၂)ခန်းတွဲ(၆)ထပ်တိုက်၏ (၄)လွှာ၊ (ခေါင်းရင်းခန်း)၊ (၁၄ပေ x၆၅ပေ)ခန့်ရှိ ရေ၊ မီး အစုံပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် အဆက်စပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်ခိုင်ရူပါတင် [၇/ပခန(နိုင်)၁၁၅၈၆၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**Japan - ဘုန်းမြင့် (ငါးသိုင်းချောင်း)(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph:-09-767772099, 09-777797911, 09-789877799, 09-799933939**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ လူနေရပ်ကွက်အမှတ်(၆/၉)၊ ဇော်ဂျီလမ်း၊ မြေကွက်အမှတ်(၁၈၄-က)ဟုခေါ်တွင်သော ပေ(အလျား၂၀x အနံ၆၀)၊ ဧရိယာ(၁၂၀၀)စတုရန်းပေ(၀.၀၂၇)ကေ အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏ နှစ်(၆၀)ဂရန်အမည်ပေါက် ဦးထွန်းအောင်(AA-၃၀၁၁၃၁)ထံမှ တစ်ဆင့်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီးလက်ရှိထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အပိုင်ရောင်းချသူ ဒေါ်ခင်သီတာ[၁၂/ရပသ(နိုင်)၀၀၃၃၉၆)]မှ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဈာန်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၄၈၂)**
**ဖုန်း-၀၉-၄၄၄၄၂၁၅၄၄**
**အမှတ်(၁၆၉/က)၊ မကွေး(၅)လမ်း၊ (၆/၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ဥတ္တရသီရိ အလယ်ရပ်၊ မြေဧရိယာ (၀.၂၂၉)ဧက၊ မြေကွက်အမှတ် (ဌ-၅၆၄၅)၊ ဗိုလ်မှူးကြီးစိုးညွန့် အဖအမည် ဦးကျော်ညွန့် [၉/သစန(နိုင်)၁၂၄၆၈၉] အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်မေပန်းချီစိုးညွန့် အဖအမည် ဦးစိုးညွန့် [၁၂/ရကန(နိုင်)၀၈၉၁၂၈] မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၁/ပုဗ္ဗသီရိ မြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀.၁၁၀)ဧကရှိမြေကွက်အမှတ်(ပ-၃၃၀၃၆)၏ မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးစိုးသိန်း [၉/ပမန(နိုင်)၀၆၄၂၅၅]၊ အဖအမည် ဦးမြင့်မှ မြေချပါမစ် (စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်း ထောက်ခံချက်မူရင်းများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

**သွေးသည် အသက်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁G)၊ မြေကွက်အမှတ်(V၈၇)၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်-၁၇၊ (၁၀၈)လမ်း၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်အေးအေးမြင့် (စီအိုင်-၀၄၄၆၃၀)၊[၁၂/မဂတ(နိုင်)၀၃၃၉၆၈] အမည်ပေါက် နှစ်(၆၀)ဂရန်(သက်ကုန်)မြေအား အမည်ပေါက် ဒေါ်အေးအေးမြင့်(မိခင်)၊ ဦးရဲမြင့်(ဖခင်)နှင့် ၎င်းတို့၏သား(၂)ဦးဖြစ်သော ဦးအောင်ကျော်မိုးနှင့် ဦးသိန်းဝင်းတို့အနက် သားတစ်ဦးဖြစ်သူ ဦးသိန်းဝင်းတို့ အသီးသီးကွယ်လွန်သဖြင့် ဦးသိန်းဝင်း၏အစုအတွက် ဇနီးဖြစ်သူ ဒေါ်ခင်မာမာအောင်[၉/မရမ(နိုင်)၀၃၇၅၂၀] ထံမှ GP အမှတ်-၉၉၁၈/၂၀၂၂ (၁၅-၆-၂၀၂၂)ဖြင့်ရသူ ဒေါ်မီမီမိုး(၁၂/မဂတ(နိုင်)၀၉၁၉၀၇)နှင့် ကျန်သားတစ်ဦးဖြစ်သူ ဦးအောင်ကျော်မိုး[၁၄/ပသရ(နိုင်)၀၀၅၂၉၉] တို့မှပူးတွဲ၍ သား/ချွေးမတော်စပ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ပါဝါရပ်သိမ်းထားခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ကျောင်းလမ်း(၂)လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်-၅၊ မြေကွက်အမှတ်(၃၃)ပေါ်ရှိ (၂-ခန်းတွဲ)၊ (၅-ထပ်)တိုက်၏ အခန်းအမှတ် (A-4)၊ (တတိယထပ်)၊ (၄-လွှာ)၊ ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း (၁၂၃ပေx၅၀ပေ)ရှိ တိုက်ခန်း နှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် ပစ္စည်းများနှင့် ရေမီးမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်စန်းစန်းမော် [၁၂/လသယ(နိုင်)၀၃၆၀၇၃]မှ အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးရန်လင်းနောင် [၆/မမန(နိုင်) ၁၆၈၁၅၄]မှ အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း နောက်ဆုံးထားပြီး တိကျခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့် နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခိုင်မြင့်ကျော် (LL.B, D.B.L)** | **ဒေါ်သန်းသန်းစိုး (LL.B)** |
| **(စဉ်-၁၅၄၀၀)** | **(စဉ်-၁၃၈၅၁)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၈)၊ သင်္ဂဟာလမ်း၊ (ဃ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀၆၃၉၃၂၄ ၊ ၀၉-၂၅၀၂၈၀၈၀၉**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၂-၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ်အတွက်မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန် လိုအပ်သော (၂၀၂၂ခုနှစ်၊ နိုဝင်ဘာလအတွက်) ဒီဇယ်ဆီ (High Speed Diesel)၊ ပရီမီယံ ဒီဇယ်ဆီ (Premium High Speed Diesel) နှင့် ဓာတ်ဆီ (Octane-92) တို့ကို **မြန်မာကျပ်ငွေ**ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား **၁၀-၁၁-၂၀၂၂ရက်၊ (၁၃:၀၀)**နာရီ နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် (၂၁-၁၀-၂၀၂၂)ရက်မှစ၍ (၈-၁၁-၂၀၂၂)ရက်ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၁- ၈၆၁၀၂၃၀နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၅

၁။ ဦးလွင်မောင်စိုး နှင့် ဒေါ်တင်တင်
၂။ ဒေါ်ဇာနည်ဝင်း
(တရားနိုင်(၁) (၂) တို့၏ အခွင့်ရကိုယ်စားလှယ်
ဒေါ်မြတ်ခိုင်ဇာအေး)
**(တရားနိုင်များ)** **(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ(၁)လမ်း၊ အမှတ်(၄၆)နေ ဒေါ်တင်တင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆/၂၀၂၂တွင် ရရှိခဲ့သည့်အနိုင်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်များက လျှောက်ထားသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန်၊ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ (၂၇)ရက်၊ ၁၃၈၄ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၄)ရက်နေ့၊ မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ်၊ အောက်တိုဘာလ (၁၇)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ကျော်ကျော်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၄)၊ မြေကွက်အမှတ် (၁၀၉၅) ၊ ဗိုလ်ကြီးမောင်ဌေး အမည်ပေါက်၊ ပါမစ်မြေ အမျိုးအစား၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)အနက်မှ ထက်ဝက်တိတိဖြစ်သော အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ခေါင်းရင်းဘက်အခြမ်း မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (၁၆-၆-၂၀၁၈)နေ့စွဲပါအရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြု ကမ်းလှမ်းသူ ဦးထင်လင်းကျော် [၁၂/မဂဒ(နိုင်) ၁၃၃၉၂၆] ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက် အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်ယု (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၃၃၁၈/၂၀၁၇)**
**အမှတ်-၁၀၄၊ ပထမထပ်၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉၄၂၀၀၃၉၀၂၈**

## မိုဟာမ္မဒ်အလီ(ဘ) ဦးကရင်မ်နှင့် အများသိစေရန် ကြေညာခြင်း

မိုဟာမ္မဒ်အလီ(ဘ) ဦးကရင်မ်နှင့် သျှိုင်ယီဗဟ်(ခ) မအေးအေးမော်တို့သည် (၁-၇-၂၀၁၈)ရက်တွင် နှစ်ဖက်မိဘများ၏ သဘောတူညီမှုကြောင့် ကျိုက္ကရော မွစ်လင်မ်စု မင်္ဂလာဌာနတွင် နိကာဟ်ဖတ်ထိမ်းမြားမင်္ဂလာစာချုပ်ပြုလုပ်ခဲ့ကြပါသည်။ နိကာဟ်ဖတ်ပြီး (၁)လအကြာတွင် မည်သည့်အကြောင်းပြချက်မှမရှိဘဲ ခင်ပွန်းဖြစ်သူ မိုဟာမ္မဒ်အလီသည် နေအိမ်မှ ထွက်ခွာသွားရာ ယနေ့သတင်းစာကြေညာသည့်အချိန်အထိ အဆက်အသွယ်မရှိတော့သည့်အတွက် ဇနီးဖြစ်သူ သျှိုင်ယီဗဟ်(ခ) မအေးအေးမော်မှ ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ပါကြောင်း တစ်ဖက်သတ်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **သျှိုင်ယီဗဟ်(ခ) မအေးအေးမော်** | **ဒေါ်သွဲ့သွဲ့လေး (LL.B)** |

**အထက်တန်းရှေ့နေ(စဉ်-၁၂၈၇၅/ ၉-၄-၁၉၈၆)**
**၁၇/၂၁၊ ၃၅ လမ်း(အောက်) ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉- ၂၆၆၅၀၁၅၄၁၊ ၀၉- ၃၁၁၅၃၃၄၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ ၇-လမ်း၊ အမှတ် (၇၆)၊ ဟောင်ကောင်၊ ပထမထပ် (၃ + ၄)လွှာ၊ ခေါင်းရင်းဘက်အခန်း (ညာဘက်) တိုက်ခန်းအား ဒေါ်တင်တင်အေး [၁၂/လမတ(နိုင်)၀၁၈၅၆၁]နှင့် အတူနေခင်ပွန်း ဦးမြင့်ဆွေ [၁၂/လမတ(နိုင်)၀၁၈၅၅၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနေလင်းအောင် [၇/ပတတ(နိုင်)၀၈၇၀၉၄]နှင့် ဦးသက်ပိုင်စိုး [၁၀/မလမ(နိုင်)၂၀၅၂၅၇] တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် တိုက်ခန်းတန်ဖိုးငွေတစ်ဝက်ကျော်ကို ပေးချေထားပြီးဖြစ်၍ ယင်းတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်ရန် အကြောင်း တစ်စုံတစ်ရာရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့်စာရွက်အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြင့်မြင့်လင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၃၅၆၇)**
**အခန်း (D-1)၊ အမှတ်-၅၀၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉ ၉၅၃၀၂၉၅၅၄**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စစ်ကိုင်းလမ်း၊ ၉-ရပ်ကွက်၊ မြေတိုင်းအမှတ်-သကမ-၄၊ မြေကွက်အမှတ် (၂၃) ပါမစ်မူရင်း အမည်ပေါက် ဦးစိန်ဝင်း၊ အကျယ်အဝန်းပေ (၄၀x၆၀) ရှိသော အိမ်ခြံမြေကွက်ထဲမှ ဦးကျော်ထင် [၁၂/အလန(နိုင်)၀၀၁၉၅၀]မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသည့် အကျယ်အဝန်း (၂၀x၆၀) ပေရှိ အိမ်ခြံမြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အဆောက်အဦအား ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မသူဇာလင်း [၅/တဆန(နိုင်) ၁၇၄၃၇၁]မှ တရားဝင်ဝယ်ယူပိုင်ဆိုင်နိုင်ရန် အိမ်ခြံမြေတန်ဖိုး၏ တချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာမှတ်စာတမ်းအထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မသူဇာလင်း၏ လွှဲအပ်ချက်အရ-**

**ဦးဝင်းမင်းဗိုလ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၅၉)**
**အမှတ်- (၁၅၈/ခ)၊ ပေ-၂၀လမ်း၊ အတွင်းပဒံကျေးရွာ၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၈၁၁၁၇၁၃၁၊ ၀၉-၆၈၉၆၈၈၈၈၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၁)၊ မြေကွက် အမှတ်(၁၂၃၁)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၂၃၁)၊ ဦးမြူလမ်း၊ (၁၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေကွက်သည် မြို့ပြမြေယာဌာနတွင် ဦးတင်ရွှေ (KLT-113840)အမည်ဖြင့် ချထားပေးသည့်မြေကွက်ဖြစ်ပါသည်။ ယင်းအမည်ပေါက်ထံမှ အရောင်းအဝယ် အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရယူထားကြောင်း အဆိုပြုသူ ဦးသိန်းနိုင် [၉/မနမ(နိုင်)၀၈၁၃၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဝတ်ရည်ထွန်း (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၉၈)**
**ဖုန်း - ၀၉ ၅၃၀၂၃၂၈**
**အမှတ်(၁၂၉၅)၊ မိုးကောင်းလမ်း ၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

## တောင်ဥက္ကလာပမြို့နယ် ဂသာန်လင်းဆောက်လုပ်ရေး သမဝါယမအသင်းလီမိတက်နှင့် အများသိစေရန်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၆လမ်း(အထက်)၊ အမှတ်(၂၃၉ / ၂၄၁)ရှိ ရန်ကုန်အနောက်ပိုင်းခရိုင် GEC သမဝါယမအသင်းလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ ဂသာန်လင်းဆောက်လုပ်ရေး သမဝါယမအသင်းလီမိတက်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

၁။ ဂသာန်လင်းဆောက်လုပ်ရေး သမဝါယမအသင်းလီမိတက်သည် အဆောက်အဦများဆောက်လုပ်ရန်အတွက် ရန်ကုန်အနောက်ပိုင်းခရိုင် GECသမဝါယမအသင်းလီမိတက်ထံမှ ၂၀၁၉ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၁ခုနှစ် မတ်လအတွင်း အကျိုးတူစာချုပ်ချုပ်ဆို၍ ငွေကျပ်သိန်း(၆၂၀)အား လေးကြိမ်ရယူခဲ့ပါသည်။

၂။ ထိုသို့ငွေကျပ်သိန်း(၆၂၀)ရယူခဲ့သည့်အပေါ်တွင် ယုံကြည်မှုရှိစေရန် အတွက် ဂသာန်လင်းဆောက်လုပ်ရေးသမဝါယမအသင်းမှ အနောက်ပိုင်းခရိုင် GECသမဝါယမအသင်းသို့ ၎င်းပိုင်ဆိုင်သည်ဆိုသော အမှတ်(၄၄၂)၊အောင်ချမ်းသာလမ်း၊ (၁၃)ရပ်ကွက်၊ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အသင်းဥက္ကဋ္ဌဦးနေလင်းအောင်အမည်ပေါက်(Jewel Residence Condo) တိုက်ခန်းအမှတ်(၅၀၂)၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများကို အာမခံအဖြစ်ပေးအပ်ကာ ၎င်းရယူငွေအတွက် တစ်လလျှင်အကျိုးငွေကျပ် (၂.၅%)ကို ပေးအပ်ပါမည်ဟု ကတိပြုခဲ့ပါသည်။ ပထမပိုင်းတွင် အကျိုးငွေအချို့ ပေးအပ်ခဲ့သော်လည်း နောက်ပိုင်းတွင် အကျိုးငွေပေးရန် ဂသာန်လင်းဆောက်လုပ်ရေးသမဝါယမအသင်းမှ ပျက်ကွက်လာပါသည်။ ဂသာန်လင်းဆောက်လုပ်ရေးသမဝါယမအသင်းသည် ရန်ကုန်အနောက်ပိုင်းခရိုင်GECသမဝါယမအသင်းအား ၂၀၂၀ခုနှစ်၊ ဒီဇင်ဘာလ အထိ အကျိုးအမြတ်ငွေကျပ် (၁၆၆.၅)သိန်း ပေးအပ်ရန်ပျက်ကွက်ခဲ့ပါသည်။

၃။ ထိုသို့ပျက်ကွက်၍ ဂသာန်လင်းဆောက်လုပ်ရေးသမဝါယမအသင်းအား ရန်ကုန်အနောက်ပိုင်းခရိုင်GEC သ/မ အသင်းမှ ထိုငွေအားတောင်းခံခဲ့ရာ ဂသာန်လင်းဆောက်လုပ်ရေးသမဝါယမအသင်းမှ COVID - 19 ကပ်ရောဂါနှင့် ပတ်သက်၍ လုပ်ငန်းများအဆင်မပြေကြောင်း၊ ၎င်းအခက်အခဲများကိုတင်ပြလာသဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်GEC သမဝါယမအသင်းမှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ(၉)လတိတိရရန်ရှိသောအမြတ်ငွေများအား ရပ်ဆိုင်းပေးခဲ့ပါသည်။ စက်တင်ဘာလနောက်ပိုင်းတွင် ဂသာန်လင်းဆောက်လုပ်ရေးသ/မအသင်းမှ တာဝန်ရှိသူများကို ရန်ကုန်အနောက်ပိုင်းခရိုင်GEC သမဝါယမအသင်း တာဝန်ရှိသူများကခေါ်ယူ၍ အကျိုးတူငွေနှင့်အကျိုးအမြတ်ငွေများအား ပေးဆပ်ရန်အစည်းအဝေးခေါ်ယူညှိနှိုင်းခဲ့ရာ ဂသာန်လင်း ဆောက်လုပ်ရေးသမဝါယမအသင်းမှ ၂၀၂၁ခုနှစ် ဒီဇင်ဘာလ နောက်ဆုံး ထား၍ပေးဆပ်ပါမည်ဟု ဝန်ခံကတိပြုခဲ့ပါသည်။

၄။ အထက်ပါအတိုင်းဝန်ခံကတိပြုခဲ့သော်လည်း ဂသာန်လင်းဆောက်လုပ်ရေး သမဝါယမအသင်းမှ လိုက်နာခြင်းမရှိခဲ့ပါ။ သို့သော်လည်း ရန်ကုန်အနောက်ပိုင်းခရိုင်GEC သမဝါယမအသင်းက ၎င်းအသင်းအဆင်ပြေစေရန်(၁-၁၀-၂၀၂၁ ) မှစ၍အကျိုးငွေကို(၁.၅%)သို့လျှော့ပေါ့ပေးခဲ့ရာ(၃၀-၉-၂၀၂၂)နေ့အထိ ထပ်မံ၍ အကျိုးအမြတ်ငွေကျပ်(၁၁၁.၁၉)သိန်း ရရန်ရှိပါသည်။

၅။ ဂသာန်လင်းဆောက်လုပ်ရေးသမဝါယမအသင်းသည် ရန်ကုန်အနောက်ပိုင်းခရိုင်GECသမဝါယမအသင်း သို့ ယနေ့အထိ ကျပ်(၇)သိန်းသာပေးသွင်းခဲ့သဖြင့် အကျိုးတူငွေကျပ်(၆၁၃)သိန်းနှင့် အကျိုးအမြတ်ငွေကျပ်(၂၇၇.၆၉) သိန်း၊ စုစုပေါင်းကျပ်(၈၉၀.၆၉)သိန်းအား ပေးရန်ရှိသော်လည်းပေးသွင်းခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးပြ၍ ပျက်ကွက်နေပါသဖြင့် အနောက်ပိုင်းခရိုင် GECသမဝါယမအသင်းတွင် များစွာနစ်နာလျက်ရှိနေပါသည်။

၆။ သို့ဖြစ်၍ ဂသာန်လင်းဆောက်လုပ်ရေးသမဝါယမအသင်းသည် ရန်ကုန်အနောက်ပိုင်းခရိုင် GEC သမဝါယမအသင်း သို့ ပေးသွင်းရမည့်ငွေစုစုပေါင်းကျပ် ( ၈၉၀.၆၉ )သိန်းအား ယနေ့ကြေညာပါသည့်နေ့မှစ၍ (၁)လအတွင်း နောက်ဆုံးထား၍ပေးဆပ်ပြီး ဂသာန်လင်းဆောက်လုပ်ရေးသမဝါယမအသင်းမှအာမခံထားခဲ့သော (Jewel Residence Condo) တိုက်ခန်း အမှတ်(၅၀၂) ၊ အဆောက်အဦ၏ စာရွက်စာတမ်းများအားလာရောက်ယူငင်ပါရန်နှင့် ယနေ့ကြေညာပါသည့်အတိုင်း ပြုလုပ်ခြင်းမရှိပါက တည်ဆဲဥပဒေများအရအရေးယူသွားမည်ဖြစ်ကြောင်း ဂသာန်လင်းဆောက်လုပ်ရေးသမဝါယမအသင်း လီမိတက်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ပုလဲမမ (LL.B)** | **ဒေါ်နွယ်နွယ်ဝင်း(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၃၇၇၀/၂၈-၁၀-၂၀၂၀)** | **(စဉ်-၈၇၁၆)(၂၄-၁-၂၀၁၃)** |
| **အမှတ်(၁၀၄/က) ၊ ပန်းဝါလမ်း၊ ၆/ ၁၃ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။** | **အခန်း(၄၀၄)၊ တိုက်(၃၇)၊ အောင်ဇေယျအိမ်ရာ၊ ကမ်းနားအလယ်ရပ်ကွက် ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့** |
| **Ph:09-454451506** | **ဖုန်းနံပါတ်-၀၉-၄၄၃၁၁၄၄၆၉** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေဖို့အတွက် ဆက်လက် အလေးထားဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိခဲ့တာနဲ့အညီ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ တွေ့ဆုံဆွေးနွေးမှုတွေမှာ ဒေသနဲ့တိုင်းပြည်အတွက် ကောင်းမွန်တဲ့ရလဒ်ကောင်းတွေရရှိခဲ့တဲ့အတွက် ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ပါဝင်လာပါက နိုင်ငံရဲ့အနာဂတ်နိုင်ငံရေးဟာ ပြည့်စုံကောင်းမွန်လာမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၁-၈-၂၀၂၂


ယနေ့ ဖတ်စရာ

**သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လျက်ရှိ**
စာမျက်နှာ - ၁၁

**ဂျပန်လေကြောင်းလိုင်းများ၌ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို သုညရာခိုင်နှုန်းအထိ လျှော့ချရေး ဆောင်ရွက်**
စာမျက်နှာ - ၁၃

**ပခုက္ကူမြို့နယ် မြစ်ခြေတိုက်နယ် ညောင်လှကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် သံဃာတော် တစ်ပါး ပျံလွန်တော်မူပြီး နှစ်ပါး ဒဏ်ရာရ**
စာမျက်နှာ - ၁၅

**စိုးရိမ်ကြောင့်ကြမှုကို ဆောင်ရွက်မှုဖြင့် အစားထိုးပါ**
စာမျက်နှာ - ၂၀





## အမ်းမြို့နယ်၌ သယု(ပဲပဒုံ)တံတား တည်ဆောက်မှု ၃၉ ရာခိုင်နှုန်းပြီးစီး

**အမ်း အောက်တိုဘာ ၁၇**

ရခိုင်ပြည်နယ် လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ် အမ်းမြို့နယ် မင်းဘူး-အမ်း-စစ်တွေလမ်းပေါ်၌ သယု(ပဲပဒုံ)တံတားသစ် တည်ဆောက်မှု၃၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

အမ်းမြို့အဝင် သယုချောင်းကိုဖြတ်သန်း၍ ယခင်မူလကြိုးတံတားဟောင်း၏ Down Stream ဘက်ခြမ်း ပေ ၅၀ အကွာတွင် တည်ဆောက်နေသော သယု(ပဲပဒုံ)တံတားသစ်ကို ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ခန့်မှန်း စီမံကိန်းတန်ဖိုး ငွေကျပ်သန်းပေါင်း ၄၀၃၀ အကုန်အကျခံတည်ဆောက်နေခြင်း ဖြစ်သည်။ တည်ဆောက်ရေးလုပ်ငန်းပိုင်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၈)က ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ စတင်၍ တည်ဆောက်ရေးလုပ်ငန်းများ

**စာမျက်နှာ ၂၃ ကော်လံ ၁ သို့** ❂



အား/ကာသိပ္ပံအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MNL ပြိုင်ပွဲတွင် အား/ကာသိပ္ပံနှင့် မဟာယူနိုက်တက် သရေကျ

**ရန်ကုန် အောက်တိုဘာ ၁၇**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၆) တတိယနေ့ကို အောက်တိုဘာ ၁၇ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံနှင့် မဟာယူနိုက်တက်အသင်း နှစ်ဂိုးစီ သရေကျခဲ့သည်။

**သရေတစ်မှတ်ရယူ**

တန်းဆင်းဇုန်မှလွတ်မြောက်ရန် အမှတ်လိုနေသည့် မဟာယူနိုက်တက်အသင်း ရုန်းကန်ခဲ့ပြီး သရေတစ်မှတ် ရယူနိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ယခုပွဲအနိုင်ရလျှင် ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန် မျှော်လင့်ချက်ရှိသော်လည်း သရေပွဲကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

**ဦးဆောင်ဂိုးရ**

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ပွဲအစ လေးမိနစ်တွင် မဟာယူနိုက်တက်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး ထက်ဇော်ထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် အား/ကာသိပ္ပံအသင်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း

**စာမျက်နှာ ၂၂ ကော်လံ ၁ သို့** ○